www.burmeseclassic.com

# သုမောင်

# ပန်းမြိုင်လယ်နယ်စပ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

<u>ဒို့တာဝန်အရေး (၃) ပါး</u>

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

<u>ပြည်သူ့သဘောထား</u>

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

<u>နိုင်ငံရေးဦးတည်ချက် (၄) ရပ်</u>

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

<u>စီးပွားရေးဦးတည်ချက် (၄) ရပ်</u>

- ☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

<u>လူမှုရေးဦးတည်ချက် (၄) ရပ်</u>

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

BURMESE CLASSIC

# သုမောင်

# ဖန်းမြိုင်လွယ်နယ်စပ်

သုခမစာပေတိုက်
အမှတ်(၂၆)၆လွှာ(ညာ)ဇောတိကလမ်း

www.burmeseclassic.com

www.burmeseclassic.com

# သုခုမိစာအုပ်(၃၁)

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၆၇၁၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၅၈၀၅၀၅

ပုံနှိပ်ခြင်း

ပထမအကြိမ်

ဩဂုတ်၊ ၂၀၀၆

အုပ်ရေ (၅၀၀)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် (၁၇၃)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးဝင်းကျော်မိုး (သုခုမစာပေတိုက်)၊ ယာယီ (၇၅၅)

အမှတ် (၇) ၆-လွှာ၊ ဗိုလ်မင်းခေါင်လမ်း၊

ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင်

ကိုမြင့်သူ

မျက်နှာဖုံးပန်းချီ

ကိုနိုင်သူ

ကွန်ပျူတာစာစီ

"မြိတ်" ၁၄၅၊ ၃၃-လမ်း(အထက်)

တန်ဖိုး- ၉၀၀ ကျပ်

# သုမောင်

# ပန်းမြိုင်လယ်နယ်စပ်

www.burmeseclassic.com

www.burmeseclassic.com

# သုမောင်

၅၁ ခုနှစ်၊ မတ်လ (၁၃) ရက်၊ အင်္ဂါနေ့ညနေတွင် ဖခင် စာရေးဆရာ ရုပ်ရှင် တ်တာ (ဦး)သာမုနှင့် မိခင် မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုတို့မှ တုန်မြို့တွင် ဖွားမြင်သည်၊ ၁၉၆၉ ခုနှစ်တွင် ယုဝတီဂျာနယ်၌ စာပြင်ဆရာအဖြစ် ရောက်လုပ်ကိုင်ရင်း မောင်ညိုအောင်အမည်ဖြင့် ကဗျာတိုကလေးများ စတင် သည်၊ ၁၉၇၁ မတ်လမှာပင် 'ဝတ်မှုံ' မဂ္ဂဇင်းကို တစ်ကြိမ်မျှ ကိုယ်ပိုင်ထုတ်ဝေပြီး ယ်ဒီတာ လုပ်သည်၊ ထိုမဂ္ဂဇင်းတွင် အုပ်စိုးအမည်ဖြင့် 'သနပ်ခါးရည်ကကျဲကျဲ" ထူးတိုကို ရေးခဲ့သည်၊

၇၃ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် 'ငယ်အိပ်မက်' အမည်ရှိ ဝတ္ထုကို င်ရေးသားဖော်ပြခံရခြင်းဖြင့် သုမောင်အမည်ကို ရယူခဲ့ပါသည်၊ (၁၉၇၄ ကျခါမှ ခ်စံနမူ' ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင်နယ်သို့ ဝင်ပါသည်၊) ၁၉၉၀ ပြည့်နှစ်အတွက် တောင်းဆုံးမင်းသား အကယ်ဒမီဆုကို 'ႆနှစ်စဉ်အလွမ်း' ဇာတ်ကားဖြင့်ရရှိပါသည်၊ ၇၅ ကျခါမှ 'ပန်းဦးပန်မယ့်သူ' တေးသီချင်းဖြင့် ဂီတနယ်သို့ ဝင်ရောက်ပါသည်၊ ၇၄ တွင် 'အချစ်' အမည်ရှိ လုံးချင်းဝတ္ထုကို ကိုယ်တိုင်ထုတ်ဝေ ရေးသားရင်း ချင်းဝတ္ထုစာရေးဆရာ ဖြစ်ခဲ့ရပါသည်၊ လုံးချင်းဝတ္ထု၊ ဘာသာပြန်ဝတ္ထု၊ ဘဝ တွေ့အကြုံ စာပေပေါင်းချုပ် စာစု ပေါင်း (၄၀) ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်၊ အုပ်စာရင်းနောက်ကျောမျက်နှာတွင် ဖော်ပြထားပါသည်၊) ၁၉၉၈ ခုနှစ်အတွက် သတ်အကြိုက် မန္တလေးစာပေဆုကို ရွှေအမြုတေမဂ္ဂဇင်းပါ 'မျိုးရိုးထဲမှ ဆိုးပေကြီး း' စာတွဲဖြင့် ရရှိပါသည်၊ ၂၀၀၁ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာတို့တွင် မေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တက္ကသိုလ်မှ ကျင်းပသော နိုင်ငံတကာစာပေ လုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကိုယ်စား စာရေးဆရာအဖြစ် စာရေးဆရာမ နှောင်းညိုနှင့်အတူ တက်ရောက်ခဲ့သည်၊

ကလောင်ခွဲများ (၁) မဟူရာ (ကော်လံဖြည့်ကဗျာများ)

(၂) ကိုရင်ဥ ယျ (ဘာသာရေးဆောင်းပါးများ)

(၃) မောင်ဇလ (ကလေးကဗျာများ)

(၄) စိန်ခြယ် (ရုပ်ရှင်ပညာပေးဆောင်းပါးများ)

သာမုရုပ်ရှင်ခြံ၊ လေးဒေါင့်တန်လမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းတွင် ီးသည် ဒေါ်အေးအေးမေ(အေးဘုံ)၊ သမီးကြီး စိုးအိမ်သူ၊ သားလတ် ဖိုးသောကြာ၊ းငယ် ထိန်ထိန်သာ၊ သမီးထွေး ထိပ်ထားတို့နှင့်အတူ ဘဝအတွေ့အကြုံစာပေများ ရေးသားရင်း နေထိုင်ပါသည်၊ ထိုးမြဲလက်မှတ်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏
## ထုတ်ဝေပြီး စာအုပ်စာရင်း

၁။ အချစ် (၁၉၇၄)
၂။ သိပ်ချစ်တယ်မဟုတ်လား (၁၉၇၆)
၃။ ရှင်နေမင်းမှပေးသောစာ (ဘာသာပြန်) (၁၉၇၆)
၄။ ပင်တိုင်စံစိတ်မကောင်းပါဘူးကွယ် (၁၉၇၇)
၅။ အချစ် (ဒုတိယအကြိမ်) (၁၉၇၇)
၆။ အချစ်ပွင့်ကလေးများ (၁၉၇၈)
၇။ အချစ်သစ်ပင် (၁၉၇၈)
၈။ စာမျက်နှာ ၁၆ (၁၉၇၈)
၉။ အချစ် ငါမသိ (၁၉၇၈)
၁၀။ *သာမုအင်ဆန်း(စ်) (၁၉၇၈)
၁၁။ အချစ်-၂ (၁၉၇၉)
၁၂။ အချစ်စက် (၁၉၇၉)
၁၃။ အချစ်၏နောက်ဆုံးနေ့များ (၁၉၇၉)
၁၄။ သူမောင်မှ သူမောင် (၁၉၇၉)
၁၅။ အချစ်နှင့် သူ၏ဟိုကို (၁၉၇၉)
၁၆။ *ခုဆယ်ရာထောင်သောင်းကုဋေ (၁၉၈၀)
၁၇။ *ဟစ်တီတွား (၁၉၈၀)
၁၈။ ချစ်ချစ်ချစ် ၁-၂-၃ (၁၉၈၀)
၁၉။ အကယ်ဒမီ (၁၉၈၀)
၂၀။ *ထို့ကြောင့် အချစ်ဟုခေါ်ပါသည် (၁၉၈၁)
၂၁။ *စပယ်သုံးကုံး (၁၉၈၀)
၂၂။ လ

၈၁(A) မြည်ထပ်၊ ၄၀ လမ်း

၂၃။ *ပန်းခွယ်တော်ရွှက်ကလေး (၁၉၈၅)
၂၄။ ဥ နှင့် အခြားဝတ္ထုတိုများ (၁၉၈၃)
၂၅။ သာခုနှင့်ကျွန်တော်တို့၏ဖခင်များအကြောင်း (၁၉၈၄)
၂၆။ ဝတ္ထုတိုတစ်ပုဒ်ပေးပို့ခြင်း (၁၉၈၅)
၂၇။ မချစ်တတ်တာမဟုတ်ပါ အချစ်ချွင်တာပါ (၁၉၈၅)
၂၈။ အချစ်လား သူဖျားနေတယ် (၁၉၈၆)
၂၉။ ကမ္ဘာကြီးတုန်သွားတယ် (၁၉၈၇)
၃၀။ ငှက်ကလေးတွေက မောင့်ခေါင်းပေါ်မှာ မယ့်ခေါင်းပေါ်မှာ (၁၉၈၈)
၃၁။ အချစ် (တတိယအကြိမ်) (၁၉၉၆)
၃၂။ *မှတ်မှတ်ရရ ရှမဝ-ဝတ္ထုတိုများ (၁၉၉၉)
၃၃။ *ကွမ်းစကား (၁၉၉၉)
၃၄။ ဖေးဘုံက ပြောပါသည် (၁၉၉၉)
၃၅။ ပန်းယွန်းအိမ် (စာရေးဆရာတွဲ) (၂၀၀၀)
၃၆။ နံနက်စာ (၂၀၀၁)
၃၇။ *ကြိုး (စာရေးဆရာတွဲ) (၂၀၀၀)
၃၈။ အရက်သမား အမှားတစ်ခါ (၂၀၀၂)
၃၉။ သက်ကြီးရွယ်အို (စာရေးဆရာတွဲ) (၂၀၀၂)
၄၀။ ၂၀ ရာစု မြန်မာဟာသဝတ္ထုတိုများ (စာရေးဆရာတွဲ) (၂၀၀၃)
၄၁။ ကွမ်းစကား (ဒုတိယအကြိမ်) (၂၀၀၄)
၄၂။ ကွမ်းစကား (၂၀၀၄)
၄၃။ အချစ် (စတုတ္ထအကြိမ်) (၂၀၀၄)
၄၄။ မျိုးရိုးထဲမှ ဆိုးပေကြီးများ (၂၀၀၄၊ ဇန်နဝါရီ)
၄၅။ ဥ နှင့် အခြားဝတ္ထုတိုများ (၂၀၀၄၊ ဩဂုတ်)
၄၆။ စာမျက်နှာ ၁၆ (၂၀၀၄၊ အောက်တိုဘာ)
၄၇။ အချစ်သစ်ပင် (၂၀၀၄၊ နိုဝင်ဘာ)

* ပြထားသော စာအုပ်များသည် အခြားစာရေးဆရာများနှင့် ပူးတွဲထုတ်ဝေထားသော စာအုပ်များ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ပန်းမြိုင်လယ်နယ်စပ်

'ပန်းမြိုင်လယ်' ကို ကနေ့လူငယ်များ မသိဝိုးဝါး ဖြစ်ချင်ဖြစ်ပါမည်။ 'နယ်စပ်' ကိုတော့ အားလုံးသိကြပါသည်။

'ပန်းမြိုင်လယ်' ကို ရိုးရိုးတွေးလျှင် 'ပန်းမျိုးစုံပွင့်သောတော၏အလယ်' ဟူ၍ရပါသည်။ ထို့ကြောင့် 'သာယာတင့်မော အလှတော' ဟု ဆိုရပါမည်။ သည့်အတွက် အပြစ်ကင်းစင်သော ဒေသဟုလည်း ယူရပါမည်။

သို့သော် 'ပန်းမြိုင်လယ်' ဟူသော သီချင်းသည်ကား လူကြီးသူမများ နားရည်ဝပြီးသော 'ယိုးဒယားဖိန်းကြား' သီချင်းကြီး ဖြစ်ပါသည်။ ယနေ့လူငယ်များသိသာအောင် ပြောရလျှင် 'ချစ်ဦးညို' ၏ 'လက်ာဒီပချစ်သူ' ဝတ္ထုဇာတ်လမ်းဖြစ်ပေါ်ရာဒေသ ဖြစ်ပါသည်။ 'ရာမ'၊ 'သီတာဒေဝီ'၊ 'လက္ခဏ' နှင့် 'ဒသဂီရိ' တို့ ပါဝင်ကပြသော ဇာတ်တော်ကြီး၏ အခြေခံနေရာဖြစ်ပါသည်။ မူလ ဇာတ်လမ်းအတိုင်းဆိုရပါမူ ပန်းပေါင်းစုံပေါ်သော အလှတောဖြစ်သလို သားရဲတိရစ္ဆာန်လည်း ပေါပါသည်။ ထို့ထက်ကား ဘီလူးယက္ခတို့ကလည်း ထိုဒေသမှာ အခြေချကြပြန်ပါသည်။

ထိုအခါ ထို . . 'ပန်းမြိုင်လယ်' သည် အလှအပသက်သက်သာ မဟုတ်တော့ဘဲ အရုပ်ဆိုး အကျည်းတန်မှုများလည်း ပါဝင်လာပါတော့သည်။ 'သုခ' နှင့် 'ဒုက္ခ' ယှက်နွယ်နေသောဒေသ ဖြစ်နေပါသည်။

ကျွန်တော်၏ ဤစာအုပ်ခေါင်းစဉ် 'ပန်းမြိုင်လယ်' ကား အလှအပချည်းသက်သက်မဟုတ်သလို အရုပ်ဆိုးအကျည်းတန်မှုများလည်း သိပ်ပြီးမလွန်ကဲပါ။ အဘယ့်ကြောင့်ဆိုသော် . . 'ပန်းမြိုင်လယ်' ဆိုသော ဝေါဟာရတစ်လုံးတည်းကို ကျွန်တော်က မသုံးဘဲ နောက်ကကပ်ပြီး 'နယ်စပ်' ဟူသော ဝေါဟာရကို ထည့်သုံးထားခြင်းကြောင့်ပင်။ ကျွန်တော်၏စာမူများသည် ယဉ်ကျေးမှုတောအစပ် ကိုသာ ယိုးမယ်ဖွဲ့ပါသည်။

သုမောင်

၇. ၁. ၁၉၉၇

## သနပ်ခါးနှင့် ကျွန်တော့်ချစ်သူများ

စနိုးတွေ၊ မိတ်ကပ်တွေ၊ အိတ်ဆောင်ပေါင်ဒါဗူးလေးတွေ ဘယ်လောက်ပဲ ခေတ်စားလာသည်ပြောပြော . . မြန်မာအမျိုးသမီးတွေ လက်မလွှတ်နိုင်သေးသော အသားအရေလိမ်းပစ္စည်းမှာ သနပ်ခါးသာ ဖြစ်ပါသည်။

အိမ်ပြင်ထွက်ရသော တာဟီရကိစ္စများ ရှိလျှင်သော်လည်းကောင်း၊ ပွဲလမ်းသဘင်သွားလျှင်သော်လည်းကောင်း 'မေ' တို့သည် မျက်နှာပြောင်ကြီးဖြင့်တော့ လူတောမတိုးပါ။ အနည်းဆုံး စနိုးကလေးခံ၍ အိတ်ဆောင်ပေါင်ဒါလေးတို့၍ သွားကြသည်သာ။ သနပ်ခါး ပိန်းကြမ်းဖြင့် ပွဲတိုးသူ ရှားပါးသွားသော်လည်း အချို့မှု သနပ်ခါးရေကျဲလေး ပွတ်ပြီး နံ့သာမှုန့်ကလေးတော့ ဖုံ့ဖုံ့တို့ထားကြပါသည်။

---

သုခုမစာပေတိုက်

www.burmeseclassic.com



သနပ်ခါးပိန်းကြမ်း၊ ထူအမ်းအမ်းလိမ်းသော ယဉ်ကျေးမှုကို လူကြားသူကြား တမင်လာဖော်ကျူးနေသော 'မေ' တို့ကား တောနေလုံမ တောက်စိုက်သမများနှင့် မြို့ပေါ်ရှိ အောက်ခြေ အလုပ်သမားများ ဖြစ်ပါသည်။

သည်နေရာတွင် 'လက်လုပ်လက်စားတွေမို့ သနပ်ခါးပဲ သုံးနိုင်ရှာသည်။ မိတ်ကပ်တွေ၊ စနိုးတွေ မသုံးနိုင်ရှာ' ဟူသော လူတန်းစားရေးရာကိစ္စကို ကျွန်တော်မပြောလိုပါ။ ဒါက ခေတ်ကုန်နေပါပြီ။

ကျွန်တော်ပြောလိုသည်မှာ ကျန်းမာရေးနှင့်သာ ဆိုင်ပါသည်။ အသားအရေကျန်းမာရေးကို ဆိုပါသည်။ လူတွေက ကိုယ်တွင်း ကျန်းမာရေးကိုသာ ရောဂါဟု ထင်တတ်ကြသည်။ အသားအရေကျန်းမာရေးနှင့်ပတ်သက်၍(မရှိသေးစကား)အနာကြီးရောဂါမှလွဲလျှင် သိပ်အလေးမထားချင်ကြပါ။ အထူးသဖြင့် ယောကျ်ားသားတွေ ပြောပါတယ်။ မိန်းမသားတွေကမူ အသားအရေကို ဂရုစိုက်ကြပါ၏။ သို့သော် ကျန်းမာရေးရှုထောင့်ကထက် သန့်ရှင်းရေးရှုထောင့်ကိုသာ ပို၍ အလေးပေးကြပါသည်။ ဘာပဲဖြစ်ဖြစ် သည်လောက် အရေးထားပုံရသည်ကိုပင် ကျွန်တော်က သဘောကျပါသည်။ 'အစာလည်းဆေး၊ ဆေးလည်းအစာ' ဆိုသလိုပင် အလှအပအတွက် သုံးခြင်းသည်လည်း ကျန်းမာရေးအတွက် အထောက်အကူပြုပါသည်။

ခေတ်ပေါ်၊ ခေတ်မီ မိတ်ကပ်တွေ ဘယ်လောက်ကောင်းကောင်း ဆိုးကျိုးတစ်ခုပေးတာကတော့ သေချာပါသည်။ ကျွန်တော်က ရုပ်ရှင်မင်းသားဆိုတော့ မိတ်ကပ်အကြောင်း ကောင်းကောင်း





[...]သည်။ မိတ်ကပ်၏သဘောမှာ အသားအရေ လှပလာစေဖို့ [အ]ဓိကမဟုတ်ပါ။ ကြည့်ကောင်းစေဖို့ အဓိကဖြစ်သည်။ မွေးညင်း[...]ပေါက်တွေကို ပိတ်ပစ်ပြီး အပေါ်က ပေါင်ဒါရိုက်သဖြင့် ရုပ်ရှင်[...]က်ရာတွင် နူသွား၊ မှုံသွားစေရန်သာ ရည်ရွယ်ပါသည်။ ရုပ်ရှင်[...]က်ပြီးလျှင် မြန်မြန်ဖျက်ပစ်ရပါသည်။ သဘောမှာ ချွေးပေါက်တွေ[...]န်ဖွင့်ပေးရခြင်း ဖြစ်သည်။

ဒါကြောင့် ရုပ်ရှင်ဇာတ်ကားများများရိုက်ရသော၊ နေ့ည[...]ပ်ရှင်ရိုက်နေရသော စူပါတွေ မြန်မြန်အိုစနာခြင်း ဖြစ်သည်။ [...]ူရို့ခမျာ ချွေးထွက်ခွင့် အချိန်များစွာ နည်းသောကြောင့်ပင်။

အနောက်နိုင်ငံသူတို့ ပင်လယ်ကမ်းခြေမှာ နေပူစာလှုံကြ[...]ာ တွေ့ဖူးကြပါလိမ့်မည်။ သူရို့ခမျာ မိတ်ကပ်သာ လိမ်းဖူးရှာ[...]သည်။ အေးခဲသောဒေသတွင် နေကြရရှာသည်။ ချွေးထွက်ခွင့်[...]ယ်းပါးကြရှာမည်။ ထို့ကြောင့် နေရောင်ရရန် တမင်လာ နေပူစာ[...]ကြရ၏။ ကောင်းပါပြီ။ တစ်ဘက်က ပြန်တွေးကြစို့. . ။ နေပူ[...] များစွာရသော ကျွန်တော်တို့လို နိုင်ငံမျိုးမှာကျတော့ရောတဲ့။ [...]ာဖြစ်ဖြစ် လွန်ကဲတာမကောင်းပါ။ (သည်ကြားထဲ အိုဇုန်းလွှာ[...]ါက်သည်ဆိုလား. . ရှိသေးသည်)

သည်တော့. . စောစောကပြောသော လယ်သူမကလေးတွေ[...]့လယ်မှ အခြေခံအလုပ်သမားတွေ ဘယ်နှယ့်လုပ်မည်နည်း။ [...]စ်နေကုန် နေပူထဲ လုပ်ရကိုင်ရတာ။

ဒါကြောင့် သူရို့ သနပ်ခါးပိန်းကြမ်း လိမ်းကြခြင်းဖြစ်သည်။ [...]ပူဒဏ်ကို ကာကွယ်ရင်း သူရို့အသားအရေ ကျန်းမာရေးကို



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်နေကြခြင်းပင် ဖြစ်သည်။ ယှဉ်ကြည့်မည်ဆိုလျှင် နေဒ မီးဒဏ်ထဲ အလုပ်လုပ်ရတာချင်းအတူတူ၊ ရုပ်ရှင်မင်းသမီးများ အလှအပအတွက် မိတ်ကပ်လိမ်းသည်။ လက်လုပ်လက်စားတွေ သနပ်ခါးပိန်းကြမ်း လိမ်းသည်။ ကျွန်တော့်မျက်စိထဲမတော့ . အိမ်သာသုံးကြွေပြားတွေကို အလှဆင်ပြီး ဆောက်ထားသော တိုက် ကြီးများနှင့် ရေနံ့ဝနေသော ပျဉ်ထောင်အိမ်တို့ ကွာခြားသလိုသာ ရှိနေတော့သည်။

ဘာပဲဖြစ်ဖြစ်၊ မြန်မာအမျိုးသမီးအများစုသည် အိမ်မှာနေ ရင် သနပ်ခါးတော့ လိမ်းတတ်ကြမှာ သေချာပါသည်။

\+ + + + +

ရယ်စရာလို့ပဲ သဘောထားချင်ထား။ အတွေ့အကြုံတစ်ခု လို့ပဲ မှတ်ချင်မှတ်၊ ကျွန်တော့်ကိုယ်တွေ့တစ်ခု ပြောပြချင်သည်။

ကျွန်တော်ငယ်စဉ် လူပျိုပေါက် ချစ်သူရည်းစား စတင်ထား တော့ အမေက စကားတစ်ခွန်းပြောသည်။

"သား . . ခုနှယ်တော့ သားလည်း ရည်းစားလေးဘာလေး ထားပြီပေါ့။ အေး . . မိန်းမယူတော့မယ်ဆိုရင်တော့ သနပ်ခါးလိမ်း တဲ့အခါ သနပ်ခါးစက်တွေ ကြမ်းပြင်ပေါ် ပြန့်ကျဲကျအောင် လိမ်း တတ်တဲ့ မိန်းမမျိုး မယူမိစေနဲ့" တဲ့။ ကျွန်တော်ကလည်း 'ဟုတ်ကဲ့'

သို့သော် . . သေချာစဉ်းစားတော့ မိန်းမပျိုတစ်ယောက်၏ အလှပြင်ခန်းသို့ ကျွန်တော် ဘယ်လိုဝင်၍ ချောင်းရမည်နည်း

တကယ်တမ်းကျတော့ ကျွန်တော်သည် အမေ့စကားကို နား ထောင်သူသာ ဖြစ်ပါသည်။ အမေဆိုလိုချင်တာ သဘောပေါက်





သည်။ မိမိ တစ်ကိုယ်ရေအလှကိုပင် ဖြက်ကယ်ဖြက်ကယ် ပြင်ထား သောမိန်းမမျိုး သတိထားဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အမေ မှာထားသည့် အတိုင်း ပြုခဲ့ပါသည်။ ကျွန်တော်ထားခဲ့သော ရည်းစား ၇-ယောက် လုံး၏ သနပ်ခါးလိမ်းပုံကို ရအောင်စုံစမ်းခဲ့ပါသည်။ မတော်မတည့် ခိုးကြောင်ခိုးဝှက်နည်းဖြင့် သူရို့အလှပြင်ခန်းတွေဆီ ကိုယ်တိုင် ရောက်ဖူးခြင်းတော့မဟုတ်မှန်း ယုံကြည်ကြပါ။ ဆိုကြပါစို့ . . . လိမ္မာပါးနပ်သော နည်းဖြင့် စုံစမ်းခဲ့ပါသည်။ ထိုအခါ ၄-ယောက် က သနပ်ခါး ကြမ်းပြင်ပေါ် အစက်ကျအောင် လိမ်းတတ်သူတွေ။ သုံးယောက်ကတော့ အမေ့စကားနှင့် ညီညွတ်သည်။ သို့သော် . . ထို ၇-ယောက်စလုံး ကျွန်တော်နှင့် မညားခဲ့တာကတော့ ကံတရား ပေါ့ဗျာ။

နော့ . . 'အေးဘုံ' ကျတော့ကော တဲ့။

ရိုးရိုးပြောကြကြေး၊ သူနှင့်ကျွန်တော် ချစ်ကြိုက်နေစဉ်ကာလ ကပင် သူရို့အိမ်သို့ ကျွန်တော်မကြာခဏရောက်ပါသည်။ သို့သော် သူ့သနပ်ခါးလိမ်းသော အခန်းကိုကား မစုံစမ်းမိရိုး အမှန်ပါ။ ပြီးတော့ သည်ဘက်ခေတ်မှာက သနပ်ခါးကို ကျောက်ပျဉ်နှင့် သွေး လိမ်းသော အလေ့နည်းသွားပါပြီ။ ပုလင်းဖြင့် ဗူးဖြင့် အဆင်သင့် မဟုတ်လား။

သို့သော် အေးဘုံနှင့်ညားမှ သူ သနပ်ခါးလိမ်းပုံကို ဒက်ထိ မျက်စိဖြင့် တပ်အပ်မြင်ရပါတော့သည်။ အေးဘုံက ကျောက်ပျဉ် ဖြင့်ပင် သနပ်ခါးသွေးလိမ်းသော မိန်းမမျိုးဖြစ်ပါသည်။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



'ဆရာမ' မို့. . ကျောင်းအချိန်မီ ဖြက်ကယ်ဖြက်ကယ်လည်း လိမ်းပါသည်။ ထို့ကြောင့် ကြမ်းပြင်ပေါ် သနပ်ခါးစက်တွေ ဖွေးဖွေးလှုပ်ကျပါသည်။ ကိုင်း. . အမေပြောသလိုဖြင့် မယူအပ်သော မိန်းမ ဖြစ်မနေပေဘူးလား။

မဟုတ်ပါ။ အေးဘုံလည်း သနပ်ခါးလိမ်းပြီးလျှင် ကြမ်းပြင်ကို အဝတ်စုတ်ဖြင့်သုတ်ပြီး ပြန်သန့်ပစ်ပါသည်။

ဟော. . အမေ့စကားလည်း မှန်သည်။ အေးဘုံလည်း မှန်သည်။

သနပ်ခါးလိမ်းတတ်ကြပါစေသော်. . .။

မေသတင်းဂျာနယ်၊ ဒီဇင်ဘာလ၊ ၁၉၉၉



## ပေတရာပေါ်က မေကဗျာ

မနေ့က ကုသိုလ်သေးသေးလေးတစ်ခု ရသည်။ ထိုကုသိုလ်ရခြင်း အကုသိုလ်သေးသေးလေးကို အလျှင်ရသည်။ အဖြစ်က. .

သမီးကို ကျွန်တော်က နေ့စဉ် ရုံးလိုက်ပို့သူပါ။ လမ်းခရီးတွင် မီးပွိုင့်တစ်ခုကို စောင့်ရသည်။ ထိုမီးပွိုင့်က လမ်းငါးခွဆုံမှာဖြစ်သဖြင့် တော်တော်စောင့်ရသည်။ ထိုသို့ စောင့်နေရစဉ်အတွင်း အမြဲတမ်းတြွေ့ရသည်မှာ ဆေးလိပ်ကွမ်းယာရောင်းသော အမျိုးသမီး၊ သတင်းစာနယ်ရောင်းသော အမျိုးသမီးနှင့် ပိုက်ဆံလိုက်တောင်းသော အမျိုးသမီးတို့ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လမ်းမှာနေ့စဉ်ဖြတ်သန်းနေကျ သည်မီးပွိုင့်မှာနေ့စဉ် ရပ်နေကျမို့ သူတို့သုံးယောက်က ကျွန်တော့်ကို ကောင်းကောင်း မှတ်မိနေကြသည်။

ကျွန်တော်က ကားမောင်းရင်း ဆေးလိပ်မသောက်တတ် သော် လည်း မီးပွိုင့်ကြာနေလျှင် နည်းနည်း ခံတွင်းချဉ်တတ်သည်။ ထို့ကြောင့် ရံခါဆိုသလို ဆေးလိပ်သည်အမျိုးသမီးထံမှ ဆေးလိပ် ဝယ်သောက်တတ်သည်။

ဂျာနယ်ရောင်းသော အမျိုးသမီးကတော့ ပါးနပ်လိမ္မာသည်။ သူသည် ကျွန်တော့်ကားနား မယောင်မလည်ရောက်လာတတ်ပြီး-

"အစ်ကိုကြီး . . ဒီအပတ်ဆောင်းပါး ပါတယ်" ဟု ကျွန်တော့် ဆောင်းပါးပါသော ဂျာနယ်တွေကို ထုတ်ပြတတ်သည်။ အမှန်က ဆောင်းပါးပါလျှင် စာမူခရော၊ ဂျာနယ်လက်ဆောင်ပါ ရပေမည့် သူက ခုလို တကူးတကန့် ပြောလာဖော်ရတော့လည်း ကျွန်တော် က ဝယ်ဖြစ်လိုက်သည်။ သူက လိမ္မာပါးနပ်သလို ကျွန်တော်က လည်း ဘဝင်လေဟပ်သောကြောင့်ဖြစ်သည်။

အဲ . . တောင်းစားသူ အမျိုးသမီးကိုတော့ ကျွန်တော် တော် တော် စိတ်ပျက်သည်။ သူသည် လသားအရွယ်ကလေးငယ်ကို ချီပိုး ထားသည်။ နေပူမရှောင်၊ မိုးရွာမရှောင်။ သည်မြင်ကွင်းသည် ရုတ်တရက်ကြည့်လျှင် သနားစရာဟုထင်ရသည်။ သို့သော် သေချာ စဉ်းစားတော့ ကလေးသည် ကြားက မားစာခံ။

သူ့ကို ကျွန်တော် ဘယ်တော့မှ ပိုက်ဆံမပေးပါ။ 'ကန်တော့ ပါသေးရဲ့' ပဲ။ သို့သော် သူကတော့ ကျွန်တော့်ကား ရောက်လာ





တာမြင်လျှင် ဘယ်တော့မှ တာဝန်မပျက်။ ကားနားလာရပ်ပြီး တလေးကို ချီမြှောက်ပြမြဲဖြစ်သည်။ 'ကန်တော့ပါသေးရဲ့' ဟူသော သုမောင်၏အသံသာကို နာခံလိုဟန်တူပါရဲ့။

သည်နေ့တော့ ဘာစိတ်ကူးပေါက်သည်မသိ။ သမီးက သူ့ကို ပိုက်ဆံပေးချင်သည်။ အိတ်ထဲနှိုက်တော့ ငါးဆယ်တန်သာ ထွက် လာသည်။

"ဖေဖေ . . အကြွေပါလား"

ငါးကျပ်တန်တစ်ရွက်ကို စိတ်မပါစွာ ထုတ်ပေးလိုက်သည်။

"သာဓုပါတော်" ဟု ကျွန်တော့်ဖခင်၏နာမည်ကို ရွတ်ဆို သွားတာပင် စိတ်ထဲ မခံချင့်လှပေ။ ဒါသည်ပင် စော့စောက ပြော သော ကုသိုလ်မရခင် . . အကုသိုလ်ရလိုက်ခြင်း ဖြစ်ပါတော့သည်။

\+ + + + +

ကုသိုလ်ရသည့် ကိစ္စ။

သမီးကို ရုံးပို့ပြီးတော့ ရုပ်ရှင်အောင်လံသို့ စာမူဝင်ပို့သည်။ ရုပ်ရှင်အောင်လံတိုက်က လမ်းကြိုလမ်းကြားမှာပါ။ ကားတစ်စီး သာ သွားလို့ရသည့် လမ်းတိုကလေးထဲမှာ။ သည်ကြားထဲ. . . တိုက်နှင့် ကပ်လျက် ရေမြောင်းက ရေလျှံထားသဖြင့် ရွှံ့တွေသဲတွေ တင်ကျန်နေသည်။ ကားကို သတိကြီးစွာထားပြီး လမ်းဘေးချရပ် ရသည်။ ကိုယ်တိုင်လည်း ချော်မလဲရန် သတိထားပြီး ဆင်းရသည်။ ထိုစဉ် . .

ဖုန်းခနဲမြည်သံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့. . 'ရှပ်ရှင်အောင်လံ' တိုက်ရှေ့လမ်းမပေါ် မှာ မိန်းမတစ်ယောက် (ကန်တော့ပါရဲ့) 'ထမီအောင်လံ' လွှင့်လျက် ပိုးလိုးပက်လက် လဲကျနေသည်။

"ဘယ်နာသွားလဲဗျ" ဟူသော ပဋိသန္ဓာရစကားနှင့်အတူ ထိုမိန်းမနား ကျွန်တော်ရောက်သွားသည်။ ကျွန်တော့်နည်းတူ အောင်လံပိုင်ရှင် ကိုရဲဇော်ရော တိုက်ခန်းအနီးမှ လူများပါ ထွက် လာကြသည်။ သူ့တစ်ကိုယ်လုံး ရွှံ့နွံများ ပေကျံနေရှာသည်။ တော် တော်နှင့် ပြန်မထနိုင်။ ခါးနာသွားသလား၊ ခြေနာသွားသလားမသိ။

သူသည် ဝိုင်းအုံကြည့်နေသော ကျွန်တော်တို့ကို ဂရုမစိုက် ပါ။ သူ့နံဘေးတွင် သူကဲ့သို့ ပက်လက်လန်နေသော ဒန်လင်ပန်း ကြီးကိုသာ ငေးစိုက်ကြည့်နေပါသည်။ ထိုလင်ပန်းကြီးနံဘေးတွင် ကား. . ရွှံ့နွံတွေ အထွေးထွေးကပ်နေသော မုန့်များ ပြန့်ကျဲနေ သည်။ မုန့်ဦးနှောက်တို့၊ မုန့်ကျွဲသဲ. . စသည်တို့ဖြစ်သည်။

ထိုမိန်းမသည် သူ့မုန့် ... အယောင်ယောင်အမှားမှား ဖြင့် လမ်းပေါ်မှာ ပြန်ကောက်ပြီး ဗန်းထဲ ပြန်ထည့်နေရှာသည်။

+++++

စာဖတ်သူ မေတို့ရေ. . ။

ယခု ကျွန်တော်ပြောပြခဲ့သော မိန်းမ ၄-ယောက်အနက်. . ကျွန်တော် ဘယ်သူ့အပေါ် ပို၍ဂရုစိုက်ရမါမည်နည်း။

လူဆိုသည်မှာ. . ကိုယ့်ဘဝကိုယ် ဖြစ်သလို ရုန်းကန်နေကြ ရသည်ပဲ။ သို့သော်. . 'သနားအောင်လုပ်သူ' နှင့် 'သနားစရာ ကောင်းသူ' ကတော့ ကွာခြားသည်မဟုတ်လား။





ကျွန်တော်ဘာလုပ်သည် ထင်သနည်း။

"ကိုင်း. . ကိုရဲဇော်. . ရော့ စာမူ ပေး. . စာမူခ"

ကိုရဲဇော်က ထုံးစံအတိုင်း စာအိတ်ပိတ်ထားသော စာမူခ ကို ထုတ်ပေးပါသည်။

"ဒီတစ်ခါ. . တစ်ရာ ပိုပေးဗျာ"

သူကလည်း နားလည်ရှာပါသည်။ ရာတန်တစ်ရွက် ထုတ် ပေးပါသည်။ ကျွန်တော်က ထိုငွေကို စောစောက လမ်းပေါ်မှာ ငုတ်တုတ်ထိုင်ပြီး ငိုင်နေသော မိန်းမထံ လှမ်းပေးလိုက်သည်။

"သာဓုပါရှင်"

သည်တစ်ခါ ကျွန်တော့်ဖခင်၏နာမည်ကို တပ်၍ ဆုပေး လိုက်သံသည် နားဝင်မချိုပေဘူးလား။

မေသတင်းဂျာနယ် ဒီဇင်ဘာလ၊ ၁၉၉၉



www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆုံးပေါ် တရားထိုင်နည်း

ကျွန်တော်သည် အမြဲတမ်း တရားထိုင်တတ်သူမဟုတ်ပါ။ နေ့. . တစ်ခါတရံ တရားထိုင်တတ်သလား မေးစရာရှိပါသည်။ တစ်ခါတရံလည်း မထိုင်ပါ။ ရှိုးရိုးပြောကြကြေး ညတိုင်းပင် ဘုရားရှိခိုးခြင်းအမှုကို မပြုခဲ့မိသည်မှာ ကြာပါပြီ။ သည်လိုဖြင့် အထက်ပါ ခေါင်းစီးကို ဘာကြောင့်ပေးသနည်း။

စကားမစပ် ပြောရမည်ဆိုလျှင် ၁၉၈၇ ခုနှစ်က ပုဂံတွင် တရားစခန်း ၇-ရက် ဝင်ခဲ့ဖူးပါသည်။ ဒါကလည်း အရက်သမား သုမောင်ကို ဆရာတော် အရှင်သောမပုဒ္ဓိက ချွတ်ချင်သဖြင့် ဇွတ်ဝင်ခိုင်းသောကြောင့်ပါ။





ဘာပဲဖြစ်ဖြစ် ထိုတရားစခန်းတစ်ပတ်သည် ကျွန်တော့်ဘဝအတွက် များစွာ ကောင်းကျိုးပေးပါသည်။

"ဟဲ့ သုမောင် တရားထိုင်ပါဆိုတာ ဘာကြောင့် အိပ်ငိုက်နေရသတုံး"

"တပည့်တော် မခံနိုင်တော့ဘူးဘုရား"

"ဒါဖြင့် လာ. . ငါနဲ့လိုက်ခဲ့၊ သုံးနာရီတိတိ လမ်းလျှောက်တရားမှတ်ရမယ်"

ကောင်းလိုက်တာလေ။ လမ်းလျှောက်ရင်း တရားမှတ်ရသည်မှာ သုံးနာရီပြည့်လို့ ပြည့်မှန်းပင်မသိလိုက်။

ဤတွင် သွားရင်းလာရင်း တရားမှတ်လို့ရမှန်း ကျွန်တော်သဘောပေါက်လာပါသည်။ တကယ်တော့ တရားမှတ်ခြင်းဆိုသည်မှာ သတိကပ်ခြင်းပင် မဟုတ်ပါလား။

သို့သော်. . ယခုပြောမည့် တရားမှတ်နည်းမှာ တကယ့်တရားမှတ်နည်း မဟုတ်ပါ။ လူမှုရေး တရားမှတ်နည်းသာ ဖြစ်ပါသည်။ သည်လိုပါ. . ။

ကျွန်တော့်အိမ်နှင့် အမေ့အိမ်သည် ပေတစ်ရာလောက်သာခြားသော်လည်း ကျွန်တော့်မှာ တစ်ပတ်နေလို့မှ တစ်ခေါက် အမေ့ထံမရောက်ပါ။ 'အနေနီးတော့ ကြည်' ဆိုသလိုမျိုးလာတော့ မသိပါ။

အမေသည် ခုနေခါ ရှစ်ဆယ်ကျော်နေပါပြီ။ စကားအလွန်ပြောချင်သောအရွယ် ဖြစ်ပါသည်။ သို့သော် အမေ့တွင် စကားပြောဖော်မရှိပါ။ သည်တော့ အမေသည် စကားပြောဖော် အမြဲတမ်းရှာနေရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖွားကြီးပဲ၊ တစ်ယောက်ယောက်နဲ့ တရားစကားတွေဘာတွေ ပြောပေါ့" ဟု သည်လိုပြောလို့မရပါ။

အမေသည် စကားကြွယ်သလောက် အသိကြွယ်သည်။ မှတ်ဉာဏ် အလွန်ကောင်းသည်။ ခုထိ သူ ဆယ်နှစ်သမီးလောက်က အကြောင်းအရင်းများကိုပင် ကောင်းစွာမှတ်မိနေသည်။ သည်တော့ အမေ့စကားပြောဖော်သည် တော်ရုံတန်ရုံလူနှင့်မဖြစ်ပေ။

တစ်ခါတရံများ ကျွန်တော်ရောက်သွားလျှင် သူ့မှာ ပြောလိုက်ရတဲ့ ရှေးဟောင်းနှောင်းဖြစ်တွေဖြင့်လေ၊ မပြောပါနှင့်တော့။ ကျွန်တော် ထမပြန်မချင်း စကားစမပြတ်။ သည်လိုနှင့် အမေ့ကို သနားလာသည်။ သည်လိုနှင့်ပင် နောက်ဆုံးပေါ် တရားထိုင်နည်းကို ကျွန်တော် ရလာသည်။ အခြားဟုတ်ပါရိုးလား။

ခုနောက်ပိုင်းတွင် ကျွန်တော်သည် အချိန်အားရလျှင်ရသလို အမေနှင့် စကားသွားပြောသည်။ ကျွန်တော်ကပြောတာ နည်းနည်း၊ အမေကပြောတာ များသည်။ မှတ်သားစရာတွေ စာရေးစရာတွေပါသလို ကျွန်တော် စိတ်မဝင်စားသော အကြောင်းအရာများလည်းပါသည်။ တစ်ခါတရံ ပြောခဲ့ဖူးပြီးသား စကားတွေကို ပြန်ပြန်ပြောနေတတ်သည်။ ထိုအချိန်မျိုးတွင် ကျွန်တော် အလွန်သည်းညည်းခံရသည်။ စောစောပြောသော တရားထိုင်နည်းသစ်ဆိုသည်မှာ ဤသည်ကိုဆိုခြင်းဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော်သည် မကြာမကြာ နာရီဝက်တန်သည် တစ်နာရီတန်သည်၊ အမေနှင့် စကားသွားပြောနေတတ်လာခဲ့တော့သည်။ ကျွန်တော့်ဘက်က တရားထိုင်သလို ဖြစ်





သွားသည့်နည်းတူ အမေ့အဖို့လည်း အသက်ရှည်ဆေး ဖော်ခွင့်ရသည်။ ကုသိုလ်လည်းရသည်။

မိတ်ဆွေများခင်ဗျား ကျွန်တော့်နည်းကိုယူ၍ တရားထိုင်ကြည့်ကြပါလား။ ကြည်နူးစရာ အလွန်ကောင်းပါသည်။ သက်ကြီးရွယ်အို မိဘဘိုးဘွားများ အလွန်သနားစရာကောင်းပါသည်။ သက်ကြီးရွယ်ကြီး မိဘဘိုးဘွားများ အလွန်ချစ်စရာကောင်းပါသည်။

မေသတင်းဂျာနယ်၊ ဇန်နဝါရီလ၊ ၂၀၀၀



www.burmeseclassic.com

www.burmeseclassic.com

## ရှက်စဖွယ် ဘယ့်နယ်ကြောင့်လေလဲ

တမြန်နေ့က ကျွန်တော့်ကားကို အေးဘုံက ဓါတ်ဆီ သွားထည့်သည်။ အိမ်မှာ ဒရိုင်ဘာမရှိ။ ကိစ္စရှိလျှင် ကိုယ်တိုင်မောင်းကြကြေး ဖြစ်သည်။ နှစ်ယောက်ပေါင်း သွားရမည့်ကိစ္စဆိုက ကျွန်တော် မောင်း။

တစ်ခါဟရံတော့ ကျွန်တော်ကိုယ်တိုင် ဓါတ်ဆီထည့်ရသည်။ အများအားဖြင့်တော့ အေးဘုံ သွားထည့်သည်။ အကြောင်းမှာ ဓါတ်ဆီဆိုင်က အိမ်နှင့်မဝေးလှသော်လည်း လမ်းမသင့်သောကြောင့် ဖြစ်သည်။ ဆိုင်က တောင်ဥက္ကလာဘက်မှာ၊ ကျွန်တော်၏ နေ့စဉ်ခရီးစဉ်က မြို့ထဲဘက်။ ဓါတ်ဆီကလည်း သုံးရက်တစ်ကြိမ်



ခွဲတမ်းနှင့်ထည့်ရတာမို့ အေးဘုံမှာ ဓါတ်ဆီထည့် တာဝန်ခံသဘော ဖြစ်ရတော့၏။ ရှသ

ဓါတ်ဆီထည့်သွားလျှင် အေးဘုံတစ်ယောက်တည်းမဟုတ်။ ဆိုင်မှာက ဓါတ်ဆီရော ဒီဇယ်ပါ အလှည့်ကျပေးသဖြင့် မော်တော်ကားတန်းက ရှည်သည်။ ဘတ်(စ်)ကားများ၊ တိုက်စီကားများကလည်း အချိန်လုရသောကြောင့်လားမသိ၊ လစ်လျှင်လစ်သလို ကြားဖြတ်ဝင်သည်။ တော်ရုံယောကျ်ားသားပင် ကိုယ်က ကြားဖြတ်ဖို့သော်လည်းကောင်း၊ သူများ ကြားဖြတ်တာကို ဟန့်တားဖို့သော်လည်းကောင်း တော်တော်ခက်သည်။ ထို့ကြောင့် အေးဘုံ ဓါတ်ဆီတန်းစီနေစဉ် တစ်ယောက်ယောက်က ဓါတ်ဆီ အရောင်း ကောင်တာမှာ တိုကင်တန်းစီရသည်။ ထိုနေရာမှာလည်း ယောကျ်ားသားများပင် အတိုးတိုးအဝှေ့ဝှေ့. . ဆိုတော့ များသောအားဖြင့် ဓါတ်ဆီ တိုကင်ကို သားကြီး (သို့) သားငယ်က တန်းစီပေးရသည်။

တစ်ခုကောင်းတာက အေးဘုံသည် မျက်နှာကြော တင်းသဖြင့် တော်ရုံကားတွေ ကြားမဖြတ်ရဲ။ တစ်ဆက်တည်းမှာပင် အေးဘုံက မိန်းမသားဖြစ်သောကြောင့် ကိုယ့်ဘက်က ကြားဖြတ်လိုလျှင် တစ်ချက်ပြုံးပြလိုက်လျှင် အဆင်ပြေသည်။ ပြီးတော့ အေးဘုံက မျက်နှာအလှကလေး ကျန်သေးသည်။ (ကားပေါ် ထိုင်လျက်ဆိုတော့ သူ့ကိုယ်လုံးဝကြီးကို မမြင်ရ)

မည်သို့ပင်ရှိစေ ကိုယ့်မိန်းမ ဓါတ်ဆီဆိုင်မှာ တန်းစီရသည့်ကိစ္စကို သိပ်တော့စိတ်မကောင်းလှ။ သို့သော်. . သည်လိုပဲ ဖြစ်လာမှတော့ မတတ်နိုင်။ ဟိုးအရင်ကလို သမဆိုင်မှာ ဆန်ဆီဆား

www.burmeseclassic.com



တန်းစီရတာထက်စာလျှင် တော်သေးသည်ပေါ့။ ခုဟာက မော်တော်ကား စီးနိုင်သော လူတန်းစား၏ ဒုက္ခဆိုတော့ ခံသင့်ခံသာလှသည်ပေါ့။

ကိုင်း. . စောစောကပြောသော တမြန်နေ့က ကိစ္စ။

ထိုနေ့က သားကြီးရော၊ သားငယ်ပါ အိမ်မှာမရှိကြသဖြင့် အေးဘုံ ဓါတ်ဆီအထည့်သွားသောအခါ သမီးကြီးကို အဖော်ပြု ခေါ်သွားရ၏။ သည်အခါမျိုးကျတော့ ဓါတ်ဆီတန်းစီခြင်း စနစ်ပုံစံပြောင်းရသည်။ မော်တော်ကားတန်းစီခြင်း နေသားတကျ ရှိသွားလျှင် အေးဘုံကဆင်းပြီး ဓါတ်ဆီတိုကင် သွားတိုး၊ သမီးကြီးက ကားကို တအိအိရွှေ့။ (သမီးက အမောင်းသင်ဘဝမို့ ရှေ့တိုးနောက်ဆုတ်လောက်တော့ ကျွမ်းကျင်နေပါပြီ။)

သည်လိုနှင့် ဓါတ်ဆီကားတန်းက လက်ဝဲဘက်၊ ဒီဇယ်ကားတန်းက လက်ယာဘက် ကားတန်းနှစ်တန်း တရွေ့ရွေ့သွားနေခဲ့၏။ ကြားဖြတ်တစ်ခု ပြောရမည်မှာ သမီးကြီး၏ စရိုက်သဘာဝဖြစ်၏။ သမီးသည် အလုပ်တစ်ခုခုလုပ်လျှင် ထိုအလုပ်၌သာ အာရုံထား၏။ နံဘေးနံဘီကို ဂရုမထား။ တစ်ခါတရံ သူ့ကို ခေါ်နေပြောနေသည်ပင် မကြားတတ်။ ထို့ကြောင့် မော်တော်ကားမောင်းခြင်းကဲ့သို့ မကျွမ်းတကျွမ်းကိစ္စမှာ ပို၍အာရုံစိုက်ခဲ့၏။ ဘေးဘီကိုဂရုမစိုက်မိခဲ့။ သူ့အမေ တိုကင်ယူပြီး ပြန်လာ၊ ကားပေါ်သို့ ယာဉ်မောင်းဘက်မှ ပြန်တက်၊ သမီးကို လက်ဝဲဘက်သို့ တိုးခိုင်း၊ တံခါးကို ဂျိုင်းခနဲ ပိတ်လေမှ. . "ဘာဖြစ်တာလဲ မေမေ" ဟု မေးရသည်။

"ဘာပဲဖြစ်ဖြစ် မေမေ့ဘက်အခြမ်းကို မကြည့်နဲ့"





မကြည့်နဲ့ဆိုကာမှ သမီးက ကြည့်ဖြစ်အောင် ကြည့်လိုက်သည်။ လားလား. . . အသက်နှစ်ဆယ့်ငါးနှစ်နှင့် သုံးဆယ်ကြား သုံးယောက်နှင့် အသက်လေးဆယ်ကျော်တစ်ယောက် စုစုပေါင်း ယောကျ်ားသား ၄-ယောက်။ ဂျစ်ကားအမိုးဖွင့်နှင့်။

သူတို့ချင်း မျက်ရိပ်မျက်ခြည်ပြလျက် အေးဘုံနှင့် သမီးကို စူးစူးရဲရဲ ကြည့်နေကြသည်။ အေးဘုံ၏အဆိုအရ ပုလွှန်မျက်လုံး၊ ခေါ်တောမျက်လုံးများဖြင့်တဲ့။ ကျွန်တော် အစောပိုင်း၌ပြောခဲ့သည်။ အေးဘုံသည် မျက်နှာကြောတင်းသည်ဟု။ သမီးသည် ဘေးဘီကို ဂရုစိုက်တတ်သူ မဟုတ်ဟု။ ခုတော့ သည်လိုအမျိုးသမီးနှစ်ဦးပင်သည် သည်းမခံနိုင်လောက်အောင် မသိသားဆိုးဝါးသော ပုရိသယောကျ်ားများသည် ဘယ်လိုအတန်းအစားပါလိမ့်။ သည်နေရာတွင် ကျွန်တော်က အကဲပိုသည်ဟု မထင်ပါနှင့်။ ကာယကံရှင် အေးဘုံကိုယ်၌က မခံချိလွန်းသဖြင့် ကျွန်တော် ယုံကြည်ရခြင်းဖြစ်သည်။ သည်ကိစ္စမျိုးမှာ 'ဘာကြည့်တာလဲ' ဟု ကက်ကက်လန်ရန်တွေ့ဖို့ကလည်း ခက်သည်။ လူဆိုတာ ကိုယ့်တန်းနှင့်ကိုယ် ရှိသည်။ 'အဖက်မလုပ်ဘဲ နေလိုက်ပါလား' ဆိုရအောင်ကလည်း မော်တော်ကားချင်း ဘေးချင်းကပ်မို့ မတွေ့ချင် မြင်လျက်သား။

ပို၍ အခံရခက်သည်မှာ အသက်နှစ်ဆယ်ကျော် သုံးဆယ်တွင်း သုံးယောက်က အေးဘုံကိုကျော်၍ သမီးကိုပြူးတူးပြဲတဲ ယိမ်းထိုးကြည့်သည်။ လေးဆယ်ကျော်ကမူ အောင်သေအောင်သား ရအောင်ရသော မျက်နှာစပ်ဖြီးဖြီးနှင့် တိုးတိုးပြောလိုက်၊ ရယ်မောလိုက် အေးဘုံကိုကြည့်လိုက်လုပ်နေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြပါစို့. . သည်လိုနှင့် မိမိ ဓါတ်ဆီထည့်ရမည့်အလှည့် မတိုင်ခင် ဆယ့်ငါးမိနစ်လောက် ဆိုပုဂ္ဂိုလ်များ၏ အကြည့်ဒဏ် ကလိဒဏ်ကို တအိအိ ခံလိုက်ရသည်။

\+ + + + +

အိမ်ပြန်ရောက်တော့ အေးဘုံက ပြန်ပြောသည်။ တိုင်တော ခြင်းမဟုတ်။ စိတ်ပျက်လက်ပျက် ဖောက်သည်ချခြင်းသာဖြစ်သည်။ ထိုအခါ ကျွန်တော်က ဖျောင်းဖျရသည်။ အမူးသမား‌တွေ ဖြစ်ချင် လည်းဖြစ်မည်။ အရူးသမားတွေ ဖြစ်ချင်လည်းဖြစ်မည်။ အောက် တန်းနောက်တန်းကျသူတွေကို ဂရုမစိုက်ဖို့ ပြောရသည်။ သို့သော် အေးဘုံကမူ တော်တော်စိတ်မကောင်းဖြစ်နေပုံရသည်။ အနားမှ သမီးထွက်သွားတော့. . တိုးတိုးပြောသည်။

“ကားချင်းယှဉ်ပြီး ကြည့်တာက တော်သေးတယ်. . စော စောကပြောတဲ့လေးဆယ်ကျော်လောက်ရှိမယ့်လူက ဓါတ်ဆီတိုကင် ယူတုန်း အေးဘုံနောက်ကနေ အတင်းတိုးတယ်။ ပခုံးပေါ်ကို တံတောင်နဲ့ဖိတယ်။ ခါးကို ဖက်တယ်။ သူ တိုကင်ရလို့ ပြန်လှည့် ထွက်သွားတော့ မတော်တဆလိုလို တင်ပါးကို ပုတ်သွားတယ်” ဟု ဖေါက်သည်ချတော့သည်။

ကျွန်တော့်မှာလည်း သည်လိုနေရာမျိုးကိုမှ ကိုယ့်မိန်းမကို လွှတ်ရသည့်အတွက် စိတ်မကောင်းဖြစ်ရသည်။ ထိုထက်ကား နုနု ထွတ်ထွတ် သမီးလေးကို တိုကင်တန်းစီသည့်နေရာ မလွှတ်မိတာ ကံကောင်းပါလားဟု ရင်တုန်ပန်းတုန်ဖြစ်ရသည်။





အေးဘုံက မိန်းမသားမို့ ပိုပိုသာသာ စိတ်ဆိုးရသလို ကျွန်တော်က ယောကျ်ားသားမို့ လျော့လျော့ပေါ့ပေါ့ တွေးချင်ပါ သည်။ သို့သော် ယောကျ်ားတစ်ယောက်အနေနှင့် စဉ်းစားကြည့် သောအခါ သူတို့တတွေသည် ကိုယ့်လူမျိုးချင်းဖြစ်ပါလျက် အဘယ် ကြောင့် ဤမျှ အောက်တန်းကျသနည်း။ အချိန်ကာလနှင့် နေရာ ဒေသသည်လည်း ဤမျှမဖွယ်မရာမြူအပ်သည် မဟုတ်ပါ။ အကယ် တန်တုညကြီးအချိန်မတော်ဆိုတာမျိုးဖြစ်လျှင် ဘာ့နှယ် လုပ်မည် နည်း။

ကိုယ့်မိသားစုထိလို့ မချိတင်ကဲ ဖြစ်ရသည်ဟု ကျွန်တော့် ကို အပြစ်တင်လျှင်လည်း ခံရပါမည်။ မည်သို့ပင်ရှိစေ. . မြန်မာ ယောကျ်ားထုတစ်ရပ်လုံးအတွက်ကား ထိုအကျင့်သည် တော်တော် နိမ့်ပါးသည်။

သမီးကတော့ ပြောရှာသည်။

“အမလေး မေမေရယ်. . သမီးက နေ့တိုင်း ရုံးတက်ရုံးဆင်း ဘတ်(စ်)ကားနဲ့သွားနေရတာ. . ဒါမျိုးတွေ ရိုးနေပါပြီ။ ဖက်ပြီး ရန်ဖြစ်နေရရင် ခက်ရချည်ရဲ့”

သမီးစကားကြားရမှ ကျွန်တော်ပို၍ ထိတ်လန့်သွားရသည်။ ‘ဒါမျိုးတွေ ရိုးနေပါပြီ’ တဲ့။ ဘယ့်နှယ် ဖြစ်ကုန်ကြပြီနည်း။ ဘတ်(စ်) ကားစီး ခရီးသည်တို့၏ဘဝကို ကျွန်တော် နားလည်ပါသည်။ သမီး ဘယ်လိုသကောင့်သားတွေကို ညွှန်းမှန်းလည်း သိပါသည်။ သို့သော် အစော်ကားခံရသူကပင် ထိုကိစ္စမျိုးကို သည်းခံခြင်း အဆင့်ထက် လွန်ပြီး သမားရိုးကျ ကိစ္စဟု ထင်နေပြီတဲ့လား။ နောင်တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ထိုကီစ္စမျိုးတွေကို ပြုမူသူများဘက်က လေ့ကျင့်ခန်းတစ်ခုလို သဘောထားနေကြပြီး အပြုခံရသူတို့ဘက်က ကျင့်သားရသွားမှာ ပိုု၍စိုးရိမ်ရပါသည်။

အဘယ်မည်သော ခံယူချက်ဖြင့် ထိုယောကျ်ားသားများ စိတ်အလိုလိုက်နေကြသနည်း။

မေသတင်းဂျာနယ်၊ မတ်လ၊ ၂၀၀၀



# ကျွန်တော်၏ဘုရားရှိခိုးနည်း

ကျွန်တော်က ဆောင်းပါးစာပေ ရေးသားလျှင် အကြောင်းအရာ လောဘကြီးတတ်သည်။ တော်လွန်းတတ်လွန်းလို့ မဟုတ်ပေမည့် မိမိသိထားသလောက်ကိုတော့ ပြောပြချင်လွန်းတတ်သည်။ ဒါကတော့ စာရေးဆရာတိုင်း၏ စိတ်ကူးစေတနာဖြစ်ပါလိမ့်မည်။ သည်တော့ တစ်ခါတရံ ရေးသူနှင့်ဖတ်သူကြား သဟဇာတမဖြစ်ဘဲ ရှိတတ်သည်။ သည်အခါ ရေးသူဘက်က အလွန်ဟုသာ မှတ်ယူသင့်ပါသည်။ ဘာပဲဖြစ်ဖြစ် စာရေးသူဘက်ကတော့ ပြောစရာရှိသည်ကို ပြောနေပါလိမ့်မည်။ ဖတ်သူဘက်ကလည်း အကျိုးရှိကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ အညည်းဖြေ အပန်းဖြေရာပြေကြောင်းကိုဖြစ်ဖြစ် လက်ခံပါလိမ့်မည်။ ဤသို့ဖြင့် တချို့ကိစ္စများတွင် ရေးသူနှင့်ဖတ်သူ သဘောမျှပါမည်။ တချို့ကိစ္စတွင် သဘောမတိုက်ဆိုင်ဘဲ ဖြစ်ပါမည်။

ဤဂျာနယ်တွင် ကျွန်တော်ရေးသားခဲ့သည်များနှင့်ပတ်သက်၍ သဘောတိုက်ဆိုင်တာ များသည်ဟု ဖတ်သူဘက်မှ တုံ့ပြန်မှုကို ရသောအခါ ကျွန်တော် ဝမ်းသာရတော့သည်။ ကျွန်တော့်ဘက်ကလည်း 'အမျိုးသမီးဂျာနယ်' ဟူသောအသိကို သတိကြီးစွာထားပြီး ရေးခဲ့သည်မို့. . စာဖတ်သူအားလုံးနှင့်ဆိုင်သော ကိစ္စများထက် အမျိုးသမီးရေးရာများကိုသာ ဦးစားပေးရေးခဲ့သည်ပဲလေ။

\+ + + + +

ယခုစာစုတွင် ကျွန်တော်က ကိုယ်တိုင် ဘုရားရှိခိုးနည်း သို့မဟုတ် ဗုဒ္ဓဘာသာထုံးတမ်းကို ကျွန်တော် လိုက်နာပုံ လိုက်နာနည်းကလေး ရေးပြချင်ပါသည်။ ဤစာကို ဖတ်သူက မိမိလုပ်မြဲပြုမြဲနှင့်တူနေလျှင်လည်း ခွင့်လွှတ်ပါ။ မတူသဖြင့် ကျွန်တော့်နည်းလမ်းကို မလိုအပ်ဟု ထင်လျှင်လည်း ကိစ္စမရှိပါ။ အကယ်၍ ကျွန်တော်၏နည်းကို သဘောတွေ့သည်၊ မိမိတို့လည်း ပြုကျင့်ကြမည်ဆိုလျှင်တော့. . ဝမ်းသာရပါလိမ့်မည်။ 'သာဓု' ခေါ်ပါ့မည်။

ပထမဆုံး ကျွန်တော် ပြောလိုသည်မှာ ကျွန်တော်သည် ငယ်စဉ်ကတည်းက ဘုရားရှိခိုးရမှာကို အလွန်ပျင်းခဲ့သူဖြစ်ကြောင်းပင်။ မိဘများ၏အဆုံးအမ မိကြီးမိထွေးတို့၏အကြပ်အမ ကြားမှာပင်လျှင် ထိုဝတ်ကို ပျက်ကွက်ခဲ့သူဆိုလျှင် အရွယ်ရောက်သောအခါ





ပို၍ဝေးတော့သည်ပေါ့။ ခုအရွယ်အထိလည်း အချိန်မှန်မှန် ဘုရားရှိခိုး မေတ္တာပို့ခြင်းစသော အလုပ်များ ပုံမှန်လုပ်နိုင်သူ မဟုတ်ပါ။ နော့ဖြင့်. . ကျွန်တော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက် အဆင့်ပင် မရှိဘူးလားတဲ့။ သည်လို မဟုတ်ရရိုးပါ။ ကျွန်တော်သည် ဗုဒ္ဓဘာသာဆိုင်ရာ တရားဓမ္မများကို တတ်အားသရွေ့ လေ့လာလိုက်စားခဲ့သူ ဖြစ်ပါသည်။ သို့သော် ငယ်စဉ်ကတည်းက အကျင့်ပါနေသော 'ပုံမှန်ဝတ္တရားကို ရှောင်ရှားခြင်း' ကိစ္စကတော့ ပြင်၍မရတော့ပါ။ လုံးဝ ဘုရားမရှိခိုးသူ၊ လက်အုပ်မျှမချီသူလည်း မဟုတ်ပြန်ပါ။ ကျွန်တော်က အများသူငါနည်းတူ ခရီးလမ်း၌ မြင်ရသမျှသော ဘုရားပုထိုးစေတီများကို လက်အုပ်ချီတတ်သည်ကတော့ သေချာပါသည်။

"ဘုရားတရားကို လူရှေ့သူရှေ့ ကြည်ညိုပြနေစရာ မလိုပါဘူး။ စိတ်မှာ အမြဲရှိနေရင် ကုသိုလ်ရပါတယ်" ဟူသော စကားမျိုးကိုတော့ ကျွန်တော် မယုံပါ။ ဒါက . . [illegible]ဆန်သည်ဟု ထင်သည်။

ဘုရားတရားသံဃာကို စိတ်၌ အမြဲထားနိုင်ဖို့ဆိုတာ အလွန်ခက်ပါသည်။ သာမန်လူသားများအနေနှင့် ဘုရားတရားသံဃာကို ခဏထားလို့ မိဘဆရာသမားများကိုပင် မကြာခဏ စိတ်၌ထားနိုင်ကြပါသလား။ သတိရမိလိုက်သော အချိန်ပိုင်းကလေးမှာပင် ရိုသေမြတ်နိုး ရှိခိုးခြင်းစိတ်ထားနိုင်ပါသလား။ အလွန်ခက်ခဲပါလိမ့်မည်။

သည်တော့ ကျွန်တော် ဘာလုပ်သနည်း။ နေ့စဉ် ပြုမြဲကိစ္စမပြုမနေ ပြုအပ်သောကိစ္စများကို ပထမရွေးသည်။ ဆိုကြပါစို့. . မနက်မိုးလင်းလျှင် သွားတိုက် မျက်နှာသစ်သည်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



သွားတိုက်လျှင် အချက်ရေကို တွက်သည်။ ရိုးရိုးမတွက်။ ဘုရား တရားသံဃာမိဘဆရာဟု အနန္တငါးပါးကို စိတ်ကမှန်းပြီး ငါးချက်စီ ခွဲတိုက်သည်။ မျက်နှာသစ်လျှင်လည်း ၎င်းအတိုင်း။ ကျွန်တော် ရေချိုးလျှင် ပထမ ကိုးခွက်လောင်းသည်။ တစ်ခွက်တိုင်းတွင် ဘုရား ဂုဏ်တော်တစ်ပါးကို ရွတ်သည်။ ပထမတစ်ခွက် အရဟံ၊ ဒုတိယ သမ္မာသမ္ဗုဒ္ဓေါ. . စသဖြင့်။ သည်လို အသေးအဖွဲကိစ္စကလေးများမှ အစပြုလိုက်သောအခါ (နောင် ကြာမြင့်သောကာလ၌) ဘာပဲလုပ် လုပ်၊ အရေအတွက်ကို မှတ်တော့သည်။ ၉-ခါ၊ ၅-ခါ၊ ၃-ခါဟူ၍ ဖြစ်သည်။ လှေကားတက်ဆင်းလျှင်ပင် ထိုသို့ စိတ်ဖြင့် တွက်ပြီး ပြုလုပ်သည်။ (မြန်မာအိမ် လှေကားမှန်သမျှ 'မ' ဂဏန်းသာ ရှိ သည်။) ကုန်ကုန်ပြောကြစေ၊ ကျွန်တော်က ဆေးပေါ့လိပ်သောက် လျှင် အစီခံပိုင်းကို ဆေးကျစ်သွားစေရန် အမာခံနှင့် ဆောင့်သည်။ ထိုအခါမျိုးမှာလည်း ၉-ချက်၊ ၅-ချက်၊ ၃-ချက်. . စသဖြင့်။ ယခု နောက်ပိုင်း ထမင်းစားလျှင်ပင် သမအလုပ်သည် အရဟံ။ ဝါးနေ ရင်းကပင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ။ ရယ်စရာဟု မထင်ကြပါနှင့်။ မော်တော်ကားမောင်းရင်းပင် ဂီယာထိုးသောအခါ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ. . ။ (ကျွန်တော့်မော်တော်ကား ကလည်း ဂီယာငါးချက် ရှိနေတာပါ။) အစပိုင်း၌ သတိကလေး ထားထားပြီး ပြုဆောင်ခဲ့ရာ ကြာသော် အလေ့အကျင့်သဖွယ် အလိုလို ဖြစ်လာတော့သည်။ တစ်ခုပဲ သတိထားရသည်။ အညစ် အကြေးစွန့်သောအခါ အနန္တငါးပါးကို သတိမရမိစေရန်ဖြစ်သည်။ မေတို့သည်လည်း နှုတ်ခမ်းနီဆိုး၊ မျက်ခုံးမွှေးဆွဲချိန်လေးဖြစ်ဖြစ်





'မ' ဂဏန်း ရေတွက်ရင်း အာရုံပြုကြည့်စေချင်သည်။ ငရဲမကြီး နိုင်ပါ။

ဒါနှင့်ပတ်သက်လို့ လက်ထက်တော်အခါက ဘုရားရှင်ကိုယ် တော်မြတ်ကြီးအား အလွန်ကြည်ညိုသူ ဝိသာခါ ကျောင်းအစ်မကြီး ၏နည်းကို အတုယူဖို့ကောင်းသည်။ ကျွန်တော်က ဝိသာခါကျောင်း အစ်မကြီးနှင့် ခိုင်းနှိုင်းခြင်း မဟုတ်ရိုးပါ။ ဥပမာပေးခြင်းမျှသာ။

အချိန်မနား ဘုရားကိုသာ အာရုံပြုနေတတ်သော ကျောင်း အစ်မကြီးကို ဘုရားရှင်က အမေးတော်ရှိ၏။

"ဝိသာခါ ငါဘုရားကို သတိတရမရှိသောအချိန် ရှိပါသေး သလား" ဝိသာခါက ပြန်ဖြေပါသည်။

"အညစ်အကြေးစွန့်ချိန်နှင့် ကာမဂုဏ်ခံစားချိန်ပါဘုရား" တဲ့။

မေသတင်းဂျာနယ်၊ ဧပြီလ၊ ၂၀၀၀



www.burmeseclassic.com

# ဥညြသံကြား တရားနှင့်ယှဉ်

ကျွန်တော်က ဗုဒ္ဓဘာသာ နှင့်ပတ်သက်၍ သက်ကြီးစကားများကို တစ်ဆင့်ခံ ပြန်ရေးတော့ စာဖတ်သူအချို့က သဘောကျကြ၏။ ကျွန်တော်၏ ဗုဒ္ဓဘာသာဆိုင်ရာ အညွှန်းများသည် သာမန်မိရိုးဖလာ အဆုံးအမများ နှုတ်တိုက်ရနေသော ပါဠိစာပေများကိုသာ အများနှင့်မတူသော ရှုဒေါင့်မှ ကြည့်ရှုတင်ပြသည်ဖြစ်သဖြင့်လည်း သာမန်ပုဂ္ဂိုလ်များက နားရည်လည်ခြင်း ဖြစ်တန်ပါသည်။ ရိုးရိုးကလေးပေမည့် မိမိသတိမေ့နေသော အကြောင်းအရာများမို့လည်း 'ဟုတ်ပေသားပဲ' တု ပီတိအရင်းခံဖြင့် နှစ်လိုခြင်းပြည့် ဖြစ်မါလိမ့်မည်။





အထူးသဖြင့် ထိုစာပေမျိုးကို မဂ္ဂဇင်းများတွင် (ကလျာ၊ ရွှေအမြုတေ) စသည်တွင် အရေးများသော်လည်း နောက်ပိုင်း ဂျာနယ်များမှာပါရေးသားလာခဲ့ရာ စာဖတ်သူအင်အား ပိုများသော ဂျာနယ်ပရိသတ်အတွက် ပို၍ အကျိုးရှိကြောင်း တွေ့ရပါသည်။ ၅. ၄. ၂၀၀၀ နေ့ထုတ် 'မေဂျာနယ်' ၌ ကျွန်တော်၏ 'ဘုရားအာရုံပြုနည်း' ကိုရေးသားခဲ့ရာ ဂျာနယ်ထွက်ပြီးသည့် နောက်နေ့မှာပင် ကျွန်တော့်နည်းကို သဘောတွေ့ကြောင်း ဗုဒ္ဓဘာသာဝင် ကလျာကျောတို့က ဖုန်းဆက်၍ သာဓုခေါ်ကြပါသည်။ တစ်ဆက်တည်းပင် ထိုကဲ့သို့သော လက်တလော အကျိုးပြုဂါထာများ ပါဠိစာများ ရှိပါက ရေးဖို့ တိုက်တွန်းကြပါသည်။ ကျွန်တော်ကလည်း ထိုစာပေမျိုးကို ခုနှယ်ခါ ခံတွင်းတွေ့နေသည်နှင့် ကြုံကြိုက်သဖြင့် ထပ်မံ ရေးသားရပါသည်။

\+ + + + +

ပထမဦးဆုံး စဉ်းစားမိသည်မှာ ခုနှယ်ရာသီ နွေကာလကို ဖြစ်ပါသည်။ အများသူငါ သတိတရ ရှိနေကြသည်မှာ တစ်နှစ်တစ်ကြိမ်ကြုံသည့် သင်္ကြန်ပွဲဟု ထင်ပါသည်။ သတိမထားမနေထားရမည်မှာကား 'မီး' ဘေး ဖြစ်ပါသည်။ ဤနေရာ၌ မိမိနေထိုင်ရာ အိမ်အတွက်သာမက မိမိရပ်ကွက်အတွက်ပါ 'မီး' သတိပြုဖို့ သက်ဆိုင်ရာများက နှိုးဆော်နေပါသည်။ ဒါက မီးဘေးတားဆီးရေးကိစ္စပါ။ ခုကျွန်တော်ပြောလိုတာက 'မီးတော့ လောင်နေပါပြီ၊ ကိုယ်ကလည်း ဘာမျှမတတ်နိုင်' ဆိုသော အခြေအနေမျိုးတွင် လက်ရွေ့မဟုတ် စိတ်ဖြင့် မေတ္တာပို့သောနည်း ဖြစ်ပါသည်။ ထိုနည်းကို

www.burmeseclassic.com



ကျွန်တော့်မိခင်ကြီးက ငယ်စဉ်ကတည်းကသင်ပြခဲ့ခြင်းဖြစ်ပါသည်
မိခင်ကြီးကိုလည်း အဘွားဖြစ်သူက ပို့ချခဲ့သောနည်း ဖြစ်ပါသတဲ့
အစဉ်အဆက် မည်သူ့ထံမှရသောနည်းဟုမသိရသော်လည်း အမေ
က ကျွန်တော့်ကို သွန်သင်ရာ၌ အဓိပ္ပါယ်လည်းရှိ သိပ္ပံနည်းလည်
ကျသည်မို့ ကျွန်တော်က ထိုနည်းကို အမြဲကျင့်သုံးခဲ့ပါသည်။ အ
ဆိုရာ၌ မီးလောင်သံကြား (ဥဩသံကြား) ရသည့်အခါမျိုးတွင်
အဓိကထားပြီး ကြုံလျှင်ကြုံသလိုလည်း ရွတ်ဖတ်ပါသည်။ စိတ်
သောကတစ်ခုခုနှင့် ကြုံသည့်အခါမျိုး အထူးရွတ်ဆိုပါသည်။ (ကိုယ်
တိုင်သော်လည်းကောင်း၊ တစ်ပါးသူသော်လည်းကောင်း အပူမီး
တစ်ခုခုကြုံလျှင် ပြောပါတယ်။)

လွယ်လွယ်ကလေးပါ။ အထူးသဖြင့် ကျွန်တော်တို့လို မိမိ
ဖလာ ဗုဒ္ဓဘာသာဝင်တို့ နားရည်ဝနေပြီးဖြစ်သော ပါဠိစာတ
ကလေးမျှသာပါ။

'ဣတိပိသော ဘဂဝါ'။ အဓိပ္ပါယ်မှာ 'ဣတိပိ'(ဤသို့) 'သော
ဘဂဝါ' (ထိုမြတ်စွာဘုရားသည် ဤသို့) ဟု ဆိုပါသည်။ ယင်
ဣ,တိ,ပိ,သော,ဘ,ဂ,ဝါ ကို စာလုံးအရေအတွက် တွက်ကြည့်ပါ
ခုနစ် ၇-လုံး ရှိပါသည်။ နောက်က 'လောကဝိဒူ' ကို ထပ်ဖြည့်
ရွတ်ဆိုပါ။ လော,က,ဝိ,ဒူ သည် လေးလုံးရှိပါသည်။ ထို့ကြောင့်
'ဣတိပိသော ဘဂဝါ လောကဝိဒူ' ဟု ရွတ်ဆိုသော် စုစုပေါင်း
ဆယ့်တစ် ၁၁-လုံး ရရှိပါသည်။ '၁၁' သည် မီး ဆယ့်တစ်မီးကို
ရည်ရွယ်ပါသည်။ ဤနေရာတွင် 'ဣ' ဆိုသော ပါဠိစကား၏အနက်
ကို စဉ်းစားစရာမလိုပါ။ ထို့အတူ 'တိ' ကိုလည်း မစဉ်းစားပါနှင့်





တစ်လုံးစီကို အဓိပ္ပါယ် စဉ်းစားမနေဘဲ ဣတိပိသောဘဂဝါ (ထို
မြတ်စွာဘုရားသည် ဤသို့) နှင့် လောကဝိဒူ (လောကသုံးပါးစလုံး
ကို သိတော်မူသော၊ မြင်တော်မူသော၊ တရားမင်းဖြစ်တော်မူသော)
ကိုသာ ယူရပါသည်။ ဆိုကြပါစို့. . "ဤသို့ လောကကြီးအကြောင်း
အလုံးစုံကို သိရှိတော်မူသော ထိုမြတ်စွာဘုရား" ဟု အကြွမ်းဖျင်း
စိတ်၌ နားလည်ပြီး ပါဠိလို ဆယ့်တစ်လုံး ပီပီသသ ရွတ်ဆိုရန်သာ
ဖြစ်ပါသည်။

"လူ့ဘဝမှာ ဖြစ်မြဲဖြစ်တဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီး
စတဲ့ မီးကြီး ဆယ့်တစ်မီးကိုပဲ ငြိမ်းပါစေလို့ စိတ်ကထားပြီး ဘုရား
ဂုဏ်တော်နဲ့ အာရုံပြုပြီး ရွတ်ဆိုတဲ့နောက်တော့ ရိုးရိုးမီးလောင်
တာအတွက်ဆို ဘာပြောစရာလိုသေးလဲကွယ်" ဟု ကျွန်တော့်အမေ
က ညွှန်းဆိုပါသည်။

စာလုံးအရေအတွက် ၁၁-လုံးနှင့် ဘုရားရှင်၏ဂုဏ်တော်
တို အာရုံပြုပုံကလေးမှာ သိပ္ပံနည်းကျသလို ဘာမျှမပင်ပန်းဘဲ
ကျင့်ကြံနိုင်သည်ဟု ကျွန်တော် ယူဆပါသည်။ သည်အတွက် ဘာ
သာရေးဆိုင်ရာ အငြင်းပွားဖွယ်လည်း မရှိနိုင်ပါ။ အဓိပ္ပါယ် အယူ
အဆ လွဲမှားစရာလည်း မမြင်ပါ။ ပါဠိစာပေနှင့် အဓိပ္ပါယ်အနက်
တိုလည်း တကူးတကန့် ကျက်မှတ်နေစရာပင် မလိုတော့ပါ။

ဤနေရာတွင် 'မီးကွင်းဂါထာ' 'ဘုရားအလောင်းဖြစ်တော်
စဉ် ငုံးမင်းဂါထာ' စသည်ဖြင့် ပညာရှိများ သွန်သင်ခဲ့ကြသည်တို့
လည်း ရှာဖွေ ရွတ်ဖတ်နိုင်လျှင် ကောင်းပါသည်။ သို့သော် ဤစာစု
တွင်ကား ကျွန်တော်က ကိုယ့်ကိုယ်ကိုနှင့်နှိုင်းစာ၍ ခရီးသွားဟန်လွှဲ



www.burmeseclassic.com

www.burmeseclassic.com



မပင်မပန်း ရွတ်ဆိုနိုင်ကြရန်သာ ရိုးရိုးကလေး နည်းလမ်းပေးပါ
သည်။

"ဆိုပါစို့သားရယ်. . 'ဣတိပိသောဘဂဝါအရဟံ' လို့ ရွတ်
ပါပြီတဲ့. . စာလုံးအရေအတွက်က ၁၀-လုံးပဲ ရှိမယ်။ မီး (၁၁)မီး
အတွက် မဟုတ်တော့ဘူး. . ဒါပေမယ့် 'အရဟံ' ဆိုတာက 'ကိလေ
သာရန်ကို ပယ်သတ်ခြင်း'လို့ အဓိပ္ပါယ်ရလေတော့ ရန်သူနဲ့ တွေ
တဲ့အခါ 'ဣတိပိသော ဘဂဝါ အရဟံ' လို့ ရွတ်ဆိုနိုင်ပြန်ရော
စာလုံး (၁၀) လုံးကို ရွတ်တာမို့ မြတ်စွာဘုရားရဲ့ပါရမီဆယ်ပါး
စိတ်က ရည်စူးပေါ့"

ဤသို့ဖြင့် ကျွန်တော်ကတော့ ကိုယ့်ဘာသာ နည်းလမ်း
အသစ်ကလေးတွေရှာပါသည်။ ဆိုကြပါစို့. . 'ဣတိပိသောဘဂဝ
ဗုဒ္ဓေါ' စုစုပေါင်း ကိုးလုံး (၉)။ 'ဗုဒ္ဓေါ' 'ဗုဒ္ဓ' အဓိပ္ပါယ်က 'သစ္စာ
လေးပါး မြတ်တရားကို ကိုယ်တိုင်သိမြင်ပြီး သူတစ်ပါးကိုလည်း
သွန်သင်နိုင်ခြင်း'။ ထို့ကြောင့် မြတ်စွာဘုရားဂုဏ်တော် (၉) ပါး
ကို အာရုံပြုပြီး အိမ်က သားသမီးတွေ စာမေးပွဲဖြေခါနီး ရွတ်ဆို
စေပါသည်။

ဤနည်းအတိုင်းပင် 'ဣတိပိသော ဘဂဝါ အနုတ္တရော ပူရိသ
ဒမ္မသာရထိ' ဟု ရွတ်ဆိုလျှင် သင့်လျော်ရာ လူနတ်ဗြဟ္မာသတ္တဝါ
မှန်သမျှကို ဆုံးမနိုင်သော ဂုဏ်တော်ကို ရည်စူး၍ (ကျွန်တော့်ဖေ
ကျောင်းဆရာမ 'အေးဘုံ' ကို) ကလေးတွေ စာသင်ခါနီး ရွတ်ဆို
စေပါသည်။ အဲ. . စာလုံးအရေအတွက်က (၁၉)လုံး ဖြစ်နေလေ
ဘုရား တရား သံဃာ စသည့် ဖြစ်တော်စဉ်များ တရားတော်မှာ



နှင့်ပတ်သက်၍ (၁၉) လုံး (၁၉) ကြိမ်. . ဘာရှိသည်ကိုတော့
ကျွန်တော်မသိပါ။ ကျမ်းကျင်နှံ့စပ်သူ ဆရာများထံ (၁၉) ဂဏန်း
နှင့်ပတ်သက်၍ မေးမြန်းနိုင်ပါသည်။ ကျွန်တော်က ကျမ်းတတ်
ပုဂ္ဂိုလ်မဟုတ်သဖြင့် မိမိဉာဏ်မီသလောက်သာ တွေးတောချင့်ချိန်
နိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်စိတ်ကူး (အမေ့ထံမှတစ်ဆင့်ရသော
အညွှန်း) သည် တန်ဖိုးမဲ့တော့ မဖြစ်ဟု ထင်ပါသည်။ ကျွန်တော်
နှင့် ကျွန်တော့်အမေကတော့ မီးဘေးဥပဒ်သံကြားလျှင် "ဣ,တိ,ပိ,
သော,ဘ,ဂ,ဝါ,လော,က,ဝိ,ဒူ" ဟူ၍သာ။

မေသတင်းဂျာနယ်၊ မေလ၊ ၂၀၀၀



www.burmeseclassic.com

www.burmeseclassic.com

## မေကံယုံ

ကျွန်တော့်သူငယ်ချင်း အမျိုးသမီးတစ်ယောက်နှင့် ပြန်တွေ့တော့ သူက. . .

"ဗလရယ်. . . ငါ ခုထိ ကံမကောင်းသေးဘူးဟယ်. ." ဟု ထုံးစံအတိုင်း ညည်းပြပါသည်။ ထုံးစံအတိုင်းဟု ပြောရခြင်းမှာ သူသည် ငယ်ငယ်ကတည်းက ဤသို့ပင် သူ့ကိုယ်သူ ကံမကောင်းသူဟု သတ်မှတ်ညည်းညူတတ်သောကြောင့် ဖြစ်သည်။ ကျောင်းမှာတုန်းကလည်း စာမေးပွဲ ခဏခဏကျသည်ကို ကံမကောင်းလို့ဟု





သူဆခဲ့၏။ သူတို့အိမ်က စီးပွားရေးမကောင်းသဖြင့် ကျွန်တော့်လို ထုံးဖြုန်းနိုင်ရှိခဲ့သည်ကိုလည်း 'ကံမကောင်းဘူးဟယ်' ဟူ၍သာ ဆိုတတ်၏။ သူ စာညံ့သဖြင့် သက်မွေးမှုတက္ကသိုလ် ဝင်ခွင့်မရတော့လည်း ထုံးစံအတိုင်းပင် ကံကိုသာ ရိုးမယ်ဖွဲ့ခဲ့လေ၏။

အသီးသီး အိမ်ထောင်တွေကျတော့လည်း သူ့အမျိုးသားက ရိုးရိုးအအ မင်းမှုထမ်းတစ်ယောက်မျှသာဖြစ်ရာ 'မအေးဘုံရယ် ကျွန်မက ရှင့်လောက်ကံမကောင်းပါဘူး' ဟု ကျွန်တော့်ကိုအပ်သော အေးဘုံအား တိုင်တည်ပါသည်။ သူ့စကား ဘယ်ရောက်လို့ ရောက်သွားသည်ကိုပင် စဉ်းစားဟန်မတူပေ။ တော်ရုံ ဆတ်ဆတ်ထိမခံသော မိန်းမမျိုးနှင့်သာဆိုလျှင်. . သူ့စကားသည် ကျွန်တော့်အဖို့ တော်တော်ခွကျမည်မှာ သေချာ၏။

မည်သို့ပင်ရှိစေ ကျွန်တော့် 'သူငယ်ချင်းမ' ကံမကောင်းဟု သူ့ကိုယ်သူ သုံးသပ်နေခြင်းမှာ ကံကိုရိုးမယ်ဖွဲ့လွန်းသော သိမ်ငယ်သောစိတ်ကြောင့်သာဖြစ်မှန်း ကျွန်တော်သိပါသည်။ ဤနေရာတွင် 'ကံ' ဟူသောကမ္မ 'အပြုအမူ'၊ 'လုပ်ဆောင်ချက်' နှင့်မပတ်သက်၍ နည်းနည်းပြောချင်ပါသည်။

ယနေ့အခါတွင် 'ကံ' ဟူသည် 'ကြမ္မာ' ဆိုတာထက် 'အလုပ်' ဖြစ်သည်ဟူသော အယူအဆကို အများသူငါတို့ လက်ခံနေကြပြီမှာ မှန်ပါသည်။ သို့သော် ပစ္စုပ္ပန်ဖြစ်သော လက်ရှိအနေအခြေအနေတွင် မိမိပြုသမျှ မိမိခံစားရမည်ဟူသော. . အယူအဆထက်. . ကံ,ကံ၏အကျိုးဆိုပြီး အင်္ဂါတ်ဘဝဘဝတွေက ကံသည် ယခုဘဝတွင် ကောင်းကျိုး (သို့) ဆိုးကျိုးကို ပေးသည်ဟူသော အယူအဆ



www.burmeseclassic.com

www.burmeseclassic.com



က မှို၍သာများနေတာ တွေ့ရပါသည်။ ထိုအယူအဆကို အားငယ်တတ်သူတွေက ပို၍ဂရုစိုက်ကြပါသည်။ ထို့ကြောင့်ပင် ကျွန်တော့်သူငယ်ချင်းမကဲ့သို့ 'ကံမကောင်းပါဘူး' ဟူသော လက်သုံးစကားကို ပြောနေတတ်ကြခြင်းဖြစ်သည်။ အတိတ်ကံသည် ယခုလက်ရှိဘဝမှာသော်လည်းကောင်း၊ နောင်ဖြစ်လတ္တံ့သော ဘဝများမှာတွင်သော်လည်းကောင်း တစ်ချို့မဟုတ်တစ်ချို့ ကောင်းကျိုးဆိုးကျိုး ပေးမည်မှာ သေချာကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိပါသည်။ သို့သော် ယခုဘဝတွင် ကံကိုသာ ရိုးမယ်ဖွဲ့၍မဖြစ်ပါ။ ကံပြုသမျှ လည်စင်းခံနေ၍လည်းမဖြစ်ပါ။ လက်ရှိအခြေအနေတွင် အကောင်းဆုံးဖြစ်အောင် ပြုဆောင်ရမည်သာ ဖြစ်ပါသည်။

ထိုကိစ္စကို ကျွန်တော်က သူငယ်ချင်းမကို ရှင်းပြတော့ သူက "မထူးပါဘူးဟယ်. . ငါ့အတိတ်ဘဝက ကံဆိုးတွေက အဆုံးမသတ်တော့ဘူးထင်ပါရဲ့" ဟု အားငယ်စကားပြောပါသည်။

ထိုအခါ ကျွန်တော်က ဗုဒ္ဓဘာသာဆိုင်ရာ ပုံပြင်တစ်ပုဒ်ကို ပြောပြနှစ်သိမ့်ရပါတော့သည်။

တစ်ခါက မိတ်ဆွေနှစ်ယောက်သည် တောလမ်းကိုဖြတ်၍ မင်းနေပြည်သို့ ခရီးသွားကြလေ၏။ လမ်းခုလတ်တွင် မဟာဗောဓိပင် (မြတ်စွာဘုရားတို့ ပွင့်အပ်သောအပင်) တစ်ပင်ကို တွေ့၏။ တစ်ယောက်သောသူသည် ထိုဗောဓိပင်၏ ကိုင်းဖျားတစ်ခုကို လက်ဆော့၍ ချိုးပစ်လိုက်လေ၏။ ကျန်တစ်ဦးကမူ ထိုကျိုးသွားသော ဗောဓိကိုင်းကို တယုတယ ယူ၍ အနီးတွင် စိုက်ပျိုးလိုက်၏။ ဤသို့ဖြင့် ခရီးဆက်ခဲ့ကြလေရာ ခရီးတစ်နေရာအရောက်တွင် 'ဗောဓိ





ကိုင်း ချိုးခဲ့သူသည် ရွှေအိုးတစ်လုံး' ကို တောက်ရလေ၏။ တစ်ချိန်တည်းမှာပင် 'ဗောဓိကိုင်း ပျိုးခဲ့သူသည် ပေါင်ကျိုး' သွားလေ၏။

ကျွန်တော်ပြောပြသောပုံပြင် မပြီးဆုံးခင်မှာပင် သူငယ်ချင်းမက ကြားဖြတ်၍. .

"ဟဲ့. . ဗလရဲ့၊ မကောင်းတာလုပ်တဲ့လူက ရွှေအိုးရပြီး၊ ကောင်းတာလုပ်တဲ့လူ ဘယ့်နှယ်ပေါင်ကျိုးရတာတုန်း" ဟု အမေးပြုလေသည်။ ထိုအခါမှ ကျွန်တော်က. .

"သူငယ်ချင်းရဲ့ အမှန်က ဗောဓိကိုင်းချိုးသူဟာ မင်းနေပြည်ရောက်ရင် ဘုရင်ဖြစ်တော့မှာ. .၊ ဟိုမှာက မင်းလောင်းရှာနေတဲ့အချိန်လေ. . ဒီမှာတွင် သူက ဗောဓိကိုင်း သွားချိုးလိုက်မတော့. . သူ့ကံဇာတာပျက်ပြီး ရွှေအိုးကလေးပဲ ရတော့တာပေါ့"

"ဒါဖြင့်. . ဟိုတစ်ယောက်က"

"အေး. . အဲဒီ. . ဗောဓိကိုင်း ပျိုးတဲ့လူရဲ့ ကံက ရှေ့ဆက်သွားရင် သေမယ့်ကံ. .၊ ဒါပေမယ့် လမ်းမှာ ဗောဓိကိုင်းပျိုးလိုက်တဲ့ ကုသိုလ်ကံကြောင့် ပေါင်ကျိုးရုံသာ ကျိုးသွားတာပဲ. ."

ကျွန်တော့်သူငယ်ချင်းမသည် ကံ,ကံ၏အကျိုး ဆိုတာကို ရှင်းမရှင်းတော့ မသိ။ ကျွန်တော့်ကိုတော့. .

"နင့်ကို ကျေးဇူးတင်လိုက်တာဟယ်" ဟု ပြောသွားလေ၏။

မေသတင်းဂျာနယ်၊ ဩဂုတ်လ၊ ၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com

# ပညာပေးကြည့်ဆိုရာဝယ်...

ညပိုင်းပြသော နိုင်ငံခြားဇာတ်လမ်းတွဲများထဲတွင် ကျွန်တော်က ညဦးပိုင်း ၇-နာရီလောက် မြဝတီရုပ်မြင်မှပြသော ဂျပန်ဇာတ်လမ်းတွဲများကို ပို၍ကြိုက်သည်။ ထိုဂျပန်ဇာတ်လမ်းတွဲများထဲကလည်း 'နွေဦးပုံပြင်' ကဲ့သို့ ပညာလည်းပေး၊ ဖျော်ဖြေရေးလည်းပါသော ဇာတ်လမ်းတွဲမျိုးကို ပို၍ကြိုက်သည်။ အချို့က ထိုအချိန်မျိုး တီဗွီမကြည့်နိုင်၍လည်းကောင်း၊ အထိုးအသတ်အခုတ်အဖြတ်တွေ မပါသောကြောင့် မကြိုက်ဘူးဟု မကြည့်သူတွေလည်း ကျွန်တော့်မိသားစုထဲမှာပင် ရှိသည်။ သူတို့ကို ကျွန်တော်က ဖွက်ကြည့်ခိုင်းရသည်။ အကြောင်းက ထိုပညာပေး ဂျပန်ဇာတ်လမ်းတွဲများသည်





တစ်ဦးတစ်ယောက် လူတစ်စုအတွက်သာ ပညာပေးခြင်းမျိုး မဟုတ်။ တစ်မျိုးသားလုံးအတွက် ပညာပေးတွေ ပါသောကြောင့် ဖြစ်သည်။ နွေဦးပုံပြင်ဆိုလျှင် ကုန်တိုက်ဝန်ထမ်းတွေအတွက် ပညာပေးဖြစ်သည်။ ခနော်ခနဲ့ မတော်မတည့် လုပ်မိသည့်အတွက် အမှားမှားအယွင်းယွင်းတွေ၊ ရောင်းသူနှင့် ဝယ်သူကြား ပြဿနာ ပွားရတတ်သည်ကို ဟာသဖြင့် ဇာတ်ကွက်ဆင်ပုံမှာ အလွန်လှသည်။ ပညာလည်းရ၊ အညည်းလည်းပြေ။ အချို့ဇာတ်ကွက်တွေကျတော့ လူ့သဘာဝ၊ လူ့မနောတွေကို ပြသသွားသည်မှာ လွမ်းစရာအပြင် မျက်ရည်ပင်လည်စရာကောင်းလှသည်။ ဘာကယ်တော့ ထိုဇာတ်လမ်းတွဲတွင် ဇာတ်လမ်းကြီးမပါပါ။ ဇာတ်ကွက်ကလေးများ စုပေါင်းထားခြင်းသာဖြစ်ပါသည်။

သည်ဇာတ်လမ်းတွဲမျိုးကို ကလေးတွေ မကြည့်ချင်ကြသည့်တိုင် လူကြီးသူမတွေက အိမ်စာသင်သလိုပင် ဖွတ်ကြည့်ခိုင်းစေသင့်ပါသည်။ နောင် သူတို့ ကြည့်ကျင့်ရသွားလို့ ကြိုက်သွားပြီဆိုလျှင် အဖိုးတန်ရုပ်ရှင်တွေ ကြည့်ဖြစ်သွားကြလိမ့်မည်။ ဖြစ်နိုင်လျှင် ထိုဇာတ်လမ်းတွဲကို ကူးယူထားပြီး ကျွန်တော်တို့ကုန်တိုက်ကြီးတွေ၏ တာဝန်ရှိသူများက မိမိတို့ဝန်ထမ်းများကို ပြန်၍ပြသသင့်သည်။ ကြည့်မနေရ (အစည်းအဝေးထိုင်သလို) ပြပေးကြစေချင်သည်။ ဖြစ်နိုင်လျှင်ပြောပါတယ်။

တလောကပင် အလင်းတန်းဂျာနယ်မှာ ဂျပန်ကားဆိုသည့် ခေါင်းစီးဖြင့် ထိုကဲ့သို့သော မြန်မာမှုဇာတ်လမ်းတွဲတွေ၊ မြန်မာ ရုပ်ရှင်ပညာရှင်များက နိုင်ငံတော်အကူအညီဖြင့် ရိုက်ကူးပြသစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ကြောင်း ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသေးသည်။ (သက်ဆိုင်ရာ ပုဂ္ဂိုလ်အချို့နှင့်ဆုံတော့လည်း အစီအစဉ်ရှိကြောင်း ပြောသဖြင့် ဝမ်းသာခဲ့ရသည်)

ဟော. . ခုတစ်ခါ လာပြန်ပြီ။ 'ဟိုတယ်'တဲ့။ သဘောကတော့ နွေဦးပုံပြင်လိုပါပဲ။ ဟိုတယ်ဝန်ထမ်းများနှင့်ပတ်သက်သည့် ပညာပေးဇာတ်လမ်းတွဲ။ ရယ်စရာရော၊ အမှာစရာရော ပါသည်။

ညက ကြည့်လိုက်ရသော ဇာတ်ကွက်ကလေးတစ်ခုတွင် ဟိုတယ်၌ တည်းခိုနေသော အနောက်နိုင်ငံသား ကိုတိကျကြီးများနှင့် ယဉ်ကျေးဖွယ်ရာသော၊ ဇွဲသတ္တိကောင်းသော အရှေ့တိုင်းသားတို့၏(ဟိုတယ်၌ဖြစ်တတ်သော သဘာဝ) ပဋိပက္ခကို ပြသွားသည်။ အနောက်တိုင်းသားတို့၏ ဒုက္ခအခဲကို အရှေ့တိုင်းသားတွေက ပျူငှာစွာ ဖြေရှင်းပေးပုံ၊ အဆုံးသတ် ပြေလည်မှု ရသွားပုံကလေး ပြသွားသည်မှာ ယဉ်ကျေးမှုရော၊ အနုပညာရော၊ နိုင်ငံရေးသဘော ပါ,ပါသည်။ လှလိုက်တာလေ။

ဒါလေးကြည့်ပြီးတော့ ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခု သွားသတိရသည်။ တစ်ချိန်သောအခါက နိုင်ငံခြားသားအနုပညာရှင်တစ်ဦး ရန်ကုန်ရောက်လာသည်။ သူနှင့်ကျွန်တော်က ဟိုစဉ်က ခင်မင်ခဲ့ဖူးသည်။ သူသည် ရောက်မဆိုက်ပင် ကျွန်တော့်ထံ တယ်လီဖုန်း ဆက်သည်။ (သည်ကောင်တွေ အလွန် အမှတ်သညာကြီးသည်)

ဆိုပါစို့ရဲ့. . သူက တွေ့ခွင့်ရမလားဟု ချိန်းသည်။ သည်က ကိုရွှေမြန်မာ သုမောင်ကလည်း အားနာတတ်သူပီပီ အလုပ်တစ်ခု





ကိုဖျက်ပြီး တွေ့ပါမည်ဟု ကတိပြုလိုက်သည်။ ည ခုနှစ်နာရီမှာ တွေ့ကြစို့ဟု။ သူတည်းခိုသည့် ဟိုတယ်နာမည် ပြောသည်။ ကော်ဖီခန်းမှာ သူစောင့်ပါမည်တဲ့။

ကျွန်တော်လည်း သူချိန်းဆိုချိန်မတိုင်မီ အရောက်သွားတာပါပဲ။ ကိုယ်က အိမ်ရှင်မဟုတ်လား။ ကြိုရောက်သင့်သည်ပေါ့။ သိတော်မူသည့်အတိုင်း ကျွန်တော့်အကျင့်ကြောင့်ရော၊ လမ်းပန်းအခက်အခဲကြောင့်ရော ကျွန်တော် ဆယ်မိနစ် နောက်ကျသွား၏။ ဟိုရောက်တော့ သူ့မျက်နှာသည် မှုရင်းနီသထက် နီလာ၏။

"မင်း ဆယ်မိနစ်တိတိ နောက်ကျတယ်"

"လမ်းမှာ ကားတွေပိတ်နေလို့ပါကွာ"

"အဲဒါထက် အရေးကြီးတာက ဒီဆယ်မိနစ်အတွင်း ငါ စိတ်အနှောင့်အယှက်အများကြီးဖြစ်ရတယ်"

"ဘာဖြစ်သွားလို့လဲ"

သည်တော့မှ သူကရှင်းပြသည်။ သူ ကျွန်တော့်ကို ထိုင်စောင့်နေစဉ်အတွင်း စားဝန်ကျဝန်ထမ်းကလေးတစ်ဦးက "ဘာအကူအညီပေးရမလဲ" ဟု သူ့လာမေးတော့ "လူတစ်ယောက် စောင့်နေတာပါ" ဟု ဖြေသည်။ သည်မှာတင် ချာတိတ်(လူသစ်ထင်ပါရဲ့)က စေတနာပိုသွားတော့၏။

"ကျွန်တော် ရှာပေးပါ့မယ်" ဟု။

သည်မှာတင် ကျွန်တော့်မိတ်ဆွေ အနုပညာရှင်သည် ဒေါသတကြီးဖြစ်ရတော့သည်တဲ့။ သည်တော့မှ ကျွန်တော်လည်း ချာတိတ်ကိုခေါ်ပြီး နှောင်သည်လို မလုပ်ကောင်းကြောင်း ဆုံးမပြီး မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကောင်လေးက လူသစ်မို့ နားမလည်လို့ပါဟု တောင်းပန်ရသည်။ ကိစ္စကတော့ ပြီးသွားပါသည်။ အကယ်၍ မိတ်ဆွေက. . မန်နေဂျာသွားတိုင်လျှင် ချာတိတ်အလုပ်ပြုတ်တော့မည်မှာ သေချာသည်။

ကျွန်တော်ပြောချင်တာက ဝန်ထမ်းတွေကို ပညာများများပေးဖို့ပါ။ ဟိုတယ်ကိုလည်း အပြစ်မတင်ပါ။ ကောင်လေးကိုလည်း အပြစ်မမြင်ပါ။ ကျွန်တော်တို့ဆီက ဟိုတယ်များသည် သူတို့ဆီက ထက် များစွာသာလွန်ကြောင်း ကျွန်တော် သိပါသည်။ ပစ္စည်းပိုင်း လူပိုင်း၊ ယဉ်ကျေးမှုပိုင်း အရာရာသာပါသည်။ သို့သော် နိုင်ငံခြားသားတိုင်းကို ထိုသို့သောကိစ္စမျိုးအတွက်ဟု ကြည့်တတ်သူအချို့ကို ပညာပေးစေချင်သလို ဟိုကလူတွေလည်း ကျွန်တော်တို့ဆီရောက်လျှင်လည်း သည်လိုပါလားဟု ထင်သွားလျှင် မကောင်းပါ။ (သူတို့ဆီမှာတော့ ဒါမျိုးတွေ ပေါ်မှပေါ်) သို့သော်. . . မတူဘူးလေ ကျွန်တော်တို့က မြန်မာတွေမဟုတ်လား။

ပေါ်ပြူလာဂျာနယ်၊ ဩဂုတ်လ၊ ၂၀၀



# ဂါထာလက်ဆောင်

ဒီစာမူမှာတော့. . 'ၡ၏' 'သည်' စတဲ့ အသုံးအနှုန်းတွေနဲ့ မရေးဘဲ 'စကားပြော' အသုံးအနှုန်းနဲ့ ရေးလိုက်ပါတယ်။ သုမောင်စည်ကမ်းဖောက်တယ်ဆိုချင်လည်း ဆိုကြပေရော့။ အကြောင်းက 'မေ' အထူးထုတ်အတွက် ဆရာဦးမြတ်စုက စာမူတောင်းတော့ အထူးထုတ်ဆိုတဲ့အတိုင်း 'မေ' တို့ကို တိုက်ရိုက်စကားလေး ပြောချင်လို့ပါပဲ။ ခွင့်လွှတ်ကြပါကွယ်ရို့။

သိပ်တော့ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးလေ။ စကားပုံခေါ်မလား၊ ကာရံပါတဲ့ ဆောင်ပုဒ်ကလေးခေါ်မလား. . ဒါလေးပြောပြချင်လို့ပါ။ ခဏနေဦး. . စကားပုံကို နောက်ဆုံးမှ ပြောပြမယ်။



www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ်ပြောချင်တာက မိန်းမတွေရဲ့ ကောင်းခြင်းလက္ခဏာငါးဖြာမှာ ဆံပင်ဟာ အဓိကကျတယ်ဆိုတာ လူတိုင်းသိပါတယ်။ ဒါပေမယ့် ခုပြောမှာက ဆံပင်အကြောင်းမဟုတ်ပါဘူး။ ဆံပင် ဘယ်လောက်ကောင်းကောင်း ခုနှယ်ခါ ဖြတ်တောက်ပစ်နေကြပြီမဟုတ်လား။ အဲ. . 'သမင်မျက်လုံး' လို့ခေါ်တဲ့ မျက်လုံးကိုတော့ ဘယ်သူမှ ဖောက်ထုတ်ပြီး အသစ်မလဲချင်ကြပါဘူး။ သူ့နဂိုအတိုင်းလေးပဲ ထားချင်ကြတာသေချာပါတယ်။ မျက်ခွံလှီးတာ၊ မျက်ရစ်ဖော်တာ၊ ကာချယ်ဆိုးတာတွေကို မဆိုလိုဘူးနော်။ မူလပင်ကိုယ် မျက်လုံးလေး လှပဖို့ပါ။ (မျက်စိမှုန်တာတော့ မတတ်နိုင်ဘူးပေါ့လေ) ဒီအတွက် တချို့က ခုခေတ်မှာ ဘာလုပ်ကြသလဲ။ မျက်ကပ်မှန် ပါဝါမပါဘဲ တပ်ကြတယ်။ အရောင်ခြယ်ကြတယ်။ မျက်ကြည်ဆေးတွေ သုံးကြတယ်။ ဒါက ငွေကြေးတတ်နိုင်တဲ့သူတွေရဲ့ အလုပ်ပါ။ ခုပြောမှာက တတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ ဘာမှကုန်ကျစရာမလိုဘဲ လုပ်ရိုးလုပ်စဉ် လုပ်ရုံနဲ့ မျက်လုံးလေးတွေကြည်ပြီး လှလာတဲ့နည်းပါ။ (လှရုံမကဘူး ကွယ်ရို့. . မျက်စိရောဂါတောင် ပျောက်နိုင်ပါတယ်။) ဆရာကြီးသာဂဒိုး ရေးရေးနေတဲ့ ကွမ်းရွက်ကပ်နည်းထက်တောင် လွယ်သေးတယ်ဗျာ။

မနက်မိုးလင်းတာနဲ့ သောက်ရေအိုးထဲက (ရေခဲသေတ္တာထဲက သိပ်မအေးတဲ့ ရေလည်းရပါရဲ့) ရေသန့်သန့်ကလေးတစ်ခွက်၊ မျက်စိတစ်ဖက်ကို အဲဒီထဲနှစ်၊ ပုတ်ခတ်ပုတ်ခတ်လုပ်။ သုမောင်ပြောဖူးသလိုပေါ့လေ. . အနန္တောအနန္တငါးပါး ရည်ရွယ်ပြီး ငါးခါဖြစ်ဖြစ်၊ ဂုဏ်တော်ကိုးပါး ရည်ရွယ်လို့ ကိုးခါဖြစ်ဖြစ် လုပ်ပါ။





ပြီးတော့ နောက်မျက်စိတစ်ဖက်။ ကိုင်း. . ဘာခက်တာလိုက်လို့။ (သုမောင်ဆို မနက်တိုင်းတွင်မက အားတိုင်းလုပ်တယ်။ ဒါကြောင့် ဒီနေ့အထိ မျက်စိလုံးဝမမှုန်သေး။)

ဒီတော့ မေတို့က 'ဒါလေးများ' လို့ဆိုမလားမသိဘူး။ မဆိုလိုက်ပါနဲ့ မမတို့ရေ. . ။ အင်္ဂလန်ဘုရင်မကြီး အယ်လီစဘက်ရဲ့နှမတော် 'အန်း' မင်းသမီးဟာ ကမ္ဘာပေါ်မှာ မျက်လုံးအလှဆုံးတဲ့။ သူ ဘာလုပ်သတုန်း။ စောစောကပြောတဲ့နည်းပါပဲတဲ့ဗျာ။

ကောင်းပါပြီ. . နောက်တစ်ခု 'နား'။ နားရွက်လှတာ၊ မလှတာထက် မိန်းကလေးတွေ နားဖာကလော်တာ အကြည့်ရ ရုပ်ဆိုးပါတယ်။ လူဆိုတာ နားဖာချေးတော့ရှိတာ မမွှတာပါပဲ။ နားသန့်ဆေးတွေရှိသားပဲလို့ ပြောလို့ရပါတယ်။ ဒါပေမယ့် နားသန့်ဆေးတကာ့တကာထဲ အကောင်းဆုံးက 'အုန်းဆီ' ပါ။ ညအိပ်ရာဝင်အုန်းဆီကလေး နားထဲ ဂွမ်းစကလေးနဲ့ ဆွတ်ဆွတ်ပေးကြည့်ပါ။ (နေ့တိုင်းလုပ်စရာ မလိုပါဘူး) ဒါမှမဟုတ် ခုနှယ် လမ်းဘေးပုံရောင်းနေတဲ့ ဂွမ်းတပ်ပြီးသား တုတ်ချောင်းလေးတွေနဲ့လည်း ဖြစ်တာပဲ။ တစ်ပတ်တစ်ခါလောက်ဖြစ်ဖြစ် နားကလေးထဲ အုန်းဆီကလေးနဲ့ကြပ်ပေးကြည့်စမ်းပါ။ နားသန့်လာပါလိမ့်မယ်။ (မရိုသေ့စကား၊ ကိုယ့်ချစ်သူက တီးတိုးစကားပြောရင်တောင် နားသန့်နေတော့ မကောင်းပေဘူးလား)

ဟော. . လာပြီ။ မိန်းမတွေရဲ့အလှမှာ အလွန်အရေးကြီးတာတစ်ခု။ 'သွား'။ သွားလှဖို့ဆိုတာက ပြင်လို့ရတယ်။ ဒါပေမယ့် ပြင်တဲ့သွားထက် နဂိုသွားက ပိုပြီးလှဖို့ အရေးကြီးပါတယ်။ အထူး


www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သွား(မလှသည့်တိုင်) သန့်ဖို့က အလွန့်အလွန်ကို အရေးကြီးပါတယ်။ 'ဟယ်. . သွားကလေးတွေက ပုလဲလေးတွေကျနေတာဲ' လို့ ချီးကျူးသူရှိသလို၊ 'ဟယ်. . သွားတက်ကလေးနဲ့' လို့ ဂုဏ်ပြု သူလည်း ရှိတာပါပဲ။ သဲည်တော့ သွားသန့်ဖို့ ဘာလုပ်မလဲ။ ားတိုက်သားပဲ။ သည်လို မဟုတ်သေးဘူး။ များသောအားဖြင့်က းကို မနက်ပိုင်းမှာပဲ တိုက်ကြတာ။ တကယ်က သွားကို ညအိပ် ၂ဝင်မှ တိုက်ရမှာ။ (မနက်လည်းတိုက်ပေါ့လေ) တစ်နေကုန် စားထားတဲ့ အစာတွေကို ညအိပ်ရာဝင်မှာ ရှင်းလင်းပစ်မှ အဓိပ္ပါယ်ရှိမပေါ့။ ဖြစ်နိုင်ရင်တော့ အစာစားပြီးတိုင်း သွားကို ဆေးကြောပစ်တာ အကောင်းဆုံးပါပဲ။ သွားတိုက်တာ၊ ဆေးကြောတာဆိုတာလို့ သွားပွတ်တံကြီးနဲ့ တစ်ပျစ်ပျစ် အားတိုင်းတိုက်နေဖို့မဟုတ်ပါဘူး။ ပါးစပ်ဆေးပြီး လက်ကလေးနဲ့ ပွတ်သပ်ပေးရုံပါ။ ကောင်းပြီ. . ဒီနေရာမှာ ဘာကို သုံးမလဲ။ သွားသန့်ဆေး၊ ခံတွင်းသန့်ဆေးတွေ ရှိနေသားပဲဟာ။ သုမောင်က အလွယ်ဆုံး၊ အသက်သာဆုံး၊ အနီးစပ်ဆုံးတွေ ပြောနေတာလို့ ဝန်ခံခဲ့ပြီးပြီပဲ။ 'ဆား' ပေါ့။ အစာစားပြီးတိုင်း ဆားနုနုကလေးနဲ့ ရွရွကလေးပွတ်၊ ရေနဲ့အာလောက်လောက်ဆိုပြီး ပလုတ်ကျင်း၊ ပြီးတာပါပဲ။ ဒါမှမဟုတ်၊ ဒါထက်တော့ နည်းနည်း အလုပ်ရှုပ်လိမ့်မယ်။ ဆားရေသန့်သန့်ကလေးဖျော်၊ ပုလင်း ့ထည့်ထား၊ အစာစားပြီးတိုင်း စောစောကနည်းအတိုင်း လုပ်။ အာင်မယ်လေး. . ပြောရင် ယုံမှာမဟုတ်ဘူး။ သုမောင်ရဲ့အမေ (၊၃) နှစ်ကြီး သွားတစ်ချောင်းမှ မကျိုးသေးဘူး။ မယုံ အိမ်မှာ ာကြည့်လှည့်။



နေဦးနော်. . စောစောကပြောတဲ့ ကာရံပါတဲ့ ရှေးဆောင်ပုဒ်ရောက်ခါနီးပါပြီ။ ခုလောလောဆယ် 'ဝမ်း' အတွက် ပြောစရာနည်းနည်းကလေး ကျန်သေးလို့။ မိန်းကလေးတွေရဲ့အလှမှာ ဝမ်းဗိုက်လည်းပါတာပဲ။ သူလည်း သွားလိုပဲဗျ။ ချပ်ချပ်ရပ်ရပ်ကလေးလည်းဖြစ်မှ၊ အပုပ်အစပ်လည်း ကင်းပါမှ. . နော့မို့ဖြင့်. . ပါးစပ်တွေ ဘယ်လောက်ဆေးဆေး ဝမ်းထဲကအနံ့ဆိုးကတော့ တက်လာမှာပဲ။(ဝမ်းမှန်မှန်သွားတာလည်း တစ်ပိုင်းပေါ့ရွှေ)

အရေးအကြီးဆုံးက 'အခါး' ပဲ။ အခါးကလေး တစ်နေ့နည်းနည်း နည်းနည်းစားပေးသင့်တယ်။ ဆိုပါစို့. . ထမင်းစားတဲ့ အခါ ဖန်ခါးသီးလေး တို့စားတာမျိုးပေါ့။ ဇီးဖြူသီးလေး ကိုက်တာမျိုးပေါ့။

ခက်တော့ အခက်သားလား. . ခုနှယ်ခါ မိန်းကလေးတွေက 'ချို၊ချဉ်၊စပ်၊ဖန်၊ငန်၊ခါး' ရသာခြောက်ပါးမှာ 'အခါး' ကလွဲရင် ကျန်ငါးပါးစလုံးသာ ခံတွင်းတွေ့နေကြတာကိုး။

ကိုင်းပါလေ. . စောဘေကပြောတဲ့ ကာရံပါတဲ့ ရှေးဆောင်ပုဒ်ကလေးနဲ့ပဲ အဆုံးသတ်ပါတော့မယ်။

"မျက်စိမှာရည်(ရေ)
နှားမှာဆီ
ဒန္တမှာဆား(ဒန္တ-သွား)
ဝမ်းမှာခါး. . " တဲ့။

မေသတင်းဂျာနယ်၊ စက်တင်ဘာလ၊ ၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# ဂျွမ်းနှင့်ရေကြည်

ခုတလော ဘယ့်နှယ်ဖြစ်သည်မသိပါဘူး။ စာရေးရင် လက်ကျွံသွားတတ်သည်ချည်း ဖြစ်နေပါသည်။ အမှားမှားအယွင်းယွင်းတွေ ဖြစ်တတ်ပါသည်။ စေတနာဆိုးနှင့်တော့ မဟုတ်။ စေတနာကောင်းထားလျက်က သဒ္ဓါ(ယုံကြည်မှု) လွန်ပြီး အမှတ်မဲ့ မှားယွင်းရခြင်းပါ။ မည်သို့ရှိစေ မှားလျှင် ဝန်ခံရပေမည်။ အထူးသဖြင့် သုတစာပေမျိုးတွင် အကိုးအကား ဥပမာပေး စသည်များ မှားလျှင် ချက်ချင်း ဝန်ခံရပေမည်။





သည်ကနေ့လည်း မေဂျာနယ်(အတွဲ ၃၊ အမှတ် ၃) ရလျှင်ရချင်း မိမိစာမူကို ချက်ချင်း ပြန်ဖတ်ရာ အမှားများတွေ့ရပါသည်။ မိမိစာမူ 'ဂါထာလက်ဆောင်' စာမျက်နှာ(၅)၊ ကော်လံ(၁) အဆုံးနှင့် ကော်လံ(၂) အစတွင်. . . 'အယ်လစ်ဇဘတ်ဘုရင်မကြီး၏ နှမတော် အန်းမင်းသမီး' ဟု မှားယွင်းဖော်ပြမိသည်ကို ပထမဆုံး တွေ့ရပါသည်။ အမှန်က 'အန်းမင်းသမီး' မှာ ချားလ်(စ်)မင်းသား၏နှမတော် ဖြစ်ပါသည်။ မိမိစာမူ၏ ဦးတည်ချက်လိုရင်း မဟုတ်သော်လည်း ဥပမာပေးရာတွင် လောကြီးပြီး ပုဂ္ဂိုလ်အမည်မှားခြင်း ဖြစ်ပါသည်။ ဟိုတစ်ခါ ရုပ်ရှင်အောင်လံမဂ္ဂဇင်းပါ (မစိုးအိမ်သူသို့ အိတ်ဖွင့်ပေးစာ) စာမူတွင်လည်း သည်လိုပဲ ဥပမာပေး ပုဂ္ဂိုလ်အမည် မှားယွင်းခဲ့သဖြင့် တောင်းပန်ရဖူးပါသည်။ ထိုစဉ်ကတော့ ပို၍အရုပ်ဆိုးခဲ့၏။ ဆရာကြီးပီမိုးနင်းနှင့် ဆရာကြီးဦးဖိုးကျားကိုမှ မှားရခြင်းပါ။ မည်သို့ပင်ရှိစေ ရသစာပေရေးရာ၌ လူပုဂ္ဂိုလ်အကြောင်းတရားနှင့် အချက်အလက်တို့ကို ထိန်ချန်၍ ဖုံးကွယ်ရေးသားရနိုင်သော်လည်း သုတစာပေအံမျိုးအစားတွင်ကား. . ထိုကိစ္စများ မမှားသင့်ပေ။ စောစောကပြောသလို စာရေးလောကြီးလို့ပဲဖြစ်ဖြစ်၊ သဒ္ဓါလွန်သွားလို့ပဲဖြစ်ဖြစ်၊ တိတိကျကျ မဖော်ပြနိုင်သည်မှာ အပြစ်ရှိပါသည်။ ပြီးမှ. . တောင်းပန်စာ ရေးရသည်မှာလည်း တစ်ရှက်က နှစ်ရှက်ဖြစ်ရပါသည်။ သို့သော် သည်အတိုင်းပြီးပြီးစလွယ်ထားလို့လည်း မဖြစ်ပြန်ပါ။ အထူးသဖြင့် 'မေ'ဂျာနယ်မှာ မိမိ၏မိခင်၊ အဒေါ်၊ အစ်မ၊ နှမ၊ သမီး. . စသဖြင့်သော အမျိုးအံစားစား အမျိုးသမီးများအတွက် ရည်ရွယ်ရင်း ဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာရမည်ပင်။ ကျွန်တော်က အမေသမား၊ သမီးသမား မဟုတ်ပါလား။

သည်လိုနှင့်ဆက်ဖတ်ပြန်တော့ မိမိဆောင်းပါး၏ အောက်ဆုံးအပိုင်းတွင် အမှားတစ်ခု ထပ်တွေ့ပြန်သည်။ မျက်စိမှ ကြည်၊ နားမှာဆီ၊ ဒန္တိမှာဆား၊ ဝမ်းမှာခါး ဟူ၍ ဖော်ပြရာ၌ မျက်စိမှာ ရည်(ရေ)ဟူ၍ ဖြစ်နေသည်။ ဒါကတော့ ကွန်ပျူတာစာစီ မှားတာ ဖြစ်ပါလိမ့်မည်။ မူလအဆိုမှာ 'ကြည်' 'ကြည်လင်သန့်ရှင်းသောရေ' ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် မိမိ၏ ဥပမာပေးပုဂ္ဂိုလ်အမည် မှားယွင်းမှုအတွက် အမှားပြင်ချက်ထည့်ပေးရန်. . 'မေ' အယ်ဒီတာထံ အကြောင်းကြားမည် စိတ်ကူးနေစဉ် တိုက်တိုက်ဆိုင်ဆိုင် တယ်လီဖုန်းခေါ်သံ ဝင်လာပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ဟု စကားဦးသန်းရခြင်းအကြောင်းကို ဤစာစုဆက်ဖတ်ရင်း စာဖတ်သူ သိသွားပါလိမ့်မည်။

ကျွန်တော့်ထံ တယ်လီဖုန်းခေါ်သူမှာ ဦးလေးဒိုး ဖြစ်ပါသည်။ စာဖတ်သူတို့ ကောင်းစွာသိသော သတင်းဆရာ စာရေးဆရာကြီး (ဦး)သာဂဒိုးပါ။ ဦးလေးဒိုးမှာ ကျွန်တော့်ဖခင်၏ ရှပ်ရှင် တ်ဆွေ စာပေညီအစ်ကိုဖြစ်လေရာ ကျွန်တော်၏ စာပေ ဦးလေး ပါက မမှားပေ။ ပြီးတော့ ကျွန်တော်ရို့ငယ်စဉ်က ဦးလေးဒိုး က်ပေါ် ကြီးလာခဲ့ရပါသည်။ ဦးလေးဒိုးက ကျွန်တော့်ထံ တကူး ကန့် ဖုန်းဆက်ရခြင်း အတိုချုပ်မှာ. .

"ကိုသုမောင်လား. . ကျွန်တော် သာဂဒိုးပါ။ စောစောက တွင် မေဂျာနယ်ပါ ခင်ဗျားဆောင်းပါး ဖတ်လိုက်ပါတယ်။ (ဦးလေး





ာ ကျွန်တော်/ခင်ဗျားဟု သုံးနှုန်းပါသည်) ဒါ့ဒီမှာ နည်းနည်း ပြောချင်တာလေး ရှိလို့ပါ။ မျက်စိကို ရေကြည်ခပ်ပေးတဲ့ ဓလေ့က ကောင်းပါတယ်။ သို့သော် ရေမသန့်ရင် မကောင်းပါဘူး။ အထူး ဖြင့် မျက်စိရေတိမ်ရောဂါဖြစ်နေသူတွေအတွက် အလွန် သတိ ားရပါမယ်"

"ဟာ. . ဝမ်းသာလိုက်တာ ဦးလေးရယ်. . ကျွန်တော်က တနာလောကြီးပြီး ရေးလိုက်မိတာပါ။ ဘေးထွက်ဆိုးကျိုးတွေကို ည့်မရေးမိပါဘူး။ ကျွန်တော် ထပ်ပြီးဖြည့်စွက်ရေးလိုက်ပါဦးမယ်"

"ရပါတယ်ဗျာ. . ကျွန်တော်က သတိပေးတာပါ။ အပြစ်ဆို ာ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အမှားလို့ ဝန်ခံပါတယ်ဦးလေး"

"ဒါနဲ့စကားမစပ် ခင်ဗျားနား နည်းနည်းလေးတယ်ဆို. . ျွန်တော်က ဂျာနယ်မဂ္ဂဇင်း အစုံဖတ်ရတယ်ဗျ။ အသက်ကြီးတော့ ာပဲထိုင်ဖတ်နေတာ။ ဒီတော့ ခင်ဗျားစာပေတွေ ဖတ်ဖြစ်လို့ သိရ ာပါ။ အဲဒါ. . သိပ်ကောင်းတဲ့ နည်းတစ်ခုပေးချင်တယ်။ တခြား ဟုတ်ပါဘူး။ ကျွန်တော့်လက်သုံးနည်းပါပဲ။ ကွမ်းရွက် သန့်သန့် လေး ရေဆေးပြီး အနေတော် လုံးချေလိုက်ပါ။ ပြီးတော့ နားဝ ာ ဆို့ထားပေးပါ။ သိသိသာသာ ကောင်းသွားပါလိမ့်မယ်။ မျက်စိ အတွက်လည်း အပန်းမကြီးပါဘူး။ ကွမ်းရွက်ကလေး ကပ်ကပ်ပေး ါ။ ခင်ဗျားမိသားစုထဲ နှလုံးရောဂါရှိရင် ရင်ဘတ်မှာ ကွမ်းရွ ပ်ပါ။ ကွမ်းရွက်ကတော့ ဘက်စုံဆေးပါပဲဗျို့. . "



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဒိုးသည် စာရေးဆရာငယ်တစ်ယောက်ကို သွန်သင်နေသည်နှင့်မတူပါ။ ငယ်တုန်းက သူ ချီပိုးလာသူ 'ဗလကြီး' ကို ဆိုဆုံးမနေသလိုမျိုးဖြစ်ပါသည်။

ကိုင်း - စာဖတ်သူမေတို့ရေ . . သုမောင်ညွှန်းသလို မျက်လုံးလှဖို့ ရေကြည်ရေသန့်ကလေးကိုလည်း မိမိမျက်လုံးနှင့် တည့်မတည့် စုံစမ်းပြီး ခပ်ပေးပါ။ ဆရာကြီး (ဦး)သာဂဒိုးပြောသလို ကွမ်းရွက်ကလေး ကပ်ပေးတာကတော့ အန္တရာယ်အကင်းဆုံးပါဗျာ။

မေသတင်းဂျာနယ်၊ စက်တင်ဘာလ၊ ၂၀၀၀



# အဝေးထိန်းခလုတ်နှင့်...

ကျွန်တော်တို့ငယ်စဉ် လူပျိုပေါက်ဘဝဆီက စာပေမှာရော ရုပ်ရှင်မှာပါ ပညာပေးဆိုင်ရာ ဇာတ်လမ်းဇာတ်ကွက်တွေ ပေါ်ပေါက်ခေတ်စားခဲ့ဖူးသည်။ နှစ်မျိုးနှစ်စား ဖြစ်ပါသည်။ တစ်မျိုးက 'အတုံးလိုက်အတစ်လိုက်' ဟု သမုတ်ခြင်းခံရသော ပညာပေးသက်သက် ဖြစ်သည်။ နောက်တစ်မျိုးကတော့ လုပ်ချင်ရာလုပ်ပြ၊ ဖြစ်ချင်ရာဖြစ်ပြ၊ ဆိုးချင်တိုင်း ဆိုးပြကြပြီး နောက်ဆုံးကျမှ တစ်ခန်းလောက် တစ်ကွက်လောက်မှာ 'မှားပါပြီ' 'နောင်တရပါပြီ' 'မြှုပြင်လိုက်ပါပြီ' နှင့်ပြီးသွားသော 'နှမ်းထောင်းဖြူး' ပညာပေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနူးမနပ် ပရိသတ်တွေကို အချိုသကာလောင်းပြီး အဆိပ်ခတ်သည့်သဘောမျိုးတွေ ဖြစ်တတ်ကြပါသည်။

လူထုတစ်ရပ်လုံးအတွက် သန့်စင်သောဖျော်ဖြေရေးနှင့်မတူ ပညာပေးသော ‘သကြားအုပ်ဆေးခါး’ လိုမျိုး အနုပညာများ မရှိဘူးတော့မဟုတ်။ အလွန်နည်းပါးပါသည်။ ဖျော်ဖြေရေး ငွေကြေးလည်းရ၊ အနုပညာပိုင်း စာပေဆု၊ ရွှေစင်ဆုတွေရ၊ သည်ဝတ္ထုဇာတ်ကားတွေကြိုကြားရှိခဲ့ပါသည်။ ဆိုကြပါစို့ ‘ဘယ်သူပြိုင်လို့လုပ်ပါတော့နိုင်’ လိုမျိုး။ ဝတ္ထုမှာ ဆရာမင်းကျော်၊ ရုပ်ရှင်မှာ ဆရာကြီးဦးသုခ။ ‘အညှိအဟောက်’ ‘အပစ်အခတ်’ မပါ။ ‘ရည်းစားလူလု’ ‘အူနုသေနတ်ပစ်’ မပါ။ သမားရိုးကျ ‘အ-သုံးလုံး’ ပညာပေးဇာတ်လမ်းဇာတ်ကားကပင် ပရိသတ်၏မျက်ရည်ကို ချူနိုင်ခဲ့သည်။ ပရိသတ်၏ဟဒယနှလုံးကို ရွှင်ပြုံးစေခဲ့သည်။

မည်သို့ပင်ရှိစေ အပစ်အခတ် အညစ်အပတ် အနုပညာများ ခေတ်ကောင်းဆဲကာလကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ရာ၌ ကံကောင်းထောက်မတာ တစ်ခုရှိပါသည်။ ကျွန်တော်တို့မိသားစုတွင် အမေသည် သားယောကျာ်းချည်း လေးယောက်မွေးဖွားခဲ့ပြီး အဖေကလည်း ကျွန်တော်တို့ကို မွန်မြတ်သော အနုပညာ လမ်းကြောင်းပေါ် တင်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ရိုးရိုးပြောကြစို့၊ သမီးမိန်းကလေး မပါဝင်သဖြင့် နည်းနည်းတော့ တာဝန်ပေါ့ခဲ့ပါသည်။ သို့သော် ကျွန်တော့်မိဘများတွင် ဆွေမျိုးအသိုင်းအဝန်း ကြီးမားသဖြင့် ဝမ်းမနာသမီးတွေတော့ တော်တော်များများ ရှိခဲ့ပါသည်။ သူတို့ကိုတော့ ထိန်းရသိမ်းရ လမ်းကျောင်းရပါသည်။





မည်သို့ပင်ရှိစေ အနုပညာ စီးမျောလွယ်ရာ (တစ်နည်း) အတုခိုးလွယ်ရာ ပစ္စည်းဟူ၍ ရုပ်ရှင်နှင့် အပျော်ဖတ်ဝတ္ထုများသာ ရှိခဲ့လေရာ ထိုစဉ်က ကျွန်တော်တို့၏ ညီမငယ်များ သူငယ်ချင်းမများအဖို့ စိတ်အလိုလိုက်ရန် သိပ်ပြီးမလွယ်ကူခဲ့ပါ။

ခုနှယ်ခါမှာလို လူထုဆက်သွယ်ရေး ဆက်ဆံရေးတွေကလည်း မပေါ်များ၊ မလွယ်ကူသေးပါ။ ခုတော့ စောစောပြောသော ‘နှမ်းထောင်းဖြူး’ ပညာပေး အနုပညာတွေ ဖျတ်ခနဲ ဖျတ်ခနဲ အင်နှင့်အားနှင့် ဝင်လာနေပါသည်။ အတတ်ပညာပိုင်းမှာလည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဆန်းပြားပါသည်။

သဘာဝ သဘောတရားအရပင်. , ‘စိုက်ထုတ်မှုအား’ များလျှင် ‘တန်ပြန်မှုအား’ ကလည်း အချိုးညီညီ များလာသည်ဖြစ်လေရာ ကောင်းကျိုးမှာရော ဆိုးကျိုးမှာပါ ထိုနိယာမသည် ရှိနေပါ၏။

ထို့ကြောင့် ယခင်က ယဉ်ကျေးမှု စီးမျောမှု နည်းသဖြင့် အကောင်းရော အဆိုးပါ ဖြစ်ပေါ်မှုနည်းပါသည်။ ခုနှယ်ခါမှာတော့ လူမှုဆက်သွယ်ရေး အရှိန်အဟုန် မြန်ဆန်လာသလို ဆက်ဆံမှုအင်အားကလည်း ကြီးမားလာပါသည်။ ထို့ကြောင့် အကောင်းရော အဆိုးပါ သက်ရောက်မှု လျင်မြန်ထက်မြက်လာပါသည်။

မိမိတို့၏ သားငယ် သမီးငယ်များကို ကျွန်တော်တို့က ကောင်းတာတွေ များများပေးနိုင်သလို ဆိုးတာတွေကို ထိန်းသိမ်းဖို့လည်း တာဝန်အင်မတန်ကြီးပါသည်။

သည်နေရာတွင် ‘ရုပ်ဝတ္ထု’ အနေနှင့်ကား ပေးဆပ်ရာမှာရော ဟန့်တားရာမှာပါ သိပ်မခက်ခဲလှသော်လည်း ‘စိတ်ဝတ္ထု’



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့်ကား လွန်စွာ သတိထားနေရပါသည်။ တဖန် 'စိတ်သာလျှင်စော ဘုရားဟော' ဆိုပေမည့် 'ခန္ဓာအလိုလိုက်၍ စိတ်မိုက်ဝင်ကြသည်' ဆိုတာကလည်း ရှိနေပြန်ရော. . ။

ခုနှယ်ခါတွင် ကျွန်တော့်မှာ (၂၀) ကျော်အရွယ် သမီးကြီးအတွက် စိတ်ပိုင်းဆိုင်ရာ ထိန်းကွပ်မှုတွေ လုပ်ရပါသည်။ (၁၃) နှစ်ကျော်အရွယ် သမီးငယ်အတွက်လည်း ရုပ်ပိုင်းဆိုင်ရာ ထိန်းကွပ်မှုတွေ လုပ်ရပါသည်။

'ဟိုးအဝေး' မှ လာအပ်သော ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးစလုံး၏ ဖျက်ဆီးမှုများကို 'အဝေးထိန်း' ခလုတ်ဖြင့် ဖျတ်ခနဲ ဖျတ်ခနဲ ကာကွယ်နေရပါသည်။

အများသူငါ မိဘများလည်း ဤသို့နှင်နှင်သာ ရှိမည်ထင်သည်။ အပျိုကြီး၊ လူပျိုကြီးများအတွက် တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်သော အနုပညာရပ်များကို သတိပေးနေကြရပါလိမ့်မည်။ အပျိုပေါက် လူပျိုပေါက်များအတွက် အပစ်အခတ်၊ အညစ်အပတ် အနုပညာများကို သတိပေးနေရပါသည်။ စာဖတ်သူ မိဘများလည်း တတ်နိုင်လျှင် အဝေးထိန်းခလုတ်ကလေးတွေ ကိုင်ထားစေချင်ပါသည်။

မေသတင်းဂျာနယ်၊ အောက်တိုဘာလ၊ ၂၀၀၀



# အောက်လမ်း

ဤစာစုကိုဖတ်မည့် 'မေ' တို့သည် အသက်အရွယ်အားဖြင့် မျိုးစုံရှိကြပေလိမ့်မည်။ စိတ်ထားအားဖြင့်လည်း အမည်မည် စုံပေလိမ့်မည်။ ဂုဏ်သိက္ခာအဆင့်အတန်း၊ ပညာရေး၊ အသိဉာဏ်စသည်ဖြင့်လည်း အထွေထွေအထူးထူးရှိကြမှာ သေချာပါသည်။

မည်သို့ပင်ရှိစေ၊ ကျွန်တော်၏ စေတနာကား တစ်ပြေးညီသာ ထားပါသည်။ ကျွန်တော်ရေးမည့် အကြောင်းမှာ အိမ်ထောင်ရေးကိစ္စ ဖြစ်ပါသည်။ အိမ်ထောင်ရေးကိစ္စဆိုသဖြင့် အိမ်ထောင်သည် 'မေ' တို့နှင့်သာ သက်ဆိုင်သည်ဟု မယူဆပါနှင့်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မကျသေးသော်လည်း နောင်တစ်ချိန် အိမ်ထောင်ကျနိုင်သော 'မေ' တို့ကိုလည်း ရည်ညွှန်းပါသည်။

'အိမ်ထောင်' ဟူသော ဝေါဟာရကိုက 'အိမ်' ထဲမှာပင် 'ထောင်' ကျခြင်းဟု ယေဘုယျဆိုနိုင်ပါသည်။ မိမိ၏တစ်ကိုယ်ရည် လွတ်လပ်ခွင့် ဆုံးရှုံးသွားပါပြီ။ တစ်ဖက်ကကြည့်ပြီး မျိုးဆက်သစ်ဖြစ်ပေါ်ရေး၊ ဘဝကို အတူလက်တွဲရုန်းကန်ရေး စသော မွန်မြတ်သည့်ကိစ္စများကို ဤနေရာတွင် ကျွန်တော်က ခြွင်းချက်ထားပါသည်။

ကောင်းကျိုးတွေကို ဖော်ကျူးပြခြင်းထက် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးတွေကို ကာကွယ်စေလိုခြင်းက ပို၍အရေးကြီးသည်ဟု ကျွန်တော်ထင်ပါသည်။

အိမ်ထောင်ကျပြီဆိုကတည်းက အိမ်ထောင်ရေးပြဿနာမျိုးစုံကို ကြုံကြရပါမည်။ စားဝတ်နေရေး၊ လူမှုရေးစီးပွားရေး၊ သားရေးသမီးရေးမှသည် (န    ႕မှ မနာ ဖဝါးနှင့်နာကြပါ) အိမ်ထောင်မှုသုခခံစားရေးအထိ ပါဝင်ပါသည်။

ဤနေရာတွင် အခြားသောအရေးများထက် 'အိမ်ထောင်မှုသုခ' အရေးသည် နံပါတ်(၁)နေရာမှာ ရှိနေသည်ကိုကား မည်သူမျှ မငြင်းဆန်နိုင်ပေ။ ဒါသည် သဘာဝတရားဖြစ်သည်။ တစ်နည်းအားဖြင့် လူတစ်ယောက်၏ မွေးရာပါခံစားမှုသုခ ဖြစ်သည်။

ကျွန်တော် သတိထားမိသလောက် အိမ်ထောင်ကွဲများ ဖြစ်ပေါ်ရာ ဇစ်မြစ်သည် ထိုအိမ်ထောင်မှုသုခ ခံစားမှုပေါ်တွင် အများအားဖြင့် တည်မှီဘတ်ပါသည်။ အခြားသော လူမှုရေး၊ စီးပွားရေး



ပြဿနာတွေကြောင့်လည်း အိမ်ထောင်ကွဲပြဿနာတွေ ရှိတတ်ကြပါသည်။ သို့သော် ကျွန်တော့်မျက်မြင်မှာတော့ 'အိမ်ထောင်မှုသုခ' ကိစ္စတွေကြောင့်သာ များနေပါသည်။ ဒါသည် လက်ရှိ လူနေမှုစနစ် (ခေတ်ပေါ်လူနေမှုစနစ်)ကြောင့်လည်း ပါ,ပါသည်။ ခုနှယ်ခါတွင် အိမ်ထောင်သည်တို့သည် ရိုးရာယဉ်ကျေးမှုစသော တစ်လင် တစ်မယားစနစ်ကို နည်းနည်းလျစ်လျူရှုနေသလို ရှိသည်ဟု ကျွန်တော်ထင်ပါသည်။ ကမ္ဘာကြီးတစ်ခုလုံး၏ လူနေမှုပုံစံ ပြောင်းလဲလာခြင်း၏ ဂယက်လည်း ဖြစ်တန်ရာပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နိုင်ငံမှာတော့ အိမ်ထောင်ကွဲကိစ္စသည် သိပ်ပြီး ခေတ်မစားသေးပါ။ ဗုဒ္ဓဘာသာအများစုနိုင်ငံ ဖြစ်သည့်တစ်ကြောင်း၊ အရှေ့တိုင်းရိုးရာအဖွဲ့ကြီးဖြစ်သည့်တစ်ကြောင်းကြောင့် ဖြစ်ဟန်တူသည်။

သို့သော် မလိုလည်းလိုလည်း ကာကွယ်ရေးလုပ်ထားတာတော့ အကောင်းဆုံးဖြစ်ပါလိမ့်မည်။ ကာကွယ်ရေးဆိုရာ၌ ခေတ်မီသောနည်းဖြင့် ကာကွယ်ခြင်း၊ ဗုဒ္ဓဘာ-ယာအလိုအရ သည်းခံ ခွင့်လွှတ်ခြင်းဖြင့်ကာကွယ်ရေးသည် အကောင်းဆုံးဖြစ်ပါသည်။ ဤသို့ပြောရသည်မှာ အချို့အိမ်ထောင်ဖ ွ ်များသည် 'အောက်လမ်း' နည်းခေါ် မဟုတ်တရုတ် ရိုးရာတွေကို သုံးတတ်ကြသောကြောင့်ဖြစ်သည်။

သည်ကိစ္စကို အရှည်အရှည် ကျွန်တော် မပြောတော့ပါ။ ကိုယ်တွေ့ဥပမာဖြင့်သာ ပြဆိုပါမည်။

\+ + + + +

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လေးတန်းကျောင်းသားဘဝတွင် ကျွန်တော့်ဖခင် နောက်အိမ်ထောင်ပြုပါသည်။ ကျွန်တော့်အမေသည် မျက်ရည်တစ်စက်မကျသော်လည်း ဖြန့်ချလိုက်လျှင် ကြမ်းပြင်မှာ တစ်ထွာလောက်ပုံနေသော ဆံပင်ထွေးကြီးသာ ဖွေးဖွေးဖြူသွားရှာပါသည်။ အတွင်းကျိတ်ခံစားရသည် ဆိုပါစို့။

ဤတွင် အိမ်ထောင်ဖျက်မိန်းမတို့ ဓမ္မတာအတိုင်း အဖေပြန်လာပါစေကြောင်း နည်းမျိုးစုံဖြင့် ကြိုးစားရှာပါသည်။ ကိုယ်တိုင်တောင်းပန်ခြင်း၊ အဖေ့အသိုင်းအဝိုင်း စာရေးဆရာများမှတစ်ဆင့်နားချခြင်း အပါအဝင် ဗေဒင်ယတြာ စုံစေ့စွာ လုပ်ရှာပါသည်။ သို့သော် အဖေကား 'မောင်နှမသဖွယ်သာ နေတော့မည်' ဟူသောပြန်ကြားချက်မှတစ်ပါး အမေ့ထံ ပြန်မလာပါ။ (ဤနေရာတွင် အဖေ့ကို ကျွန်တော့်အပြစ်မတင်ပါ။ မတော်တဆ မှောက်မှားမိရာက သူ့အပြစ်သူခံရင်း အမေ့ကိုချစ်လျက်နှင့်ကင်းကွာနေရကြောင်း ကျွန်တော် သိပါသည်။)

ဘာပဲဖြစ်ဖြစ် လင်ပစ်မယား တဖားဖားဖြစ်နေသော အမေ့ကို သူငယ်ချင်းများက ဝိုင်းဝန်းကူညီကြပါသည်။

ဤတွင် သူငယ်ချင်းမတစ်ယောက်က 'အောက်လမ်းနည်း' တစ်နည်း အမေ့ကို ပေးလေသည်။

'တံမြက်စည်း အသစ်တစ်ချောင်းကို သောက်ရေမှာ စိမ်ပြီးတော့ အဲဒီရေကို ညည်းယောကျ်ား အိမ်လာတဲ့အခါ မဝင်ဝင်အောင် တိုက်' ဟူ၍ ဖြစ်ပါသည်။ ဘယ်ခေတ် ဘယ်ကာလက





သုံးခဲ့သော နည်းဟူ၍တော့ မသိပါ။ သေချာပေါက် 'ကျွမ်းပြန်ပြီး' အိမ်ပြန်ရောက်သည်ဟူ၍ အဆိုပြုပါသည်။

ထိုနည်းကို ကျွန်တော့်အမေ လုပ်ခဲ့သည်ထင်ပါသလား။ မလုပ်သည့်အပြင် ချစ်စွာသော သူငယ်ချင်းမကိုပင် အဆက်ဖြတ်လိုက်လေတော့သည်။

\+ + + + +

ဤကိုယ်တွေ့ကလေးကို ကြည့်ခြင်းဖြင့် 'မေ' တို့သည် အိမ်ထောင်ရေးပြဿနာပေါ်လာလျှင် 'အောက်လမ်း' နည်းကို အသုံးမပြုခြင်းဖြင့် မိမိသိက္ခာ၊ မိမိလင်ယောကျ်ား၏ ဘုန်းကံကို ထိန်းသိမ်းနိုင်ကြပါစေသတည်း။

မေသတင်းဂျာနယ်၊ ဖေဖော်ဝါရီလ၊ ၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်

သည်တစ်ပတ်မှာတော့. . မေငယ်ကလေးများအတွက် တိုက်ရိုက်မရေးပါ။ မရှိသေးစကား အိမ်ထောင်ပြုအပ်သော၊ ပြုရန် ပြင်ဆင်နေသော၊ ပြုတော့မည်ဖြစ်သော 'မေ' တို့ကိုသာ ညွှန်းလိုပါသည်။

အိမ်ထောင်ပြုသည်ဆိုကတည်း. . တရားရုံးမှာပဲ လက်မှတ်ထိုးထိုး၊ နှစ်ဖက်မိဘနှင့် ရပ်ဆွေရပ်မျိုးများအလယ်မှာပဲ မြန်မာ့ရိုးရာနည်းနှင့်ပြုပြု၊ ဟိုတယ်ကြီးတွေမှာပဲ ခမ်းခမ်းနားနား ဆောင်ဆောင် အဆုံးစွန် နှစ်ဦးသဘောတူ ခိုးရာပဲလိုက်လိုက် 'အိမ်' ထဲမှာ 'ထောင်' ကျသွားတာကတော့ သေချာပါသည်။

'ထောင်' ဆိုကတည်းက ကျဉ်းကျပ်သွားခြင်း လက္ခဏာကိုဆောင်ပါသည်။ ဟုတ်ကယ့် 'ထောင်' မည်မျှ ကျဉ်းကျပ်သည်ကိုမူ ထောင်ကျဖူးမှ သိပါမည်။ မိမိ၏စိတ်ကူးမှုတစ်ပါး ရုပ်ပိုင်းဆိုင်ရာ





မှန်သမျှ မိမိအလိုကျ မဖြစ်ရတော့ပါ။ (စိတ်ကူးပင်လျှင် ယဉ်ချင်တိုင်း ယဉ်လို့မရပါ။ စိတ်ကူးကောင်းနေတုန်း၊ ထောင်စနစ်အတိုင်း ခိုင်းတာကို မဆိုင်းမတွလုပ်ရသဖြင့် စိတ်ကူးပျက်ရသည်များ ရှိပါသည်။)

'အိမ်ထောင်' ဆိုတာကတော့ မင်္ဂလာတစ်ပါး၊ မျိုးဆက်သစ်ထွန်းကားရေး၊ လူ့တာဝန်တစ်ရပ်၊ ဘဝကို လက်တွဲရုန်းကန်ဖို့ အဖော်ညှိခြင်း စသည့် ကောင်းမြတ်သော အစဉ်အလာဟု ဆိုရပါမည်။ သို့သော် တစ်ဖက်ကကြည့်ပြန်တော့ ထောင်ထက် စိတ်ရောကိုယ်ပါ ကျဉ်းကျပ်ရသည့်ကိစ္စတွေကို တွေ့ရတတ်ပြန်ပါမည်။

တကယ့် 'ထောင်' က စောစောကပြောသလို စိတ်၏လွတ်လပ်မှုကို ရနိုင်သေးသည်။ 'အိမ်ထောင်' ဟူသည်၌ကား မိမိ၏ 'စိတ်' ရော 'ကိုယ်' ပါ မလွတ်လပ်တော့ပါ။

တကယ့်ထောင်မှာက မိမိသည် အကျဉ်းသားမျှသာဖြစ်သောကြောင့် ထောင်စည်းကမ်း၊ ထောင်အာဏာပိုင်တို့အလိုကျ မိမိကလုပ်ရှားသည်။ ဆိုပါစို့ မိမိသည် တစ်ဖက်သတ်တာပည့်။ အိမ်ထောင်၌ကား မိမိသည် အကျဉ်းသားဖြစ်လိုက် ထောင်အာဏာပိုင် ဖြစ်လိုက်နှင့် နှစ်ဖက်လှုပ်ရှားရသည်။ အချိန်မှန်မှန်တပည့် အချိန်မှန်မှန်ဆရာဆိုတာမျိုးလည်းမဟုတ်။ မထင်မှတ်ဘဲ ဖြစ်ပေါ်လာသော အခြေအနေပေါ် မူတည်ပြီး ရုတ်တရက် နေရာပြောင်းရသည်မို့ ပို၍တာဝန်ကြီးသည်။

ရုတ်တရက် တပည့်ခံဖို့ အဆင်သင့်ရှိနေရမလို ရုတ်တရက်ဆရာလုပ်ဖို့လည်း အဆင်သင့်ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ - လင်မယားရယ်လို့ ကတောက်ကဆတ်ဖြစ်လျှင် မိမိက လျှော့ရမလား၊ မိမိက တင်းရမလားဆိုတာရယ် တော့်တော် ခက်ခဲသည့်ပြဿနာဖြစ်သည်။ အိမ်ထောင်သည်ဘဝသည် ချစ်သူ ရည်းစားဘဝ မဟုတ်ပေ။ ချစ်သူရည်းစားဘဝ၌ အလိုလို အလျှော့ ပေးနေတတ်ကြသည်မှာ ဓမ္မတာပင်။

အိမ်ထောင်သည်ဖြစ်လာသောအခါ ချစ်သူဘဝ ကုန်ဆုံးမြ ဓမ္မတာဖြစ်သည်။ တာဝန်တွေကြီးလာသည့်အလျောက် ရာထူးက လည်း တန်းတူဖြစ်လာသည်။ သည်ကြားထဲ သမီးရည်းစားအချစ် ဆိုတာမျိုးက မရှိပြန်တော့၊ အားပြိုင်မှုတွေ ဖြစ်လာတော့သည်။

တစ်ဦးပေါ်တစ်ဦး နားလည်ခွင့်လွှတ်ပြီး အိမ်ထောင်သည် ဘဝမှာ သာယာချမ်းမြေ့စွာ လက်တွဲသွားကြသော အိမ်ထောင် သည် များစွာရှိပါသည်။ သို့သော် 'လင်နှင့်မယား လျှာနှင့်သွား' ဆိုသော စကားပုံသည် အလကားနေရင်း ပေါ်ပေါက်လာတာ မဟုတ်သည်ကို စဉ်းစားသင့်ပေသည်။ ဘယ်လောက် သာယာသော အိမ်ထောင်ရေးမှာဖြစ်ဖြစ် ကိုယ်ထိလက်ရောက်မဟုတ်တောင် (လူ သိရှင်ကြားမဟုတ်တောင်) အတွင်းကျိတ် ပြဿနာလေးတွေ ဖြစ် တတ်ကြပါသည်။ ဒါက ပုဂ္ဂလိကသဘောပါ။ ယေဘုယျအားဖြင့် တွေ့ သာယာသော အိမ်ထောင်ရေးဟု ပတ်ဝန်းကျင်က သတ်မှတ် ထားလျှင် အိမ်ထောင်ရေးအဆင်ပြေသည်ဟု ယူရပါမည်။ တကယ့် ထောင်နှင့်မတူသော 'အိမ်ထောင်' ဟု ဆိုသင့်ပါသည်။

+ + + + +





ဤတွင် အိမ်ထောင်ရေးမငြိမ်သက်မှုများ အဆုံးစွန် ကွဲကြ ပြဲကြသော အိမ်ထောင်ရေးများကို လေ့လာသင့်ပါသည်။

အများအားဖြင့် မာန၊ အာဃာ၊ အရှိန်အဝါ၊ စိတ်ထား စသည့်လူမှုတန်ဖိုးများ ပြိုင်ဆိုင်ကြရာမှ အိမ်ထောင်ရေး ပျက်ပြား ရသည်ကို အများအားဖြင့် မြင်ရပါသည်။ (အိမ်ထောင်ရေး ဖောက် ပြန်မှု၊ သဘောထားခြင်း မတိုက်ဆိုင်မှု၊ သေကွဲ ကွဲရမှု စသည့် မတော်တဆကိစ္စများကို ဤနေရာတွင် ခြွင်းချက်ထားပါသည်။)

နှစ်ဦးသဘောတူ မိဘနှစ်ဘက်ကလည်း ကျေကျေနပ်နပ် ဖြစ်ပြီးကာမှ ထိုနှစ်ဦး၏ အိမ်ထောင်ရေးပြဿနာ အကွဲအပြဲများ ကို ကျွန်တော်က ဆိုပါသည်။ ထိုကဲ့သို့သော အိမ်ထောင်ရေး ပြဿနာများသည် အိမ်ထောင်သက်မရင့်ခင်မှာပင် ဖြစ်တတ်ကြ တာကိုလည်း သတိထားမိပါသည်။ မာနကလေးတွေ အရှိန်အကင်း မသေခင်အချိန်လောက်မှာ ဖြစ်တတ်ကြပါသည်။ အချိန်ကြာမြင့်၍ အိမ်ထောင်သက်ရင့်လာသောအခါများ၌ကား သည်းခံခြင်း၊ ဘဝကို လိုက်လျောညီထွေစွာ နေတတ်ခြင်း၊ တရားဘာဝနာဘက်သို့ ဦးစား ပေးလာခြင်း၊ နောက်ဆုံး လင်မယားအချစ်ထက် မိတ်ဆွေလို မောင်နှမလို ပြန်၍ ချစ်ခင်အားကိုးတတ်လာခြင်းတို့ကြောင့် အိမ် ထောင်ရေးပြဿနာများ အဖြစ်နည်းပါးသွားတတ်ပြန်ပါသည်။

ကျွန်တော်ဆိုလိုသည်မှာ အိမ်ထောင်သက် မရင့်ကျက်သေး ခင်ကာလသည် တစ်ဦးပေါ်တစ်ဦး သတိကြီးစွာထားပြီး သည်းခံ ဆက်ဆံတတ်ဖို့ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ကျမ်းတစ်စောင်တွင်း အသက်အပိုင်းအခြားဖြင့် လူ့တန်ဖိုးကို ပြဆိုပါသည်။

အသက် (၂၀) တွင် 'အပျော်အပါး' ၌ အမြင့်ဆုံး ဖြစ်ပါသည် တဲ့။

အသက် (၃၀) တွင် 'အလှအပ'၌ အမြင့်ဆုံးဖြစ်ပါသည်တဲ့

အသက် (၄၀) တွင် 'ခွန်အား' ၌ အမြင့်ဆုံး ဖြစ်ပါသည်တဲ့

အသက် (၅၀) တွင် 'ပညာ' ၌ အမြင့်ဆုံး ဖြစ်ပါသည်တဲ့

အထက်ပါကျမ်းလာ ရည်ညွှန်းချက်ကို ကြည့်လျှင်ပင် အိမ်ထောင်သည်များအဖို့ အသက် (၃၀) နှင့် (၄၀) မှာ သတိကြီးစွာ ထားအပ်ကြောင်း သိပါလိမ့်မည်။

အကြောင်းမှာ အိမ်ထောင်ရေး၌လည်းကောင်း၊ လူမှုရေး၌ လည်းကောင်း လူအတော်များများ သတိထား အားကိုးကြသည်မှာ 'အလှတရား' နှင့် 'ခွန်အား' သာဖြစ်နေတတ်တာ တွေ့ရသော ကြောင့်ပင်။ ဒါကလည်း လူ့သဘာဝတစ်ခုမို့ မပြစ်မဆိုသာပေ

သို့သော် ထို 'အလှတရား' နှင့် 'ခွန်အား' ဆိုရာ၌ ဆင့်ပွား ကြည့်မည်ဆိုလျှင် ဂုဏ်ပကာသန၊ စီးပွားရေး၊ ကျော်ကြားမှု စသည် အများကြိုက် သာယာမှုများ ပါဝင်ပတ်သက်နေသည်ကို တွေ့ရပေ လိမ့်မည်။

မေသတင်းဂျာနယ်၊ မတ်လ၊ ၂၀၀



# ဒါနသေးသေးကလေးများ

သိပ်ပြီးတော့ ရေးကြီးခွင်ကျယ်တော့ မဟုတ်ပါဘူး။ မြန်မာလူမျိုးတွေ ဒါနပြုကြတာနဲ့ပတ်သက်လို့ပါပဲ။ အထူးသဖြင့်ကတော့ ဒါမျိုး ဒါနပြုပုံဟာ ခရစ်ယာန်ဘာသာဝင်တွေ ပိုပြီးခံတွင်းတွေ့ကြပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မြန်မာ ဗုဒ္ဓဘာသာလည်း ရှိတတ်တဲ့ အကြောင်းတရားလေးမို့ ငယ်သူများကို ပြောပြချင်လာတာပါ။

ပထမဦးဆုံး ဥပမာလေးအနေနဲ့က ကျွန်တော့်ဖခင် ဦးသာမုခုလိုမျိုး ရာသီရောက်စဆိုမှုင် ညဦးပိုင်း မိုးကလေး နည်းနည်းသည်းတာနဲ့ အဖေက . .



www.burmeseclassic.com

www.burmeseclassic.com



"သား ဗလကြီး မော်တော်ကားထုတ်ကွာ အပြင်သွားကြရအောင်" လို့ ခိုင်းတတ်ပါတယ်။ အဲ. . တစ်ခုပြောဖို့ မေ့သွားတယ်။ အဲဒီရက်တွေမတိုင်ခင်မှာ အဖေက အစိုးရဘဏ်တိုက်တွေ သွားပြီး တစ်ကျပ်တန် ငွေစက္ကူအသစ်ကလေးတွေ လဲလှယ်ထားတတ်ပါတယ်။ တစ်ရာဖိုး-နှစ်ရာဖိုးဆိုပါတော့။ မူလ. . အဖေ ဘာကြောင့် တစ်ကျပ်တန်ငွေစက္ကူတွေ လဲလှယ်ပါလိမ့်ပေါ့။ မသိခဲ့ပါဘူး။ နောက်မှစောစောကပြောသလို မိုးဦးလေဦးမှာ မော်တော်ကားနဲ့သားအဖ ထွက်ကြတော့ လက်စွဲတော် လွယ်အိတ်ကလေးထဲ ကျပ်တန် ငွေစက္ကူအသစ်ကလေးတွေ ထည့်လာတာကို တွေ့ရတော့တာကိုး။ အဖေက အိမ်ကထွက်ထွက်ချင်း တွေ့တဲ့ ဆိုက်ကားဂိတ်ကို အရင်ဆုံး ဝင်ပါတယ်။

"ဟော့ ညီလေးတို့ ဘယ်နှစ်ယောက်လဲ"

"ငါးယောက်ပါဆရာ"

"ကိုင်း. . ရော့ ရော့. . ငါးကျပ် လက်ဖက်ရည်ဝယ်သောက်ကြ မင်းတို့ချမ်းတယ်မဟုတ်လား အရက်တော့ ဝယ်မသောက်ကြပါနဲ့ကွာ"

အဲဒီလိုမျိုး ဆိုက်ကားဂိတ်တွေ လျှောက်သွားပြီး ကျပ်တန် အသစ်ကလေးတွေ ပေးဝေပါတယ်။

"မိုးဦးလေဦးမှာ သူတို့အတွက်နေ့တွက်ကိုက်အောင် မနည်းရုန်းကြရတာ အိမ်အတွက် စားစရိတ်အဖျာခက်တော့ သူတို့အတွက် လက်ဖက်ရည်ဖိုးဆိုတာ ဘယ်ရှိနိုင်မလဲ။ ဒါကြောင့် ပေးရတာ သားရယ်" လို့လည်း အဖေက ပြောပြပါတယ်။





အဲဒီအချိန်က ငွေတစ်ကျပ်ဆိုရင် လက်ဖက်ရည်တစ်ခွက် မုန့်တစ်ခုနဲ့ စီးကရက်နှစ်လိပ်ပါ ရနိုင်တာကိုး။ အဖေ့အနေနဲ့ကလည်း ငွေတစ်ရာဖိုးဆိုရင် လူတစ်ရာကို ဒါနပြုနိုင်တယ်ပေါ့။

ဒီလိုပါပဲ မိုးထဲလေထဲ နေပူထဲမှာ လမ်းပြယာဉ်ထိန်းရဲတွေ တွေ့ရင်လည်း လက်ဖက်ရည်ဖိုး ဒါနပြုတတ်ပါတယ်။ "သူတို့မှာ နေပူမရှောင် မိုးရွာမရှောင် အဖေတို့အန္တရာယ်ကင်းအောင် လမ်းရှင်းပေးနေရတာ မဟုတ်လား" လို့လည်း သူ့ဒါနစေတနာကျိုးကို ပြောပါတယ်။

နောက်ဥပမာလေးတစ်ခုကတော့ ကျွန်တော့်အမေ ဒါနပြုပုံတလေးပါ။ အမေက အဖေ့လို လမ်းလျှောက် ဒါနမပြုနိုင်ပါဘူး။ အိမ်မှာပဲထိုင်ပြီး ဆွေမျိုးသားချင်း၊ အသိုင်းအဝန်းက နွမ်းပါးသူတွေကို ကျွေးမွေးစောင့်ရှောက်တာပါ။ ကျွန်တော်တို့ ညီအစ်ကိုတတွေ ပေးတဲ့ လခ၊ မုန့်ဖိုး၊ ဆန်၊ ဆီ၊ ဆားတွေဆိုတာ အမေ့ပါးစပ်ထဲ ရောက်တာနည်းနည်းရယ်။ သူ့ပရိသတ်ကို ပေးကမ်းကျွေးမွေးတာနဲ့ကုန်တာပဲ။ ဒါပေမယ့် ကျွန်တော်တို့စေတနာမပျက်ပါဘူး။ အမေ ပေးကမ်းတဲ့ဒါနမှာ ကျွန်တော်တို့လည်း ပါဝင်ခွင့်ရတာပေါ့။

တစ်ခုတော့ရှိတယ်။ အမေ့ဒါနက တစ်ခါတလေ စည်းကမ်းတလေး ပျက်ချင်ချင်ရယ်။

မှတ်မှတ်ရရ တစ်ခါသား (ဟိုး. . တစ်ခေတ် ပြည်သူ့ဆိုင်တွေ ပေါ်ပေါက်စဉ်ကပေါ့။) ပြည်သူ့ဆိုင်က သကြားပေးတယ်ဆိုတာနဲ့ ကုန်ဝယ်စာအုပ်နဲ့ အမေ့သားချင်း မိန်းမတစ်ယောက်ကို သွားပြီး တန်းစီခိုင်းပါတယ်။ အရင်ကလည်း ဒီလိုပဲ စီးကရက်၊

www.burmeseclassic.com

www.burmeseclassic.com



နို့ဆီ စသဖြင့် တန်းစီခိုင်းနေကျပါ။ တန်းစီခကိုလည်း ပေးပါတယ် အဲဒီကာလတွေတုန်းက ရောင်းကုန်ကို ပူးတွဲယူစနစ်နဲ့ ပေးတာပါ ဆိုပါစို့ ဆပ်ပြာဝယ်ရင် စီးကရက်ပါ တွဲယူရတယ်။ သကြားဝယ်ရင် ဆားတွဲယူရတယ်။ ဒီတော့ ကိုယ်လိုတာရရင် ပိုတာကို စောစော တန်းစီပေးသူကို အမေက ပေးကမ်းပါတယ်။ အဲ. . တစ်ခါသား တော့ သကြားသွားတန်းစီပြီး ပြန်အလာမှာ အပိုပါလာတဲ့ ဆား လည်း ဟိုမိန်းမက ယူပါတယ်။ ပြီးတော့ ရလာတဲ့သကြားထဲ တစ်ဝက်ကို ပြည်သူ့ဆိုင်ရှေ့မှာတွင် ပြန်ရောင်း ဆားတစ်ဝက် ထပ်ရောပြီး အမေ့ဆီ ပြန်ပေးဖါတယ်။ ပထမတော့ မသိဘူးပေါ့ နောက်ပိုင်း ကော်ဖီဖျော်တော့မှ ငံညိညိဖြစ်ကုန်ပါလေရော။ ဒီတော့ အမေက "မိုက်လိုက်ပါဘိကွယ်. . ဆားနဲ့သကြားရောပစ်တော့ ဘယ့်နှယ့်ပြန်ခွဲရတော့မလဲ။ ကော်ဖီလည်းဖျော်မရ ဟင်းထဲခပ်လို့ လည်းမရ နင်ဦးနှောက်မရှိဘူးလား။ ငါ့ပစ္စည်းခိုးရင် နင် ငရဲကြ မယ်" လို့ သူ့လူကို ဆူပူပါတယ်။ ဒီတော့ ဟိုမိန်းမက ဘာပြန်ပြော တယ်မှတ်သလဲ။

"အမေ့အိမ်မို့ ခိုးတာပါ သူများအိမ် ကျွန်မ မခိုးဖူးဘူး"တဲ့ ဒီစကားတစ်ခွန်းနဲ့ အမေဟာ နောက်နောင်လည်း အဲဒီမိန်းမကို ပြည်သူ့ဆိုင်တန်းစီတဲ့ တာဝန်ပေးနေပါတော့တယ်။

"သူ့စကားက မှန်သားပဲ" လို့လည်း ရယ်မောပြောဆိုနေ တတ်ပါရဲ့။ ဒါကြောင့် အမေ့ဒါနဟာ နည်းနည်းများ စည်းကမ်း ပျက်ချင်သလားလို့ ကျွန်တော်က ပြစ်မှားမိတာပါ။





ဒီဥပမာမျိုးလေးတွေနဲ့ ကြီးပြင်းလာတဲ့ ကျွန်တော်ဟာ ဒီလို ဒါနအသေးစားလေးတွေကို အလိုလို ခံုမင်လာပါတယ်။ အကျင့် သီလ ရလာပါတယ်။

ဒါကြောင့်လည်း ကနေ့အထိ အလှူကြီးအတန်းကြီးတွေ မပေးနိုင်သေးပေမယ့် ကိုယ့်ဆွေမျိုးသားချင်း၊ အသိုင်းအဝိုင်း၊ သူ ငယ်ချင်းအပေါင်းအသင်း၊ မရှိဆင်းရဲသားတွေကို တတ်အားသရွေ့ ကျွန်တော် ပေးကမ်းတတ်နေတာပါ။ အမေ့ဘက်က ဗီဇပါလာပုံ ကတော့ အရက်သမားသူငယ်ချင်းတွေ အရက်ဆာလို့ လာတောင်း ရင် ငါးဆယ်မျိုး တစ်ရာမျိုး (ကိုယ်ချင်းစာစိတ်နဲ့) ပေးမိနေကာ ပါပဲ။

ဘာပဲဖြစ်ဖြစ် အသေးအမွှား ဒါနလေးတွေက ကျွန်တော့်ကို လက်တွေ့အကျိုးပြုတာတော့ သေချာပါတယ်လေ။ ပြီးတော့. .

"သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်နဲ့ စံချင်တိုင်း စံရောဟဲ့ နတ် ပြည်" ဆိုကဲ့ ဦးပုညရဲ့ စာလေးတစ်ပိုဒ်ကိုလည်း သတိရနေပါရဲ့။ သဘောကတော့ နတ်ပြည်ကိုတော့ မလိုချင်ပါဘူး၊ မရှိသူကိုပဲ ကျွေး ချင်ပါလို့ ဆိုတာပါ။

ပြီးတော့ ငယ်သူများကို ဗဟုသုတပေးချင်ပါတယ်။

တစ်ခါက မြတ်စွာဘုရားရှင်ကို ဆွမ်းကပ်ဖို့လာတဲ့ လှည်း သမားနဲ့ လယ်ထဲက ဖခင်ဆီ ထမင်းပို့သွားတဲ့ လှည်းသမားတို့ လမ်းကျဉ်းတစ်ခုမှာ ဆုံကြပါသတဲ့။ မွန်းတည့်ခါနီးနေပြီမို့ ဆွမ်းပို့ သူကလည်း သူအရင်သွားမယ်၊ ဖခင်ထမင်းပို့သူကလည်း သူ့အဖေ ဆာလှရောမယ် သူအရင်သွားမယ် လမ်းဖယ်ပေးပါပေါ့. အချင်း



www.burmeseclassic.com

www.burmeseclassic.com



များကြသတဲ့။ ဒီသတင်း မြတ်စွာဘုရားဆီရောက်တော့ မြတ်စွာဘုရားက ကိုယ်တော်တိုင် ဆွမ်းစားရမယ့်လှည်းသမားကို ဦးစွာလမ်းဖယ်ပေးစေပြီး ဖခင်ထံ ထမင်းပို့သွားမယ့် လှည်းသမားကို ဦးစားပေးခိုင်းလိုက်ပါသတဲ့။

ငယ်သူတို့ရေ ဒီအဖြစ်အပျက်က မြတ်စွာဘုရားကို တန်ဖိုးမထားဖို့ ပြောတာမဟုတ်ဘူးနော်။ ဘုရားရှင်ကိုယ်တော်တိုင်က အနစ်နာခံတာ ဦးစားပေးမှုမှန်ကန်တာကို ဆိုချင်တာပါ။

မေသတင်းဂျာနယ်၊ ၄၊လိုင်လ၊ ၂၀၀



# ၈ အလှပြင်

ဒီကနေ့မှာ အလှပြင်တာတွေ ခေတ်စားနေတယ် မဟုတ်လား။ ပင်ကိုယ် လူ့သဘာဝ အလှပြင်ကြတာအပြင်၊ တစ်ပါးသူကို အလှပြင်ပေးကြတာ၊ မလိုလည်းလိုလည်း တကူးတကန့် အလှပြင်ကြတာတွေတောင် ရှိနေတာပဲ။

တစ်ကိုယ်ရေ အလှပြင်တာ၊ အိမ်အလှပြင်တာ၊ အခန်းအလှပြင်တာ၊ ပန်းခြံအလှပြင်တာဆိုတဲ့ နိစ္စဓူဝကိစ္စတွေအပြင် ပန်းအလှပြပွဲတို့၊ သစ်သီးဝလံအလှပြပွဲတို့ ဆိုတာတွေလည်း သီးသန့်ပေါ်ပေါက်နေပါတယ်။ ဒါတွေဟာ အပိုအလုပ် မဟုတ်ပါဘူး။ ကျွန်းမာ



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေးကိုအခြေခံပြီး မျက်စိပသာဒ စိတ်အာဟာရကို ကောင်းကောင်းကြီး ဖြည့်ဆည်းနေတာပါ။

ဒါ မကပါဘူး။ လူများစု မလုပ်နိုင်ကြတဲ့ ကမ္ဘာကြီးကို အလှပြင်တဲ့ (မြစိမ်းရောင်အဖွဲ့) ကိစ္စတွေလည်း ထင်ပေါ်လာနေပါပြီ။ အချို့ဆိုရင် သမုဒ္ဒရာအလှပြင်ရေး၊ အာကာသအလှပြင်ရေး၊ စကြဝဠာအလှပြင်ရေးအထိ ကြိုးပမ်းနေကြတာ သတင်းတွေမှာ ဖတ်ရ၊ ကြားရ၊ မြင်ရပါတယ်။ ကြည်နူးကျေနပ်စရာပေါ့။

ခု ပြောချင်နေတာက တစ်ကိုယ်ရေ အလှပြင်ဆင်ခြင်းလောက်လည်း သေးငယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ကမ္ဘာကြီးအလှပြင်ရေးလောက်လည်း မကြီးကျယ်ပါဘူး။ သိပ်ပြီး ကရိကထ မများဘဲ သွားရင်းလာရင်း၊ နေရင်းထိုင်ရင်းနဲ့ မိမိပတ်ဝန်းကျင်၊ မိမိနေအိမ်ဧည့်ခန်း၊ အိပ်ခန်းအလှပြင်ရေးကိစ္စလောက်တောင် ရေးကြီးခွင်ကျယ် မဟုတ်ပေမယ့် သေသေချာချာစဉ်းစားရင် အဓိကကျတဲ့ ယဉ်ကျေးမှုကလေးတစ်ခ ... ့တာ သိသာပါတယ်။

အဲဒါက 'စာ' အလှပြင်ရေးပါပဲ။

'စာ' လို့ သုံးနှုန်းလိုက်ရပေမယ့် စာရေးခြင်း၊ စာဖတ်ခြင်းကိုတောင် မဆိုပါဘူး။ စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာ အလှပြင်ရေးလောက်ပါပဲ။ ဒီနေရာမှာလည်း ကြိုပြီး ဝန်ခံထားပါဦးမယ်။ ကျွန်တော်တို့ကို စာသမား၊ ပေသမား၊ ရေးသူ ဖတ်သူတွေအတွက် စာအုပ်စာတမ်းအပြင်အဆင် ဒီဇိုင်းလုပ်ပုံတွေကိုသာ ကွက်ပြီးပြောတာ မဟုတ်ပါဘူး။ အိမ်ယာ၊ အိမ်ခန်းနဲ့နေထိုင်သူ မှန်သမျှ(စာမဖ ... ဘတ်သူအပါအဝင်)ကို ပြောချင်တာပါ။





အိမ်တစ်အိမ်၊ အိမ်ခန်းတစ်ခန်း၊ နေစရာတစ်ခု ရှိတယ်ဆိုရင်ပဲ စာအုပ်စာစောင်ဆိုတာ မရှိမဖြစ် ပါလာတယ်လို့ ကျွန်တော် ...ဆင်ပါတယ်။ သတင်းစာ၊ ဂျာနယ်အစ ကျောင်းသုံးစာအုပ်၊ ဝတ္ထု ...ချမ်းစာ စာအုဂ်အလယ်၊ ဘုရားစာအုပ်အဆုံး၊ အိမ်တိုင်းယာတိုင်း ...မှာ ရှိပါတယ်။ ကိုယ်ပိုင်မဟုတ်ကောင် အငှားသဘောရှိပါတယ်။ ...ပစ္စည်းတွေဟာ ကာယကံရှင်လူတွေနဲ့ အမြဲထိတွေ့နေတာပါ။ ...အနည်းဆုံး ရုပ်ပုံကလေးလောက်ကြည့်တာဖြစ်ဖြစ်ပေါ့။

ဒီအခါမှာ အများမြင်သာထင်သာ ရှိတတ်တာက ဘုရားစင် ...ာ တရားစာအုပ်တွေ အစီအရီ ရှိနေတတ်တာ၊ စာကြည့်ခန်းရှိတဲ့ ...အိမ်တွေရဲ့ စာအုပ်စင်တွေ၊ ရုံးခန်းနောက်ကျောမှာ ကပ်ထားတဲ့ ...စာအုပ်ဗီရိုတွေပါပဲ။ အိမ်ယာအများစုမှာတော့ စာအုပ်စင်၊ ဗီရို ...ဆိုပြီး သီးသန့်ထားရှိတာမတွေ့ရပါဘူး။ စာအုပ်၊ စာစောင်တွေဟာ ...ကြမ်းပြင်မှာ၊ စားပွဲပေါ်မှာ ဖရိုဖရဲသာရှိနေတတ်ပါတယ်။

ဧည့်ခန်းသီးသန့်ထားရှိတဲ့ ... ာတွေမှာဆိုရင် ဆိုဖာ၊ ...ဆက်တီ၊ တီဗွီ၊ တယ်လီဖုန်း စတဲ့ လူသုံးပစ္စည်းတွေ၊ ခန်းဆီး၊ ပန်းအိုး၊ ...ပန်းချီ၊ ပန်းပု စတဲ့ ...လှပစ္စည်းတွေကတော့ သပ်သပ်ရပ်ရပ် ရှိ...နေတတ်ပြန်ပါတယ်။

ကျွန်တော်တို့ငယ်စဉ်ကဆိုရင် အချို့ဧည့်ခန်းတွေမှာ အသုံး...တာ မချတာ တစ်ပိုင်းထားပြီး စန္ဒရားကြီးတွေတောင် အလှပြင် ...ထားတာ တွေ့ဖူးပါတယ်။ ငယ်ငယ်ကတော့ အဲဒါမျိုးတွေမြင်ရင် ...အပိုအလုပ်တွေ၊ ပကာသနတွေရယ်လို့ တစ်ယူသန်ခဲ့ဖူးပါ။ နှယ် ...နှိန်စဉ်းစားတော့ သူ့ရိုလည်း အလှပြင်နေကြတာပါပဲလေလို့ ယော



www.burmeseclassic.com

www.burmeseclassic.com



နိုသော နှလုံးသွင်းတတ်လာပါတယ်။ ဒါနဲ့တစ်ဆက်တည်းမှာပဲ စာအုပ်စာပေတွေကို (ဖတ်မဖတ် မသိ) သပ်သပ်ရပ်ရပ် တခမ်းတနား ဧည့်ခန်းမှာ အလှပြင်ကြတာတွေ တွေ့တုန်းက လည်း အမြင်စောင်းခဲ့ပါသေးတယ်။ ခုတော့ ကျွန်တော့်အမြင်ဟာ ပြန်တည့်သွားရုံမက ဆန့်ကျင်ဘက်ဆီပါ တိမ်းသွားပြန်ပါတော့တယ်။ ဒါက ဧည့်ခန်းမှာ စာအုပ်စာစောင်တွေကို တခုတ်တရ အလှပြင်ကြဖို့ပါပဲ။ ပြောကြတြေးဆိုရင် ဆက်သွယ်ရေး၊ ပြန်ကြားရေး၊ ဖျော်ဖြေရေးအတွက်သုံးတဲ့ တီဗွီ၊ တယ်လီဖုန်း၊ ကွန်ပျူတာ စတာတွေ အလှပြင်ကြသလို သတင်းစာကအစ ကျမ်းစာအုပ်ကအဆုံး ဧည့်ခန်းမှာ သပ်သပ်ရပ်ရပ် အလှပြင်တဲ့ အလေ့အကျင့်လေးတွေရှိရင် သိပ်ကောင်းမှာပဲလို့ ထင်လာပါတယ်။

ကိုယ်မဖတ်တဲ့ စာအုပ်တွေတောင် အလှဆင်သက်သက် ပြင်ထားတာ မမှားပါဘူး။ နေ့စဉ်တခဏလေးပဲ အချိန်ယူရမှာပါ။ တကူးတကန့် အလှဆင်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ ငွေကုန်ကြေးကျလည်း မများပါဘူး။ ပြောကြကြေး ရေလောင်းပေါင်းသင်တောင် လုပ်စရာမလိုပါဘူး။

ကျွန်တော်ကတော့ အိမ်မှာ စာအုပ်တွေကို အလှပြသလိုပဲထားပါတယ်။ အစီအရီမထားနိုင်တောင်မှ လူမြင်ကောင်းအောင်ပြထားတဲ့သဘောပါ။

ဆရာကြီးပါရဂူအိမ်ကို ရောက်ဖူးကြစေချင်တယ်။ ဆရာက တစ်အိမ်လုံး စာအုပ်ပုံကြီးတွေနဲ့ချည်းပါပဲ။ ဆရာ တမင်လှ အလှပြင်မထားနိုင်ပါဘူး။ ဖရိုဖရဲပါပဲ။ ဒါပေမယ့် ကျွန်တော့်မျက်စိထဲ





တော့ အလွန်လှပတဲ့ ပန်းချီကားကြီးတစ်ချပ်ပါပဲ။ သူ့ကဗ္ဗာနဲ့သူလိုသလို အသုံးတည့်သလို ဆရာနဲ့စာအုပ်ပုံကြီးဟာ အလွန် ကျက်သရေရှိလှပါတယ်။ ဒါဟာ စာသမား ပေသမားတွေနဲ့ သက်ဆိုင်တဲ့ အလှတရားမို့ သိပ်ပြီး ထွေထွေထူးထူးပြောဖို့မလိုဘူး ထင်ပါရဲ့။

အဓိက,ကတော့ ငွေကုန်ကြေးကျလည်း မများ၊ ကရိကထလည်းမနိုင်။ အချိန်လည်းမကုန်ဘဲ အိမ့်ကျက်သရေ ယဉ်ကျေးမှုအစဉ်အလာနဲ့ အများလည်း အသုံးဝင်တဲ့ စာအုပ်စာစောင်တွေကို ဧည့်ခန်းမှာ ပြုစုပျိုးထောင်စေချင်တာပါပဲ။

အလှပြင်တာချင်းအတူတူ၊ စာအုပ်စာစောင် အလှပြင်တာဟာ အပြစ်ကင်းလှပါတယ်ဗျာ။

မေသတင်းဂျာနယ်၊ ဩဂုတ်လ၊ ၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com

# အမေ့ကို ကန်တော့ပြီးပြီလား

ဘာရယ်တော့မဟုတ်ပါဘူး။ သြော်. . 'ဘာရယ်တော့မဟုတ်ပါဘူး'ဆိုပြီး ရေးခဲ့တာတွေလည်း များပြီဆိုတော့ ကိုယ့်ဘာသာကိုယ် ပြုံးစိစိဖြစ်မိပါရဲ့။ ဒါပေမယ့်ပေါ့လေ၊ လူဆိုတာက ကိုယ့်လုပ်ရပ်ကလေးတစ်ခုကို ပတ်ဝန်းကျင်က အကောင်းမြင်တယ်၊ လိုက်ပြီး တုပလာကြတယ်ဆိုရင် 'ဘဝင်လေ' ကလေးက ဟပ်ချင်ချင်ရယ် မဟုတ်လား။ အထူးသဖြင့် စာရေးဆရာဆိုတဲ့ လူတွေဟာ ကိုယ်ရေးလိုက်တဲ့ စာလေးတစ်ကြောင်းကအစ စာဖတ်သူက အသိအမှတ်ပြုတယ်။ အဲဒီအကြောင်းအရာကလေးကို အကောင်းမြင်ပြီး တုပမှုပြုကြတယ် ကြားရရင် ပိုပြီး ကျေနပ်ပီတိဖြစ်တတ်ကြတာလား။

ဒီလိုပါ. . .





ကျွန်တော့်ကို ၁၉၅၁ ခုနှစ် မတ်လ ၁၃ ရက်နေ့မှာ မွေးတာဆိုတော့ မနှစ်က ၂၀၀၁ မတ်လ ၁၃ ရက်နေ့မှာ အသက် ၅၀ ပြည့်ခဲ့တာပေါ့။ မွေးနေ့ပွဲတွေဘာတွေ တစ်ခါမှ မလုပ်ဖူးပေမယ့် ၅၀ ပြည့် ရွှေရတုဆိုတာလေးက ခေါင်းထဲ ဖျတ်ခနဲ ဝင်လာခဲ့ပါတယ်။ ဒါကလည်း အခြားအနုပညာသည်တွေ၊ ဌာနဆိုင်ရာတွေ ခံနေ့ထူးနေ့မြတ်မှာ ငွေရတု၊ ရွှေရတု၊ စိန်ရတုဆိုတာမျိုးတွေ အထူးပြုလာကြတာ များလာတော့ ကျွန်တော်လည်း အလိုလို သံယောင်လိုက်မိတာပါ။

နောက်တစ်ခုက မင်းသားကြီး ဝင်းဦးလည်း မတ်လ ၁၃ ရက်မှာ(ဘယ်နှခုနှစ်တော့ မသိပါဘူး) ဆိုတာက ခေါင်းထဲစွဲနေတာကိုး။ ပြီးတော့ သီချင်း၊ ရုပ်ရှင်နဲ့ စာပေဆိုပြီး အနုပညာသုံးရပ်တစ်ပြိုင်နက် လုပ်တာလည်း သွားပြီးတူနေတာကိုလည်း နှစ်ယောက်စလုံး မှတ်မှတ်ထင်ထင်ရှိခဲ့ကြတယ်ဗျ။ ကွာတာလေးတွေတော့ ရှိတာပေါ့လေ။ သူက ရုပ်ချောပြီး လူယုံကြီးဘဝနဲ့ နေသွားခဲ့တယ်။ ကျွန်တော်က ရုပ်ဆိုးပြီး မိန်းမရ၊ ကလေး လေးယောက်ဖခင် ဖြစ်ခဲ့ရတယ်ဆိုတာမျိုးပေါ့။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စ ခေါင်းထဲစွဲနေသလို သူ့အသက် ၅၀ ပြည့် ရွှေရတုနေ့ တစ်ခုသော မတ်လ ၁၃ ရက် ကျွန်တော့်မွေးနေ့တစ်နေ့မှာ ကျွန်တော်က မဂ္ဂဇင်းစန္ဒာအတွက် ဝတ္ထုတိုတစ်ပုဒ် လက်ဆောင်ပေးသလို သူကလည်း ဝီစကီပုလင်း လက်ဆောင်ပြန်ပေးတာ မှတ်မိနေပြန်ပါတယ်။

ဒီလိုနဲ့ ကျွန်တော် အသက် ၅၀ ပြည့်တော့ သူဆုံးသွားပြီး သတိရမိပါတယ်။ ဒါ့အပြင်မှတ်မှတ်ထင်ထင်ရှိပြန်တာက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ရက်မှာပဲ စာရေးဆရာမ မိုးမိုး(အင်းလျား) ဆုံးတယ်။ ကဗျာဆရာ အညာတမာကြီး ဆုံးတယ်။ ဒီလိုပါပဲလေ၊ လူဆိုတာက ကိုယ့်မွေးနေ့နဲ့ တိုက်ဆိုင်တာလေးတွေရှိရင် မှတ်မိနေတတ်ကြတာကလား။ လူတိုင်းလိုလို ကိုယ့်မွေးနေ့ကို အနည်းဆုံး မှတ်မိနေတတ်ကြသလို အချို့ကတော့ မွေးနေ့ပွဲတွေ လုပ်ကြပါတယ်။ တချို့ကျတော့ ကိုယ့်ချစ်တဲ့သူတွေမွေးနေ့ကို မှတ်သားထားပြီး လက်ဆောင်လေးအစ ပို့တတ်ကြပါတယ်။

ကျွန်တော်ကတော့ ဟစ်ခါမှ မွေးနေ့ပွဲမလုပ်ဖူးပါဘူး။ တစ်ခုပဲ၊ မွေးနေ့ရောက်တိုင်း မနက်အိပ်ရာ နိုးနိုးချင်း (အရက်သောက်သောက် ဖြတ်ဖြတ်) မျက်နှာသစ်ပြီးတာနဲ့ အမေ့အိမ်ဘက်ကူးပြီး အမေ့ခြေဖမိုးကို နဖူးတိုက် ကန်တော့တာတော့ အမြဲလုပ်ခဲ့ပါတယ်။ ဒါကလည်း အစပိုင်းမှာ ကျွန်တော်က လုပ်ရကောင်းမှန်း မသိပါဘူး။ အမေကိုယ်တိုင်က. .

"ဟဲ့. . အဲဒီနေ့က မင့်ကို အမေ အသက်စွန့်ပြီး မွေးရတာ။ ဒီတော့ မွေးနေ့ရောက်တိုင်း အမေ့ကို မိုးလင်းတာနဲ့ လာကန်တော့ရမယ်" လို့ သတိပေးရာက အဲဒီအစဉ်အလာ ပေါ်ပေါက်ခဲ့ရတာပါဗျာ။

ဆိုကြပါစို့ရဲ့၊ ပြီးခဲ့တဲ့ ၂၀၀၁ ခုနှစ် ၅၀ ပြည့်တော့ တစ်ခုခုလုပ်ချင်စိတ်ပေါက်လာပါတယ်။ ဒါနဲ့ အမေ့ကို ကျွန်တော် ကန်တော့နေတဲ့ ဓာတ်ပုံရိုက်ထားမယ်ဆိုပြီး ကိုရွှေဝင်းငြိမ်းရဲ့ညီ ကိုဆန်နီညိန်းကို အကူအညီတောင်းရတယ်။ တစ်ဆက်တည်းမှာပဲ ပဲဟင်းတစ်အိုးကြီး ကောင်းကောင်းချက်ပြီး အိမ်နားက မိဘမဲ့ကလေးတွေ





သွားပြီး ကျွေးလိုက်ပါတယ်။ ဒီဓာတ်ပုံလေးတွေကို ကိုရွှေဝင်းငြိမ်းက အလင်းတန်းဂျာနယ်မှာ၊ ရွှေအမြုတေမှာ သတင်းအဖြစ် ဖော်ပြပေးလို့ သူနဲ့ ကိုဦးဆွေကို ကျေးဇူးတင်ရပါရဲ့။ ဖြစ်ချင်တော့ ဘာမဟုတ်တဲ့ ကျွန်တော့်ရဲ့ ရွှေရတုမွေးနေ့ကိစ္စလေးဟာ လူသိများသွားပါတယ်။

ပြီးတော့ ကျွန်တော်ကလည်း 'မေ' ဂျာနယ်မှာ |မွေးနေ့ဆိုတာ မိမိနဲ့သာဆိုင်တယ်လို့ ထင်မှတ်မှားနေကြကြောင်း၊ တကယ်တော့ မိမိမွေးနေ့ဟာ အမေနဲ့ ပိုပြီးဆိုင်တဲ့အကြောင်း၊ အမေ့ကိုကန်တော့သင့်ကြောင်း| စသဖြင့် ဆောင်းပါးတစ်ပုဒ် ရေးလိုက်မိပြန်တော့ သုမောင်ရဲ့ မွေးနေ့ဟာ မတ်လ ၁၃ ရက်ဆိုတာကို ကျွန်တော့်ကို ခင်မင်ကြသူ တော်တော်များများ မှတ်မိသွားကြပါလေရော။

ဒီလိုနဲ့ ဒီနှစ် မတ်လ ၁၃ ရက် ၅၁ နှစ်မြောက်မွေးနေ့ရောက်တော့ မနက်မိုးလင်းကတည်းက မိုးချုပ်ကြီးအထိ တယ်လီဖုန်းတွေ တဂွမ်ဂွမ် လာကြတော့တာပဲ။ မွေးနေ့ဆုတောင်းပေးကြတာပေါ့လေ။ ထူးထူးခြားခြားကတော့ စတီရီယိုအဆိုကျော် ဒေါ်အယ်လ်ခွန်းရီဆိုရင် (မြန်မာ-ဟောင်ကောင် ဘောလုံးပွဲ လက်မှတ်နဲ့အတူ) ကျွန်တော် တစ်ခါမှ ကိုင်တောင်မကြည့်ဖူးတဲ့ ပစ္စည်းစုံပါဝင်တဲ့ အဖိုးတန် မွေးနေ့လက်ဆောင်ခြင်းတောင်းကြီးကို ကိုယ်တိုင် လာပို့ပါတယ်။ ကျွန်တော့်စာထဲမှာ အမေ့ကိုကန်တော့ကြောင်းပါတာမို့ လူကြီးသုံးပစ္စည်းတွေ အစုံထည့်ပေးတာပါပဲ။ သာဓုပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကြားဖြတ်ပြီး ရယ်စရာပြောရဦးမယ်ဗျာ၊ ခေတ်ပြိုင်မင်းသားတွေထဲမှာ ကျွန်တော့်ကို အကြိုက်ဆုံးပါဆိုတဲ့ အကယ်ဒမီ မိုးမိုးမြင့်အောင်ခမျာမှာတော့ ဘယ်သူနဲ့ အမှတ်မှားတယ်မသိဘူး၊ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကျွန်တော့်ဆီ တယ်လီဖုန်းဆက်ပြီး မွေးနေ့ဆုတောင်းပို့ရှာပါတယ်။ တစ်လကြိုးတောင် ခြားတယ်ဗျ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ပြောချင်တာက ကျွန်တော့်မွေးနေ့ကို ခင်မင်သူ တော်တော်များများက အမှတ်သညာပြုလာကြတာကို ပီတိဖြစ်ရသလို လာလေသမျှ တယ်လီဖုန်းတွေတိုင်းမှာ ကျွန်တော့်ဆောင်းမြဲနဲ့ လုပ်ရပ် (မီးလင်းလင်းချင်း အမေ့ကို ရှိခိုးကန်တော့တာ)ကို မှတ်မိတာပွားကြကြောင်း၊ သူတို့လည်း သူတို့မွေးနေ့တွေမှာ အမေ့ကို ဦးစွာ ကန်တော့လာတတ်ကြကြောင်း ပြောဆိုလာကြတာကိုပါပဲ။

ပိုပြီး ပီတိဖြစ်ရတာက ဘာသာခြားတွေလည်း သူတို့နည်း သူတို့ဟန်နဲ့ သူတို့မွေးနေ့မှာ မနက် အိမ်ရာကနိုးနိုးချင်း သူတို့မိခင်တွေကို ဂါရဝပြုတယ်ဆိုတဲ့ စကားသံလေးတွေပါ။

ဒီတော့ စာရေးဆရာတစ်ယောက်အနေနဲ့ရော သာမန်လူသားတစ်ယောက်အနေနဲ့ပါ မိမိရဲ့ လုပ်ရပ်ကောင်းလေးကို အကောင်းမြင်ပြီး လိုက်လံတုပကြတယ်ဆိုတော့ ကျွန်တော် ဘယ်လောက်ပျော်မယ်ဆိုတာ စဉ်းစားကြည့်ကြပါတော့။

အဲ ၁၃. ၃. ၂၀၀၂ နေ့ မနက် ၆ နာရီလောက်မှာ ပထမဆုံး တယ်လီဖုန်း စပြီး ဝင်လာပါတယ်။ ဘယ်သူမှန်းတော့ မသိပါဘူး။ သူက. .





"ဆရာသု အမေ့ကို ကန်တော့ပြီးပြီလား" လို့ တိုးတိတိကြီး မေးပါတယ်။ ကျွန်တော်က "စောစောကတင် ကန်တော့ပြီးပါပြီ" ပြန်ပြောတော့. .

"ဘယ်လိုမှ သဘောမထားနဲ့နော်။ တော်ကြာ ဆရာသု ပြန်သောက်ပြီး မေ့နေမှာစိုးလို့ပါ" လို့ ရိုးရိုးကြီးပြောပြီး "သာဓုဗျာ၊ သာဓု သာဓု" တဲ့။ ဖုန်းပြန်ချသွားပါရော။ ကျွန်တော့်မှာလေ သူ့ကို ကျေးဇူးတင်လွန်းလို့ ကြက်သီးတောင်ထမိပါရဲ့။

စာဖတ်သူဂျာနယ်၊ မတ်လ၊ ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

# သားရို့သမီးရို့ ဖတ်ကြဖို့

ပထမဆုံး. . ဟောဒီခေါင်းစီးကလေးအကြောင်း နည်းနည်းပြောမယ်ကွယ့်။ 'သားတို့သမီးတို့' လို့ မသုံးမနှုန်းခဲ့ဘူးနော်။ 'တ' ဝမ်းပူအစား 'ရ'ကောက်ကို သုံးတယ်။ ဒီနေရာမှာ ရေးထုံးကိစ္စကို ဦးသုက ထည့်မစဉ်းစားပါဘူး။ သက်ကြီးစကားကိုပဲ ယူခဲ့တယ်။ ဦးသုရဲ့ဘိုးဘွားတွေဟာ အဲ့သလိုပဲ 'သူတို့' အစား 'သူရို့' ဆိုတာမျိုး သုံးနှုန်းတတ်လို့ပဲ။ နောက်တစ်ကြောင်းက ဦးသု သားသမီးနှစ်ယောက် ရခါစက အဲ့ဒီခေါင်းစီးလေးနဲ့ပဲ ကလေးကဗျာတွေ ရေးခဲ့ဖူးတယ်ကွယ့်။ ဘယ်မဂ္ဂဇင်း ဂျာနယ်မှ မပို့ဖြစ်ခဲ့ပါဘူး။ အကြောင်းအရာတွေကတော့ ဘုရားဟော ကျမ်းဂန်တွေထဲက ကလေးတွေနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေကို သံပေါက်ပုံစံ ခေတ်သစ် ကလေးကဗျာပုံစံတွေနဲ့ ရေးဖွဲ့ခဲ့တာပါ။ ဒါကြောင့် ဒီခေါင်းစီးကို ပြန်သုံးတာပေါ့။ အဲ. . ခု နောက်ဆုံးပြောမယ့် အကြောင်းရင်းကတော့ တလောဆီက အောင်စာရင်းထွက်သွားတဲ့ ဆယ်တန်း (အေးလေ. . အခြေခံပညာတက္ကသိုလ်ဝင်တန်း) ကိစ္စနဲ့ ပတ်သက်လာလို့ပါပဲ။ ခု ဒီလိုရေးနေချိန်မှာ ဦးသုရဲ့ နို့ညှာသားက ဆယ်တန်းအောင်သွားတယ်။ အငယ်ဆုံးမက ဒီနှစ် ဆယ်တန်း တက်ရမယ်။ အဲ့သလို တိုက်ဆိုင်မှုကလေးရှိနေတုန်းမှာ ဒီစာကို





ကောက်ရေးလိုက်တော့ တစ်နိုင်ငံလုံးမှာရှိကြတဲ့ ဒီနှစ်ဆယ်တန်းအောင်ပြီးသူ၊ ဆယ်တန်းကျသူ၊ ဆယ်တန်းပြန်ဖြေမယ့်သူ၊ ပြန်မဖြေတော့ဘဲ လုပ်ငန်းခွင်ဝင်တော့မယ်သူ စသဖြင့် (ဦးသုရဲ့ သားသမီးရွယ်) နုငယ်တဲ့အရွယ်လေးတွေအတွက် အလိုလိုဖြစ်သွားမှာမို့လေ။ ဟုတ်တယ်မဟုတ်လား။

ကောင်းပါပြီဗျား။ ဦးသုက ဘာအကြောင်း ရေးပြောပြောမှာတဲ့တုန်း။ အဲ. . နောင်အခါ အလျဉ်းသင့်လို့ရှိရင် ဖြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ အနုစားမမွကိစ္စတွေကို ပြောမှာပါ။ ဒါပေမယ့် ခုနှယ်ခါတော့ စောစောကပြောခဲ့တဲ့ အခြေခံပညာ တက္ကသိုလ်ဝင်တန်း (ကဲပါလေ. . ပြောရလွယ်အောင် ဆယ်တန်း) အောင်စာရင်းနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ အကြောင်းတစ်ခုကိုပဲ ဦးတည်ပါမယ်။ ဟဲ့. . ဟဲ့. . နေဦး. . ဦးသုက ဆရာလုပ်ပြီး လေကြောရှည်မှာမဟုတ်ပါဘူး။ လေကြိမ်လုံးနဲ့လည်း ဆော်ဩမှာမဟုတ်ပါဘူးကွယ့်။ သဘောကတော့ သားရို့သမီးရို့အတွက်လည်း 'သင်ခန်းစာကြီး' သီးသန့်မဟုတ်ဘဲ ဦးသုရဲ့အတွေ့အကြုံလေးတစ်ခုကို ဇာတ်လမ်းလေးလိုဖတ်ရင်းနဲ့ ကိုယ့်ဘာသာ စဉ်းစားလို့ ရစေချင်တာပါ။ ဒီလိုရှိသကွယ့်။ သားရို့သမီးရို့ရဲ့။

မနက်က ဦးသုအိမ်ကို သားရို့သမီးရို့အရွယ် လုံမငယ် သုံးယောက် အလည်ရောက်သကွယ့်။ သူရို့နဲ့ဦးသုက တိုက်ရိုက် မပတ်သက်ပါဘူး။ ဦးသုဇနီး ဒေါ်အေးဘုံရဲ့ငယ်တပည့်တွေပါ။ ဒေါ်အေးအေးဘုံက အရင် အလယ်တန်းကျောင်းဆရာမကိုး။ သူရို့လေးတွေဟာ ဒေါ်လေးအေးဘုံရဲ့ အတန်းကပေါ့။ နောင်သူရို့ အထက်တန်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတော့လည်း 'တီချာအေး' 'တီချာဘုံ' ဆိုပြီး ချစ်ခင်လေးစားမပျက်ရှိခဲ့ကြတယ်ကွယ့်။ ဘယ်လောက် သံယောဇဉ်ရှိကြသလဲဆိုရင် (ဘာသာခြားလေးတွေ ဖြစ်ရက်ကယ်နဲ့) နှစ်စဉ်မပျက် သီတင်းကျွတ်တိုင်း အိမ်လာပြီး ကန်တော့ကြသကွယ့်။ စကားစပ်ပြီး ကြားဖြတ်ပြောရရင် ဟိုတလော သကြံန်အပြီး နှစ်သစ်ကူးတော့ သူရို့သုံးယောက်သား အိမ်လာလည်ကြတာ ဦးသုတို့မှာ 'မျက်ကလဲဆန်ပြာ' ကို ဖြစ်ယူရရော။ မျက်စိလည်တယ်လို့ ဦးသု မသုံးဘူးနော်။ အရေးတကြီးဖြစ်စေဖို့ 'မျက်ကလဲဆန်ပြာ' လို့ သုံးရတာ။ သူရို့ဟာ ဗုဒ္ဓဘာသာ မယ်သီလရှင်ဝတ်စုံကလေးတွေ ကိုယ်စီဖြစ်နေကြလို့ပါပဲ။ ဘယ်ပုံဘယ်နည်း ဖြစ်လာကြတယ်ဆိုတာတော့ မမေးကောင်းလို့ မမေးလိုက်ပါဘူး။ စိတ်ထဲကတော့ ဦးသုရဲ့ဖခင်ကြီးနာမည်ကို သုံးခါ တလိုက်ပါတယ်။ ဩော် . . ဦးသုအဖေက စာရေးဆရာ 'သာဓု' မဟုတ်လားကွယ်ရို့။

ကဲ . . သူရို့အကြောင်း ဆက်ဦးမယ်။ သူရို့သုံးယောက်ဟာ ညီအစ်မအရင်းတွေဖြစ်ပြီး တစ်နှစ်ကြီး တစ်နှစ်ငယ်မို့ အပြိုင်းအရိုင်း ဆိုကြပါစို့ကွယ်။

ဒါပေမယ့် သူရို့လေးတွေဟာ အထက်တန်းရောက်တော့ တစ်တန်းတည်း အတူတက်ကြရတယ်။ ဆိုလိုတာက အကြီးဆုံးက တစ်တန်းနှစ်နှစ်နေလိုက် အလတ်မက နှစ်ခြားပြီး စာမေးပွဲကျလိုက်နဲ့ နောက်ဆုံး ဆယ်တန်းကို ပြိုင်တူဖြေကြရတဲ့ အဖြစ်ကို ရောက်ကရောပဲ။ ဒေါ်လေးအေးဘုံ ကျောင်းဆရာမအဖြစ်က အနားယူလိုက်တော့ သူရို့ဟာ ဆယ်တန်းမှာ ကျောင်းတက်တုန်း ကျန်ရစ်





ခဲ့ကြတယ်။ အဲ့ဒီအချိန်မှာ အငယ်ဆုံးက ဆယ်တန်း ပထမနှစ် (Fresher ဖရက်ရှာပေါ့လေ) အကြီးနှစ်ယောက်က ဆယ်တန်း ဒုတိယနှစ် (Repeater ရပီတာ) ဆိုပါတော့။ ပြောချင်တာက အဲသလို ဆယ်တန်းကျောင်းမှာ ကျန်ရစ်ခဲ့တဲ့ ကောင်မလေးသုံးယောက်ဟာ ကျောင်းကထွက်ပြီး အပြင်လောကကိုရောက် လုပ်ငန်းကိုယ်စီဝင်တဲ့အထိ ဇွဲမပျက်ဘဲ ဆယ်တန်းစာမေးပွဲကို နှစ်စဉ်မပျက် ဖြေဆိုနေကြတယ်ဆိုတာပါပဲကွယ့်။ ပြုံးချင်စရာပြောရရင် စောစောက ပြောသလို သီတင်းကျွတ်အိမ်လာလည်တိုင်း 'သမီးရို့ . . စာမေးပွဲအောင်ပါစေ' လို့ ဦးသုတို့က ဆုပေးတိုင်း 'ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင့်' လို့ လိုလိုလားလားဆုယူပြီး ပြုံးစစနဲ့ 'ဒီနှစ်တော့ မအောင်ကြသေးပါဘူး တီချာဘုံရယ်' လို့ ပျော်ပျော်ပါးပါးပဲ ပြန်ပြောတယ်ကွယ့်။ ဒီနေရာမှာ 'ပျော်ပျော်ပါးပါး' ဆိုတဲ့ ကြိယာဝိသေသနကို သုံးရတာက သူရို့ဟာ ဆယ်တန်းစာမေးပွဲကို ပေါ့ပေါ့တန်တန်ထားတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ အခက်အခဲကို ပျော်ပျော်ရွှင်ရွှင်ပဲ ဖြေရှင်းနေကြတာကိုပြောတာပါ။ ဒုက္ခကို ပြုံးပြုံးကြီး ရင်ဆိုင်တယ်လို့ နည်းနည်းမြှင့်ပြီး ပြောရင်လည်း - ရနိုင်ပါရဲ့ကွယ့်။

ဘာပဲဖြစ်ဖြစ် ဒီအဖြစ်အပျက်ကလေးကို ဦးသုက ပေါ့ပေါ့တန်တန်ပြောနေတာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မှတ်မှတ်ရရ သူရို့ညီအစ်မသုံးယောက် ဆယ်တန်းဖြေလိုက် အိမ်လာပြီး ကန်တော့လိုက် ဆုပေး ဆုယူလုပ်လိုက်နဲ့ နေခဲ့တာ ငါးနှစ်တင်းတင်းပြည့်သွားတာကို ဦးသုက မှတ်မိနေလို့ပါပဲကွယ့်။ တွက်ကြည့်စမ်း။ တန်းကျောင်းမှာ နှစ်နှစ်စီ အပြင်ရောက်တော့ ငါးနှစ်စီ



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း ခုနစ်နှစ်ဖြစ်သွားပြီမဟုတ်လား။ ပြီးတော့ ဦးသုရဲ့သမီးကြီး ဆယ်တန်းအောင်ပြီးတာကလည်း ခြောက်နှစ်ရှိသွားပြီ။ သားလတ်က သုံးနှစ်ရှိသွားပြီ။ နို့ညှာသားက တစ်နှစ်တိုင်ပြီ၊ အငယ်ဆုံးက ဒီနှစ်ဆယ်တန်း ဆိုတော့ ဆယ်တန်းဆိုတဲ့ ဝေါဟာရ ဆယ်တန်း အောင်ပြီဆိုတဲ့ အသုံးအနှုန်းတွေဟာ ဦးသုရဲ့ ဦးနှောက်ထဲမှာ နှစ်တိုင်း စိတ်လှုပ်ရှားစရာတစ်ခုဖြစ်နေခဲ့ရတာလေ။ ဒီကြားထဲမှာ ဟိုကောင်မလေးသုံးယောက်ကလည်း နှစ်စဉ်မပျက် အိမ်လာပြီး ကန်တော့ရင်း သူ့ရို့ရဲ့ ဆယ်တန်းကျစာရင်းကို ပြောနေကျဆိုတော့ အလိုလိုနေရင်း 'ဆယ်တန်း' 'ဆယ်တန်း' ဆိုတဲ့ အသံတွေ ကြားနေစရာဖြစ်တော့တာပေါ့ကွယ်။ ထူးခြားတာက နှစ်စဉ်မပျက် အဲ့သလို သူ့ရို့ ဆယ်တန်းကျတဲ့အကြောင်း ပြောလာတိုင်း အပြုံးလေးတွေ မပျက်ရုံမကဘူး ဦးသုရဲ့သားသမီးတွေ အောင်စာရင်းကိုလည်း စနည်းနာလေ့ရှိတယ်။ အောင်တယ်ကြားရင်လည်း ဝမ်းသာအားရ မုဒိတာပွားကြတယ်။ တစ်ခါတလေမှာ (ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့လေ) "ဦးသုရဲ့ကလေး အောင်တယ်" ဆိုပြီး ကြိုတင်စာရင်း ထုတ်ပြန်ကြသေးတယ်။ ဒါနဲ့မပြီးဘူး 'သမီးတို့တော့ ကျပြန်ပြီ နောက်နှစ်ကြိုးစားရဦးမယ်' လို့လည်း အားတက်သရော ပြောတတ်သေးတယ်ကွယ့်။

ဒီလိုနဲ့နေလာလိုက်တာ မနက်ကတော့ သူတို့ညီအစ်မ သုံးယောက်အိမ်ကိုအလည်ရောက်လာခဲ့တယ် ဆိုပါတော့။ ဟောဗျာ. . ခေါင်းတုံး(ကတုံး) ဆံတောက်ကိုယ်စီနဲ့ပါလား။ 'တီချာဘုံ' ကို သတိရလို့ လာလည်တာတဲ့။ ဦးသုကလည်း တွေ့တွေ့ချင်း. .





"ဟဲ့. . ညေး(ညီး)တို့ ရိုနယ်ဒိုဆံပင် အားကျလို့လား" မေးတော့. .

"မဟုတ်ရပါဘူး ဦးသုရယ်. . ပြီးခဲ့တဲ့ နှစ်ဆန်းက သီလရှင် ထပ်ဝတ်ကြတာ" တဲ့။

"သာဓုဗျာ သာဓု သာဓု၊ ဒါနဲ့ ဒီနှစ်ကော စာမေးပွဲ ဆက်ဖြေကြဦးမှာလား" ကျီစယ်စကား ပြောပါတယ်။ သူ့ရို့က ပြုံးပြုံးကြီး တွေလုပ်ပြီး အကြီးဆုံးမက. .

"အငယ်ဆုံးမက မနှစ်ကအောင်တယ်။ ဟောဒီ အလတ်မက ဒီနှစ်အောင်တယ်။ ဟဲ. . ဟဲ. . သမီးကတော့. . " ဆိုပြီး ထုံးစံအတိုင်း ဖွဲမလျှော့တဲ့စကား ပြောလေရဲ့။ သူ့ရဲ့ 'ဟဲ. . ဟဲ' ဆိုတဲ့ ရယ်သံလေးက ပြောင်ချော်ချော် မဟုတ်ရှာဘူး။ တကယ့်ကို အားတင်းတဲ့ ရယ်သံပါ။ ပြီးတော့ အငယ်ဆုံးက အရင်ဆုံး အောင်ပြီး အလတ်မက ဒုတိယအောင်တာကို မနာလိုတာမျိုး ပြိုင်ချင်တာမျိုး လုံးဝမရှိဘဲ ကြားက ဂုဏ်ယူဝင့်ြ ားတဲ့ သဘောရိုးကြီးနဲ့ပါ။

ဦးသုကတော့ ထုံးစံအတိုင်း၊ သူ ဆယ်တန်းဖြေတာ ဘယ်နှနှစ်ရှိပြီလဲ ဆိုတာကိုပဲ စိတ်တွက်တွက်နေမိပါရဲ့။ ဩော်. . . ဆယ်နှစ်ရှိပြီပဲ။

<u>မှတ်ချက်</u> မိမိ၏ သားသမီးအရွယ်များ ဖတ်မှတ်ရန် ရေးသားသော်လည်း သက်ကြီးစာဖတ်သူများက ဤစာစုကို ဖတ်မိသည် ဖြစ်ငြားအံ့. . မိမိ၏ နာမ်စားအသုံး အနှုန်းများအတွက် တောင်းပန်ပါကြောင်း။

မိုးဆမ်းပန်းကျွာနယ်၊ ဇူလိုင်လ၊ ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

# ‘ဘုရ’ နဲ့ ‘ခရ’

“ဦးသုကြီးက လေကြိမ်လုံးနဲ့ မရိုက်ဘူးပြောပြီး လေမှုလိရစ်နေပြီ” လို့ မပြောလိုက်ကြပါနဲ့ကွယ်။ စာရေးဆရာဆိုတာ လေကြောရှည်ချင်လို့ ဒီအလုပ်လုပ်တာလို့သာ ခွင့်လွှတ်ကြပါ။ တစ်ခုရှိတာက မဂ္ဂဇင်း ဂျာနယ် စာမျက်နှာတွေကို လက်ဖက်ရည်ဆိုင်ကစားပွဲလို သဘောမထားဘူးဆိုတာပါပဲ။ ပြီးတော့ စာရေးဆရာတွေရဲ့ စာမှာ(လေမှာ) စေတနာတွေပါတာကိုလည်း လက်ခံရပါတယ်။ စေတနာဆိုး စေတနာကောင်းရှိတာကိုလည်း သတိထားဦးမှနော။

ကောင်းပါပြီကွယ်။ ပြီးခဲ့တဲ့အပတ် ‘မိုးဆမ်းပန်း’ ဂျာနယ်မှာ ဦးသုက ဆယ်တန်းစာမေးပွဲနဲ့ပတ်သက်နေတဲ့ သားရို့သမီးရို့အတွက် စာတစ်ပုဒ်ရေးခဲ့တယ်။ နောင်အလျဉ်းသင့်ရင် ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ကိစ္စတွေကိုလည်း ရေးဦးမယ်လို့ ကြော်ငြာထိုးခဲ့တယ်။ ‘အနုစားမမ္ဘ’ လို့လည်း သညာပြုခဲ့တယ်။ ဒါပေမယ့် ဦးသုကိုယ်ချင်းစာပါတယ်။ ဦးသုတို့ ငယ်ငယ်ကလည်း တရားမမှု





အကြောင်း မိဘတွေက စကားစရင် ရှောင်ချင်ရှားချင်တတ်တာပါပဲ။ ဘုရားဟော နှုတ်ကပတ်တွေကို အလွတ်ကျက်ခိုင်းပြီး မှန့်ဖိုးဆုချတာမျိုးတော့ သဘောကျတာပေါ့ကွယ်။ ဘုရားဟောတွေကို ‘ဟိုးရှေးရှေးတုန်းက’ လို့ အစချီပြီး ပုံပြင်လိုပြောရင်တော့ ကြိုက်တာပေါ့ကွယ်။ ဒါက သဘာဝပဲ။ ဒါကြောင့် အနုစားမမ္ဘလို့ ဦးသုက အစချီလိုက်ကတည်းက နည်းနည်းတော့ ကသိကအောက်ဖြစ်သွားမယ်ဆိုတာ ဦးသု သိပါတယ်။ ဒါပေမယ့် စောစောကပြောသလို ပုံပြင်လိုမျိုး ဒါမှမဟုတ် ဦးသုရဲ့အတွေ့အကြုံလိုမျိုး ပြောပြမှာပါ။ ဆုကြေးတော့ မပေးနိုင်သေးဘူးကွယ်ရို့ရယ်။

လောလောဆယ်မှာ သားရို့ သမီးရို့ကို တောင်းပန်ရပါမယ်။ အဲဒါက ကြော်ငြာထိုးတော့ ‘အနုစားမမ္ဘ’ ခု ဆက်ရေးတော့ ပညာရေးကိစ္စပဲဖြစ်နေမှာမို့ပါ။ ဒါက ဒီလိုရှိပါတယ်ကွယ်။ အခုရေးတဲ့စာမှုက ပထမစာမှုရဲ့ အဆက်မဟုတ်တောင် ပတ်သက်နီးနွှယ်လာလို့ပါ။ ‘လာလို့ပါ’ လို့ ပြောကတည်းဟ အကြောင်းတစ်ခုခု တိုက်ဆိုင်လာပြန်လို့ဆိုတာ သိသာပါရဲ့နော်။ ပထမစာမှုမှာကတည်းကိုက ဦးသုက ကိုယ်တွေ့အဖြစ်အပျက်ကလေးကို အခြေခံပြီးမှ ရေးခဲ့တာမဟုတ်လား။ ရေးချင်တဲ့အကြောင်းက အခြေခံပညာရဲ့ နောက်ဆုံးအဆင့်(ဆိုကြပါစို့ကွယ်) ဆယ်တန်းလူငယ်တွေရဲ့ ဘဝတစ်ဆစ်ချိုး တံခါးပေါက်ကနေ ရဲရဲကြီးကျော်ဖြတ်ကြဖို့၊ ဇွဲမလျှော့ဖို့၊ တံခါးပေါက်မှားပြီး မဖွင့်မိကြဖို့ စတဲ့ အခြေခံလေးတွေပါပဲ။ ‘ဒါလေးများ’ကို တိုတိုပြောပြီးရောပေါ့လို့ တချို့ကဆိုကြမယ်။ ဒါမှမဟုတ် မပြောဘဲလည်းသိတယ်။ သိနေသားလို့ ထင်ချင် ထင်ကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ အဲဒါကြောင့်ပဲ ဦးသုက ကိုယ့်ဘဝအတွေ့အကြုံလေးနဲ့ ဆက်စပ်ပြီး နားဝင်ချိုအောင် ရေးခဲ့ပြောခဲ့တာပေါ့။ လူဆိုတာ ကိုယ့်အကြောင်းအပြင် အခြားလူတွေရဲ့အကြောင်း၊ အထူးသဖြင့် လူသိများတဲ့သူတွေရဲ့အကြောင်းဆို ပိုပြီးစိတ်ဝင်တစားရှိကြတယ် မဟုတ်လား။ ခုလည်း ဒီစာမူမှာ ပြီးခဲ့တဲ့အပတ်က စာမူလိုပဲ တိုက်ဆိုင်မှုတစ်ခု ရှိလာပြန်လို့ နောက်ဆက်တွဲရေးရတာပါ။ တိုက်ဆိုင်ပုံ-ဘမြင့်တော်တော်ကိုထူးတာပဲ။ ရေးခဲ့တဲ့အကြောင်းက ဆယ်တန်းဖြေတာ၊ အောင်တာ၊ ကျတာ၊ ထပ်ဖြေတာနော်။ ဇာတ်ကောင်အဖြစ်နဲ့လည်း ဒေါ်လေးဘုံရဲ့တပည့်သုံးယောက်ကို သုံးခဲ့တယ်နော်။ ဟော-ခု ထပ်ပြီး တိုက်တိုက်ဆိုင်ဆိုင်က ဆယ်တန်းအောင်ပြီး ဘဝခရီးတစ်ခုနဲ့ ပတ်သက်နေတာပါပဲ။

မနေ့ကတွင်ပဲ. . . ဦးသုရဲ့ နှမဝမ်းကွဲတွေ အိမ်ရောက်လာကြတယ်။

ဦးသုဆီ အကူအဉာဏ် ခု တောင်းရင်း ဦးသုရဲ့အမေ (သူရို့ရဲ့ကြီးဒေါ်) ကို ကန်တော့ဖို့ ဆိုပါတော့။ ဒီမှာတွင် နှမတွေနဲ့အတူ မိန်းမငယ်နှစ်ယောက် ပါလာလေရဲ့။ ကိုင်း. . အဲဒီမိန်းမငယ်နှစ်ယောက်ဟာ ဒီစာမူရဲ့ဇာတ်လိုက်တွေ ဖြစ်တော့မယ်။ သူရို့ဟာ ပညာရေးနဲ့ပတ်သက်နေတော့မယ်ဆိုတာ သားရို့သမီးရို့ ရိပ်မိကြပြီမဟုတ်လား။ လက်စနဲ့မို့ ပြောပါရစေ။ သားရို့သမီးရို့ စိတ်ဝင်စားမယ်ထင်ပါရဲ့။

စောစောကပြောခဲ့တဲ့ 'နှမတွေ'ဆိုတာက ဦးသုရဲ့အမေဘက်က ဆွေမျိုးရင်းကြီးတွေပါ။ သူရို့က ဆွေစဉ်မျိုးဆက် ချမ်းသာလာ





ကြတာကွယ်။ မြန်မာရှေးလူကြီးတွေ အစဉ်အဆက် ချမ်းသာကြတာကို တွေ့ဖူး(အဲလေ) ကြားဖူးကြတယ်မဟုတ်လား။ သမ္မာအာဇီဝ ခေါ်တဲ့ ရိုးရာနည်းနဲ့ချမ်းသာကြတာမျိုးပေါ့။ မဟုတ်သေးဘူးကွယ့်။ ဦးသုက ဆွေမျိုးချမ်းသာတာကို ကြွားတာမဟုတ်ပါဘူး။ ရှေ့ဆက်ရေးမည့် ကောင်မလေးနှစ်ယောက်အကြောင်း ရောက်တဲ့အခါ အဲဒီချမ်းသာတဲ့အကြောင်းက ဇာတ်လမ်းကို အထောက်အကူပြုမှာမို့ ကြိုတင်ပြီး အထူးပြုရတာပါ။

ဒီလိုကွယ့်. သူရို့တတွေ အိမ်ရောက်လာကြတော့ (မော်တော်ကား အကောင်းစားကြီးနဲ့နော်) စောစောကပြောတဲ့ ကလေးမနှစ်ယောက်ကို ဦးသုက မမှတ်မိဘူး။ ကိုယ့်နှမတွေရဲ့ အခြား ဆွေမျိုးနွယ်တွေပဲပေါ့လို့ ထင်တာကိုး။ ပြီးတော့ အကြီးတစ်ယောက်က အဲဒီကားကြီးကို ကိုယ်တိုင်မောင်းလို့။ အငယ်တစ်ယောက်ကတော့ ဦးသုအမေအတွက် ဝယ်လာတဲ့ ကန်တော့ပစ္စည်းတွေ ဆွဲလို့။ သူရို့ ဝတ်ပုံစားပုံတွေကလည်း ခေတ်မီပြီး ရိုးရာမပျက်တဲ့ 'သင်တိုင်းစတိုင်(လ်)' လေးတွေနဲ့။

ကရင် သင်တိုင်းရှည်ကြီးတွေ တွေ့ဖူးတယ်နော်။ လက်မောင်းနဲ့ ခြေသလုံးလေးတွေပေါ်ပြီး ကြည့်ရမရိုင်းသလိုမျိုးပေါ့။ အငယ်မက ရွှေကိုင်းမျက်မှန်ထူကြီး တပ်လို့။

ထားပါတော့လေ။ ဦးသုနဲ့အလုပ်ကိစ္စ စကားပြော။ ဦးသုအမေကို ကန်တော့ပြီး သူရို့ ပြန်သွားကြလေရဲ့။ စောစောက ကလေးမနှစ်ယောက်အကြောင်း စကားလည်း မစပ်မိပါဘူး။ သိပ်ပြီးတော့လည်း ဂရုတစိုက်ကြီး မလုပ်မိပါဘူး။ မျက်စိထဲ ထူးထူးခြား



www.burmeseclassic.com

www.burmeseclassic.com

ခြားလေး ဖြစ်နေတာလောက်ပဲ ရှိတာပါ။ ဒါပေမယ့် မော်တော်ကားကြီးကိုယ်တိုင် မောင်းလာတဲ့တစ်ယောက် ဆိုတာရယ်။ ရွှေကိုင်းမျက်မှန်ထူကြီးနဲ့ ဆိုတာရယ်လောက်တော့ သားရို့သမီးရို့လည်း သတိထားမိမှာပါ။

ဦးသုရဲ့နှမတွေထဲက အပျိုကြီးတွေလည်းရှိရဲ့။ ကလေးအမေတွေလည်းရှိရဲ့။ ဒါပေမယ့် ဟိုနှစ်ယောက်က ဆွေမျိုးရင်းခြာတောင် မဟုတ်ဘူးဆိုတာတော့ သေချာနေတယ်။ ထူးခြားတာက သူရို့လေးတွေနဲ့ ဦးသုရဲ့နှမတွေ ဆက်ဆံရေးဟာ သိပ်ပြီးတော့ကို နီးစပ်နေတယ်။ အပြင်အဆင်နဲ့ အနေအထိုင်ကလည်း ဦးသုရဲ့ တူ တူမတွေ (နှမတွေရဲ့သားသမီး)နဲ့ တစ်တန်းတစားထဲလောက်ကို ရှိတယ်။

ဒီလိုနဲ့ ညနေပိုင်းမှာ ဦးသုအမေနဲ့ စကားစပ်မိကြတယ်။

"ဟဲ့ . . သားက 'ဘုစု'နဲ့ 'ခရု'ကို မမှတ်မိဘူးလား"

"ဗျာ . . အဲ့ဒီနှစ်ယောက်က 'ဘုစု' နဲ့ 'ခရု' ဟုတ်လား။ အရွယ်တွေလည်း ရောက်လာပြီး အပြင်အဆင်တွေလည်း ပြောင်းနေတော့ ဘယ်မှတ်မိမလဲ အမေရဲ့"

"အဲဒါပဲကွယ့် ဘဝဘဝက ပြုခဲ့တဲ့ကုသိုလ်နဲ့ ဒီဘဝ ဆက်ပြီး ပြုတဲ့ကုသိုလ်အချိတ်အဆက်ပေါ့" လို့ ဦးသုရဲ့အမေက ကြည်ကြည်နူးနူး ပြန်ပြောတယ်။ ပြီးတော့ အမေက သူ့ယောကျ်ားရဲ့နာမည်ကိုလည်း တပြန်တယ်။ မှတ်မိလားကွယ် ဟိုတစ်ပတ်က ပြောခဲ့တာ။ ဦးသုရဲ့အဖေ(အမေ့ခင်ပွန်း)က စာရေးဆရာသာမု ဆိုတာလေ။

ဦးသုက တစ်ဆင့်ပြန်ပြီး ရေဖောက်သည်ချမယ်ကွယ်။





'ဘုစု' နဲ့ 'ခရု' ဆိုတာ ဦးသုနှမတွေ ငယ်ငယ်က သူရို့အိမ်မှာ ထိန်းကျောင်းသုတ်သင်ဖို့ခေါ်ထားတဲ့ 'ဒေါ်သင်' ဆိုတဲ့ အဒေါ်ကြီးရဲ့ သမီးနှစ်ယောက်ပေါ့။ သူရို့အိမ် 'မသင်' ရောက်တော့ အပျိုပါပဲ။ နောက်တော့ အိမ်က ဒရိုင်ဘာနဲ့ အကြောင်းပါပြီး 'ဘုစု' နဲ့ 'ခရု' ကို မွေးတာ။

ဦးသု ပြောခဲ့တယ်နော်။ သူရို့အိမ်ဟာ ရှေးရိုးမြန်မာမိသားစုလို ချမ်းသာတာလို့။ ဒီတော့ အိမ်ဖော်မသင်ကို အိမ်ထိန်းလိုပဲ သတ်မှတ်ခဲ့တာပေါ့။ အပြီးမွေးစားတဲ့သဘောယောင်ယောင်ပေါ့လေ။ ဒီလိုနဲ့ အိမ်ထောင်ကျ ဘုစုနဲ့ ခရုမွေးပြီးတော့လည်း အဲဒီအိမ်မှာပဲ ကြီးပြင်းစေခဲ့တယ်။ အရွယ်လေးတွေ ရလာတော့ အဆင့်ဆင့် ကျောင်းထားပေးတယ်။ ဦးသုနှမရဲ့ကလေးတွေနဲ့ တစ်စားထဲ မဟုတ်ပေမယ့် အိမ်ဖော်သမီးတွေဆိုပြီး မျက်နှာမငယ်ခဲ့ရဘူး။

ကိုင်းပါဗျာ။ သားရို့သမီးရို့ဟာ အရိပ်ပြရင် ဆွေစဉ်မျိုးဆက်ပါသိတတ်တဲ့ ခေတ်လူငယ်တွေဆိုတော့ စောစောက ပြောခဲ့တဲ့ 'အကြီးမလေးကိုယ်တိုင် ကားမောင်းလာတာ' အငယ်မလေးက 'ရွှေကိုင်းမျက်မှန်ကြီး တပ်ထားတာ' သဘောပေါက်ရောပေါ့။ ဟုတ်ပါ့။ မှန်ပါ့ဗျာ။ အကြီးမလေးက ဦးသု နှမတွေရဲ့လုပ်ငန်းမှာ မန်နေဂျာတဲ့ဗျား။ အငယ်မက ဆေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်တဲ့ဗျား။

ကိုင်း . . ရှင်းပြီလား။ ဦးသုရဲ့မေမေပြောတဲ့ ရှေးကုသိုလ်နဲ့ ခုကုသိုလ်ကွင်းဆက်ဆိုတာလေ။ ဦးသုက ထပ်ပြီးကွန့်ပါရစေဦး။ သူရို့လေးတွေမှာ ကုသိုလ်တွင်မကဘူး လုံ့လဥဿာဟနဲ့ ဇွဲသတ္တိ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိတယ်လို့။ အမှီကောင်းကို ပိုင်ပိုင်နိုင်နိုင် အသုံးပြုတတ်တာ စတဲ့ ပင်ကိုယ်လေးတွေလည်း ရှိမှာပေါ့လေ။ ကြည့်စမ်း ပညာတတ်ထားရင် ဘယ်အခြေအနေမှာဖြစ်ဖြစ် အပေါ်စီးနေရာ ရတယ်ဆိုတာ။

ဘာပဲဖြစ်ဖြစ် ဦးသုရဲ့ ကျေနပ်ပီတိဖြစ်ရတာကို ထပ်ဆင့်သကာလောင်းလိုက်တာကတော့ သားရှိသမီးရှိ ဘွားညို (ဦးသုမေမေ) ရဲ့ စကားတစ်ခွန်းပါပဲကွယ်။

"ဘုစုနဲ့ခရုရဲ့အမေ မသင်ကတော့ သူ့ရှိအိမ်ကြီးမှာ သော့ကိုင်ဆိုပါစို့ သားရယ်" တဲ့။

မိုးဆမ်းပန်းကျာနယ်၊ ဇူလိုင်လ၊ ၂၀၀၂



# 'သုည' ကနေ ပြန်စရအောင်

ကိုင်း. . **'သုည'ကနေ ပြန်စလိုက်ကြရအောင်**။ ဘာရယ်။ နားရှုပ်သွားတယ်လား။ ဟုတ်ပါ့။ ဦးသုကလည်း ပြောင်းပြန်ပြောနေတာကိုး။ အမှန်က သားရှိသမီးရှိ နားယဉ်ပြီးသားက. .

**'(၁)ကနေ စလိုက်ကြရအောင်'** ဟုတ်လား။

အမှန်ပါပဲ။ လောကကြီးမှာ ဘာပဲလုပ်လုပ် တစ်ကနေ စရတာပါ။ အဲဒီအလုပ်တစ်ခု မအောင်မြင်ရင်လည်း အများသူငါ ပြောစကားက ကိုင်း (၁)ကနေ ပြန်စလိုက်ကြရအောင်တဲ့။ ခုတော့ ဦးသုက ဘာကြောင့်များ 'သုညကနေပြန်စလိုက်ကြရအောင်' လို့ ပြောရသလဲ။ ဒီလိုကွယ့်။ ဂဏန်းသင်္ချာမှာ (၁)ကနေစပြီး သုညမှာ ဆုံးတယ်ကိုး။ အကြမ်းဖျင်းပြောရရင် ဘယ်ကိစ္စမဆို (၁)ကစပြီး သုညမှာဆုံးပါတယ်။ သုညကိုကျော်သွားပြန်တော့ ဆယ့်တစ်ဆိုပြီး (၁)ကပဲ ပြန်စရပါတယ်။ ဒီတော့ ကိစ္စရပ်တစ်ခုကို ပြောင်းပြန်လှန်ရင်း သုညကပဲ ပြန်စရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး ရှည်ရှည်ဝေးဝေး ရှင်းနေရင် ရှုပ်သွားတတ်ပြန်ပါသတဲ့။ ဒီတော့ ဦးသုက ကိုယ်တွေ့ ဥပမာလေးပဲ ပေးတော့မယ်ကွယ့်။

ဦးသုရဲ့အစ်ကို ဒါရိုက်တာမောင်ဝဏ္ဏ ဘွဲ့ရလို့ ရုပ်ရှင်ထဲဝင်တော့ သူနဲ့အတူဘွဲ့ရတဲ့ သူငယ်ချင်းတွေက လုပ်ငန်းထဲ ရောယောင်ပြီး ပါလာကြတယ်။ ဘွဲ့ရအလုပ်လက်မဲ့တွေ ဆိုပါဆို့ကွယ်။ ရုပ်ရှင်အလုပ်ဆိုတော့ ဘယ်သူ့ကိုမဆိုလို သုံးမယ်သုံး ဆွဲသုံးလို့ရတယ်မဟုတ်လား။ မီးထိုးမှန်ထိုးကအစ မင်းသားမင်းသမီး အကြိုအပို့ စသဖြင့်ပေါ့ကွယ်။ ဒီတော့ မောင်ဝဏ္ဏရဲ့သူငယ်ချင်းတွေလည်း အလုပ်မရခင်အတွင်းမှာ ဦးသုတို့အိမ်မှာပဲနေပြီး ရုပ်ရှင်လုပ်ငန်းမှာ ဝိုင်းဝန်းကြတယ်ဆိုပါစို့။ သူရို့တတွေထဲမယ် 'မြဝင်းမောင်' ဆိုတဲ့လူလည်း ပါတယ်။ ခုတော့ ဦးမြဝင်းမောင်ပေါ့လေ။ သူက ဘာပြောသလဲဆိုတော့ "ဟေ့ ဝဏ္ဏ ငါ မင့်အလုပ်မှာ ဝင်ကူမယ်. . ဒါပေမယ့် ငါက ဒါရိုက်တာ စပြီးလုပ်မယ် မင်းက နံဘေးကကြည့်ပေါ့. . အေး. . မဟန်ရင် ဇာတ်ညွှန်းကိုဆင်းမယ်. . အဲဒါမှ အခြေအနေမကောင်းရင် ဇာတ်လမ်းမှတ်တမ်းတင်. . အိုကွာ. . နောက်ဆုံးကျမှ မီးထိုးမှန်ထိုးလုပ်မယ်"

သူ့စကား စပြီးကြားရတုန်းကတော့ ဘယ့်နှယ် ကြောင်စီစီကြီးပါလားပေါ့လေ။ နောက်မှ တဖြေးဖြေး စဉ်းစားတော့ သူက (၁)က နေမစဘဲ သုညကနေစပြီး တစ်ထစ်ချင်း ပြန်ဆင်းမယ့်သဘောဆိုတာ သိရတော့တယ်။ အင်း. . တစ်ခါတလေ အပြောင်အပြက်စကားတွေကလည်း တာသွားတတ်တယ်နော်။





ဒီဥပမာလေးကိုလည်း သားရို့သမီးရို့က ရယ်စရာအဖြစ်ပဲ သဘောထားလိုက်ပါဦးကွယ်။ ဒါမှ စိတ်ကြည်သွားမှာကိုး။ စိတ်ကြည်လင်မှ အလေးအနက်ကိစ္စတွေကို ပြောလို့ဆိုလို့ နားထောင်လို့ ကောင်းမယ်မဟုတ်လား။

ကိုင်း. . စောစောကပြောသလို သုညကနေ စလိုက်ကြပါစို့။

'သုည' ဆိုတာကို အဆုံးစွန်လို့ ယူဆရင်လည်း အဆုံးကနေ စလိုက်ရအောင်လို့ သဘောထားကြပါ။ 'သုည' ဆိုတာကို 'ဘာမျှမရှိ' လို့ ယူဆရင်လည်း အစကနေပြန်စတယ်ပဲ သဘောတူလိုက်ကြပါ။

ပြီးခဲ့တဲ့ 'မိုးဆမ်းပန်း' ဂျာနယ်မှာ ဦးသု အစပျိုးခဲ့တဲ့ မြတ်စွာဘုရားရဲ့ တရားတော်နဲ့ပတ်သက်ပြီး သားရို့သမီးရို့နဲ့ အဆင်အပြေဆုံးဖြစ်မယ့်ကိစ္စကို ဦးသုက ပြောပြမှာပါ။

သိပ်ပြီး လေးလေးနက်နက်ကြီး မပြောပါဘူးကွယ့်။ သားရို့သမီးရို့ နားခံသာရုံလေးပြောမှာပါ။ သားရို့သမီးရို့ဟာ (ဗုဒ္ဓဘာသာဝင်တွေဆိုရင်) ဘုရားကျောင်းကန်မှာပဲဖြစ်ဖြစ် အိမ်မှာပဲဖြစ်ဖြစ် ဘုန်းကြီးရဟန်းတွေ တရားချီးမြှင့်တာ နာခံဖူးမှာပါ။ သတိထားမိကြမလားမသိဘူး။ တရားအဆုံးပိုဒ်ကြရင် 'အပ္ပမာဒေန သမ္ပာဒေထ' ဆိုပြီး ရွတ်ဆိုကြတာကိုလေ။

အဓိပ္ပါယ်က လွယ်လွယ်လေးပါကွယ့်။

'သတိနဲ့ နေရစ်ကြ' တဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ဝင်ခါနီး နောက်ဆုံးဟောခဲ့တာကွယ့်။ မူလက **အပ္ပမာဒေန သမ္ပာဒေထ** တဲ့။ ဘိက္ခဝေ ဆိုတာက ရဟန်းသံဃာကို ပြောတာပါ။ 'ရဟန်းတို့ သတိနဲ့နေရစ်ခဲ့ကြကုန်' လို့ ဆိုတာပေါ့လေ။

ဒါကိုကြည့်ခြင်းအားဖြင့် မြတ်စွာဘုရား နောက်ဆုံး ဟောကြားတဲ့တရားဟာ 'သတိ' ပဲလို့ ယူရပါမယ်။ တစ်ဆက်တည်းမှာပဲ ဘုရားတရားတော်တွေရဲ့ အနှစ်ချုပ်ဟာ 'သတိ' လို့ ဆင်ခြင်ရပါမယ်။

'ဟင်. . လွယ်လှချည်လား' လို့တော့ မထင်လိုက်ကြပါနဲ့ ကွယ်ရို့။

အဲဒီ 'သတိ' ဆိုတဲ့ ကိစ္စလေးကို နေရာတကာမပြောနဲ့ အကြောင်းတစ်ခုခုလေးထဲမှာပဲထားကြည့်၊ မလွယ်ဘူးဆိုတာ တွေ့ရလိမ့်မယ်။ တရားတွေဘာတွေ အားထုတ်ပြီး အမြဲသတိကပ်နေတဲ့ အဆင့်ကို ဦးသုမပြောသေးဘူးနော်။ ဆိုကြပါစို့ သားရို့သမီးရို့ နေ့စဉ် လုပ်ကိုင်နေကြတဲ့ လမ်းလျှောက်တာ၊ စားသောက်တာ၊ စာကျက်တာ စတဲ့ ကိစ္စလေးတွေမှာပဲ သတိလေးကပ်ထားကြည့်ပါ။ မလွယ်တာ တွေ့ရပါလိမ့်မယ်။

ကုန်ကုန်ပြောကြစို့ရဲ့ အမြဲမပြတ် အသက်ရှူနေတာတစ်ခုထဲကိုပဲ သတိထားပြီး မှတ်သားကြည့် တစ်၊ နှစ်၊ သုံး၊ လေးကနေ တစ်ဆယ်ရောက်အောင်မှတ်ဖို့ တော်တော်ခက်တာ တွေ့ရပါလိမ့်မယ်။ စကားစပ်ပြီး ပြောရဦးမယ်ကွယ့်။ ဦးသုရှေ့ပိုင်းမှာပြောခဲ့တယ်နော်။ ဂဏန်းသင်္ချာမှာ တစ်ကစပြီးရင် သုည(တစ်ဆယ်





ဆိုပါစို့) မှာ ဆုံးတယ်လို့။ သုညက ပြန်စရတာကို။ သုညဟာ နောက်ဆုံးဂဏန်း ဒါမှမဟုတ် ဘာမျှမရှိဆိုတဲ့ သဘောဆောင်တယ်လို့။ ခု ကြည့်စမ်း အသက်ရှူတာလေးမှတ်ရာမှာပဲ ဂဏန်းသင်္ချာတွေ ပါလာနေပြီ။ ဦးသုပြောချင်တာက 'အလွယ်ဆုံးတွေဟာလည်း အခက်ဆုံးတွေ ဖြစ်နေတတ်တာ' ကိုပါ။ ကဲ. . အသက်ရှူတာ အလွယ်ဆုံး မဟုတ်ဘူးလား။ ဒါပေမယ့် အဲဒါလေးကို မှတ်တာကပဲ အခက်ဆုံး ဖြစ်မနေပြန်ဘူးလား။ ဟော. . ပြောရင်းဆိုရင်းနဲ့ ဦးသုကြီးကိုယ်တိုင် အလေးအနက်တွေ ပြောဖြစ်နေပြန်ပါပြီ။

ကိုင်းပါကွယ့်။ သားရို့သမီးရို့နဲ့ အဆင်အပြေဆုံးကိစ္စလေးတစ်ခုနှစ်ခုလောက်ပဲ ဦးသု ညွှန်းပါတော့မယ်။ သားရို့သမီးရို့ မနက်မိုးလင်းတာနဲ့ မျက်နှာသစ်တယ်မဟုတ်လား။ သွားတိုက်တယ် မဟုတ်လား။ မျက်နှာသစ်ရင်း ရေကို လက်ခုပ်ကလေးခံပြီး မျက်နှာကိုသပ်တယ်မဟုတ်လား။ အဲ့ဒီအခါမယ် တစ်ကြိမ်နှစ်ကြိမ်သုံးကြိမ်ဆိုပြီး မှတ်ကြည့်ကြပါ။ ဒါမှမဟုတ် ဘုရားတရားသံဃာဆိုပြီး မှတ်ကြည့် သပ်ကြည့်ကြပါ။ မနက်မိုးလင်း အိပ်ရာနိုးစမို့ စိတ်ကလေးကလည်း ကြည်လင်နေတာမို့ အလွန်လွယ်ကူပြီး မှတ်သားရကောင်းပါတယ်။ တတ်နိုင်ရင် ဘုရားတရားသံဃာ မိဘ ဆရာပေါ့လေ။ ငါးကြိမ် ကြိုးစားမှတ်ကြည့်ပါ။ သွားတိုက်ရင်လည်း အဲ့ဒီအတိုင်း အချက်ရေကို မှတ်ကြည့်ပါ။ ငရဲမကြီးပါဘူးကွယ်ရို့ (ပြီးမှ ဘုရားရှိခိုးတာတို့ဘာတို့က သက်သက်ပေါ့လေ) ဒီလိုနဲ့ ကိုယ့်စိတ်ကူးနဲ့ကိုယ် တစ်ဆင့်ချင်း တက်သွားနိုင်ပါတယ်။ ဆိုပါစို့ 'အရဟံ' စသဖြင့် (၉) ကြိမ်။ အစပိုင်းတော့ နည်းနည်း မေ့မေ့



www.burmeseclassic.com

www.burmeseclassic.com



လျှော့လျှော့ ရှိချင်ရှိပါလိမ့်မယ်။ နောင်အလေ့အကျင့်ရသွားရင် အလိုလို စိတ်ရောနှုတ်ရော ပါလာလိမ့်မယ်။

တကယ်တော့ သားရို့သမီးရို့ ကျောင်းသင်ခန်းစာထဲမှာ ကဗျာတို့ဘာတို့ အလွတ်ကျက်သလိုမျိုးပေါ့။ နှုတ်တက်အလွတ်ရလာပြီဆိုရင် ကဗျာရဲ့အဓိပ္ပါယ်ကို စဉ်းစားတဲ့အခါ အလိုလို လွယ်ကူသွားတာ တွေ့ကြရတယ်မဟုတ်လား။ နောက်ဆုံးပိတ် ထပ်ပြီး ပြောလိုက်ချင်သေးသကွယ့်။ **'အမြဲအပြတ်လေ့ကျင့်လို့. . အလိုလို ကျွမ်းကျင်လာတာ'** ကို ပါဠိလို 'ပါရမီ' ခေါ်သကွယ့်။ 'ပါရမီ' ဆိုတာကြီးကို သိပ်ပြီး အထင်ရောက်မသွားကြစေချင်ဘူး။

*စာလုံးမဲတွေကိုလည်း 'သတိ' ထားလိုက်ကြပါဦး။*

*မိုးဆမ်းပန်းဂျာနယ်၊ ဩဂုတ်လ၊ ၂၀၀၂*

# အလောသုံးဆယ်

ဒီစာရေးနေတဲ့အချိန်မှာ မိုးဆမ်းပန်းဂျာနယ် အမှတ်(၁)နဲ့ (၂) ထွက်ပြီးပါပြီ။ ဦးသုကလည်း အပတ်စဉ်စာမူပေးနိုင်အောင် ကြိုးစားပါ့မယ်လို့ ဂျာနယ်ဆရာတွေကိုလည်း မယုတ်မလွန် ပြောထားပြီးမို့ ဦးသုရဲ့စာမူနံပါတ်(၃)လည်း ပုံနှိပ်နေလောက်ပါပြီ။ ခု စာမူနံပါတ်(၄)ကတော့ ဂျာနယ်အမှတ်(၄) မှာ ပါပါ့မလား မသိနိုင်ဘူး။ ဦးသုဘက်က စာမူအပေးနောက်ကျသွားဘာကိုးကွယ့်။

အဖြစ်ကဒီလိုပါ။ ဦးသုဟာ စာမူအရေးမြန်သလို စာရေးရာမှာလည်း လောဘကြီးတယ်။ တောင်းအားကောင်းရင် ကောင်းသလို ရေးအားလည်း ကောင်းပါရဲ့။ မနက်မိုးလင်းတာနဲ့ လက်ဖက်ရည်ဆိုင် ခဏထိုင်ပြီး အိမ်ပြန်စာရေးတော့တာပဲ။ ဘာတွေ ရေးသလဲ။ စိတ်ကူးရှိပြီးသားတွေ ဦးစားပေးရေးတယ်။ စောစောက ပြောသလို မဂ္ဂဇင်းဂျာနယ်ပေးမြဲ စာမူတွေရေးတယ်။ ရေးစရာမရှိရင် ကိုယ်ကြိုက်တဲ့ခေါင်းစဉ်တစ်ခုခုကိုတပ်ပြီး အဲဒီခေါင်းစဉ်နဲ့ ခွင်ကျမယ့် အကြောင်းအရာတွေကို ဆက်စပ်ပြီး ရေးချင်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သဘောကတော့ ရေးမယ့်အကြောင်းအရာထက် စာချောအောင် ရေးလိုက်တာပေါ့လေ။ တစ်ခါတလေကျတော့ အဲ့ဒီ ဘာမဟုတ်တဲ့ စာမူကလေးတစ်ပုဒ်ကပဲ သူ့အလိုလိုဖတ်ကောင်းပြီး လှပသွားတတ်လေရဲ့။ ဒါကတော့ ဆယ်ခါရှိတစ်ခါဆိုပါတော့လေ။ ဘာပဲဖြစ်ဖြစ် ဦးသုကတော့ တစ်နေ့စာတစ်ပုဒ် အနည်းဆုံး စာတစ်မျက်နှာတော့ ပြီးအောင် ရေးချလိုက်တာပါပဲကွယ်။ ဟိုတစ်ပတ်က ပြောသလို အလေ့အကျင့်လုပ်တဲ့သဘောပေါ့။ စာရေးဆရာကြီး ဘိုးဘိုး သော်တာဆွေကတော့ ဥပမာရှင်းရှင်းကလေး ပေးဖူးတယ်ကွယ့်။ 'ဘတ်စ်ကားဒရိုင်ဘာဟာ မိုးလင်းတာနဲ့ သူ့ကားကို စစ်ဆေးပြီး စက်နှိုးရတယ်တဲ့။ စာရေးဆရာလည်း ဒီလိုပဲ' တဲ့။ ဒါကြောင့်လည်း ဦးသုက သားရို့သမီးရို့ကို ဘုရားစာအတိုလေးတွေ ရေးချိုးရင်း၊ မျက်နှာသစ်ရင်း၊ သွားတိုက်ရင်းပါ လေ့ကျင့်ရွှတ်ဆိုကြပါလို့ ရေးခဲ့တာပေါ့။

ကိုင်း. . ပြောရင်းဆိုရင်းနဲ့ပဲ စကားတွေက ဘေးရောက်ကုန်ပြန်ပါပကော။

ဦးသု ပြောမယ့်အရာက ဒီတစ်ပတ် စာမူနောက်ကျရတဲ့အကြောင်းနော်။

သားရို့သမီးရို့ရေ. . လောကမှာ ဘယ်ကိစ္စမဆို ဖုတ်ပူမီးတိုက် **'အလောဆုံးဆယ်'** လုပ်တာ မကောင်းပါဘူး။ ဟော. . ကြားဖြတ်ပြောစရာ ပေါ်လာပြန်ပြီ။ **'အလောသုံးဆယ်'** တဲ့။ ရှေးလူကြီးသူမတွေ အသုံးများတဲ့စကားရပ်နော်။ သားရို့သမီးရို့လည်း ကြားဖူးနားဝရှိပြီးသားနော်။ သဘောကတော့ မစဉ်းစားမဆင်ခြင်ဘဲ မြန်မြန်ကြီး ဆုံးဖြတ်လုပ်ကိုင်လိုက်တာလို့လည်း နားလည်ထားပြီးကြပြီနော်။ ကောင်းပြီ **'အလောဆုံးဆယ်'** ဆိုတဲ့စကားရပ်က ဘာလဲ။ ပါဠိစကားလား၊ ရှေးရှေးမြန်မာစကားလား စဉ်းစားစရာနော်။ ဦးသု ကြားဖူးနားဝကိုပဲ တစ်ဆင့်ဖေါက်သယ်ချလိုက်ပါ့မယ်။ ဟုတ်မဟုတ် မှန်မမှန်တော့ ဦးသုလည်း အထပ်မပြောရဲဘူး။ ဒါပေမယ့် ယုတ္တိရှိတာကြောင့် မှတ်သားထားတာပါ။ ဘာလဲဆိုတော့ လူတွေဟာ သေခါနီးမှာ **ဇောငါးတန့်** ပြန်သတဲ့။ ခလယ်ကောင်က ဇောသုံးဇောကတော့ ဖျတ်ဖျတ်လူး ခံစားရသတဲ့။ မစဉ်းစားမဆင်ခြင်နိုင်အောင်ကို ရုန်းရင်းဆန်ခတ် ဖြစ်ရသတဲ့။ ဒါကြောင့် 'အလယ်သုံးဇော' ကို ပြောင်းပြန်ယူပြီး **'အလောသုံးဆယ်'** ခေါ်သတဲ့ကွယ့်။ သေသေချာချာကြီး မဟုတ်ရင်တောင် ဒါမျိုးဆိုတာ မှတ်သားထားတာ မမှားပါဘူး။ ပညာတစ်ရပ် မဆိုသာတောင် ဗဟုသုတတစ်ခုပေါ့လေ။ လူကြားသူကြား စကားရည်လုပွဲ ကျပမ်းစကားပြောပွဲတွေလိုမှာဆို အသုံးတည့်ပါလိမ့်မယ်ကွယ့်။

အေး. . ဗျာ. . ဦးသုလည်း ဖ. ၁ ရေးမြန်သလောက် ကတိပေးတာလည်း မြန်တာမို့ မိုးဆမ်းပန်းကို စာမူမှန်မှန်ပေးပါ့မယ် ပြောလိုက်မိပါရော။

ဒီနေရာမှာဂျာနယ်အသစ်မို့ အားပေးချင်တဲ့စေတနာလည်း ပါတော့ပါတာပေါ့လေ။ ဘာပဲဖြစ်ဖြစ် ဒါလောက် အလောဆုံးဆယ်ကြီး မဆုံးဖြတ်သင့်ဘူး။ သားရို့သမီးရို့အတွက် ဦးသုမှာ ဥပမာပေးပြီး ကိုယ်တွေ့တွေရေးပြဖို့ အများကြီးရှိတာမှန်ပါတယ်။ ဒါပေမယ့် အကြောင်းအရာမျိုးစုံကို မှန်မှန်ရေးပေးဖို့ ဖြစ်နိုင်မဖြစ်နိုင် မစဉ်းစားမိခဲ့ဘူး။ ကိုင်း. . ခုပဲကြည့်" 'သားရို့သမီးရို့' ဆိုပြီး ခေါင်းစဉ်း







www.burmeseclassic.com

www.burmeseclassic.com



တပ်လိုက်တယ်နော်။ သားရိုးသမီးရိုးဆိုတာ ဘယ်အရွယ်တွေလဲ။ ဦးသုက ကိုယ့်မှာရှိနေတဲ့ သားသမီးတွေကို ပုံသေထားပြီး စဉ်းစားခဲ့တာ။ တကယ်တော့ ဦးသုအသက်အရွယ်အရဆိုရင် သားသမီးအရွယ်မျိုးစုံ ရှိနိုင်တယ်မဟုတ်လား။ ဆိုပါစို့ ဦးသုဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျခဲ့ရင်လည်း ဦးသုရဲ့သားသမီးတွေဟာ ခုနှယ်ဆို အသက်သုံးဆယ်ကျော်ကုန်လောက်ပြီ။ ခုထက်နောက်ကျပြီးမှ အိမ်ထောင်ကျခဲ့ရင်လည်း သားသမီးတွေဟာ ခုမှ ဘုစုခရုတွေပဲ ရှိဦးမယ်လေ။ ကြည့်နော်. . ဦးသုနေရာကနေ သားရိုးသမီးရိုးလို့ခေါ်လိုက်တာ အရွယ်ပေါင်းစုံအတွက် ဖြစ်မနေပေဘူးလား။ ကောင်းပြီ အဲ့ဒီအရွယ်ပေါင်းစုံမှာရော ဉာဏ်ရည်အဆင့်ပေါင်းစုံ ဖြစ်မနေပြန်ဘူးလား။ ဒီတော့ ဦးသုက သားရိုးသမီးရိုးရေလို့ ခေါ်လိုက်ပြီး ဘယ်အရွယ် ဘယ်ဉာဏ်ရည်အဆင့်အတွက် စာပေတွေရေးမှာလဲဆိုတဲ့ မေးခွန်းပေါ်လာပြန်ရော။

ကြည့်. . မိုးဆမ်းပန်းဂျာနယ် (၁)နဲ့ (၂) ထွက်ပြီးခါစမှာပဲ ဦးသုဆီကို စာဖတ်သူသုံးယောက်ဖုန်းဆက်ကြလေရဲ့။ တစ်ယောက်က ဦးသုရဲ့စာတွေဖတ်ရတာ အကျိုးရှိသတဲ့။ သူ့သားသမီးတွေကိုလည်း ဖတ်ခိုင်းတော့ ကလေးတွေကလည်း ခံတွင်းတွေ့သတဲ့။ နောက်တစ်ယောက်ကတော့ ဦးသုရဲ့စာတွေက နည်းနည်း ကလေးဆန်နေသတဲ့။ သူ့အဖို့ အရသာမခံနိုင်ဘူးတဲ့။ ပိုဆိုးတာက သူ့သားလေးဟာ ခုမှ ခုနစ်တန်းပဲရှိသေးပေမယ့် ဦးသုပြောပြတဲ့ ဆယ်တန်းကျောင်းသူကျောင်းသားတွေ လိုက်နာအပ်တဲ့ကိစ္စတွေကို သိပြီးသားဖြစ်နေသတဲ့။ ဟော-နောက်ဆုံးတစ်ယောက်ကတော့ သူ့မှာ သမီး





သုံးယောက်ရှိသတဲ့။ နှစ်ယောက်က ဘွဲ့ယူပြီးခါစ၊ တစ်ယောက်က ဒုတိယနှစ်တဲ့။ ဒါပေမယ့် ဦးသု ဘာပြောချင်တယ်ဆိုတာ သူရို့မသိရှာကြဘူးတဲ့။ ဒီထက်လျှော့ရေးပါတဲ့။

ကြည့်စမ်းနော်. . ။ ဦးသု ဘယ်လောက်အကျပ်တွေ့မလဲ။ ဒါဟာ ဦးသုအပြစ်ပဲ။ ခွင်ချထားတဲ့ ခေါင်းစည်းအသေပေးမိတာ ဘယ်လောက် ကျဉ်းကျပ်သွားသလဲ။ ပုဂ္ဂလိက ဆိုတဲ့ လူနည်းစုအကြောင်းပေမယ့် အကြောင်းအရာက ကျယ်ပြန့်နေရင် ဒီလိုပဲ ရေးရသားရ ဒုက္ခရောက်တတ်ပါတယ်။

ဒါကြောင့် 'ယေဘုယျ' ဆိုတဲ့ အများနဲ့ဆိုင်တဲ့အကြောင်းအရာတွေ ပြန်ရှာပြန်တွေးရတော့မှာပေါ့။ အနီးစပ်ဆုံးဖြစ်တဲ့ သားရိုးသမီးရိုးအရွယ်တွေ၊ သားရိုးကသမီးရိုးရဲ့ဉာဏ်ရည်တွေနဲ့ ခွင်ကျမယ့် အကြောင်းအရာတွေ ဆိုပါစို့ကွယ်။ တကယ်တော့ လူများစုနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ ရှာရတာ မလွယ်လှဘူးကွယ်ရို့။ ဒါကြောင့် ရှေးရှေးက စာရေးဆရာကြီးတွေက 'ကလေးစာပေ' 'လူငယ်စာပေ' တွေကို ရေးရခွဲတဲ့ရတာ ခက်တယ်လို့ ပြောကြတာနေမှာပေါ့။

မိုးဆမ်းပန်းဂျာနယ်၊ ဩဂုတ်လ၊ ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

# သက်န်းကပ်ရအောင်

ပြီးခဲ့တဲ့ (၃၀. ၇. ၂၀၀၂) ၁၃၆၄ ခု ဝါဆိုလပြည့်ကျော် (၆) ရက်နေ့က ဦးသုတို့အိမ်မှာ ဝါဆိုသင်္ကန်း ကပ်လှူကြပါတယ်။ ဦးသုရဲ့သမီးကြီးက သူ့ရဲ့ ပထမဆုံးရတဲ့လခနဲ့ သင်္ကန်းတစ်စုံ။ ဦးသုရဲ့သားကြီးကလည်း သူသီချင်းဆိုလို့ရတဲ့ငွေနဲ့ သင်္ကန်းတစ်စုံ ပြီးတော့ ဦးသုကလည်း (ဒေါ်လေးအေးဘုံက ဆိုပါတော့) ကလေးတွေနဲ့ သံယောင်လို ... ဦးသုစာမူခတွေနဲ့ သင်္ကန်းတစ်စုံ စုစုပေါင်းသင်္ကန်းသုံးစုံကို ရတနာသုံးပါးလို့ ရည်ရွယ်ပြီး ကပ်ဖြစ်သွားတယ်။ ပထမအမှားက ဘုန်းတော်ကြီးငါးပါး ပင့်ပြီးမှ သင်္ကန်းသုံးစုံပဲ ကပ်မိတာပါ။ အခြေအနေအရ ရုတ်တရက် ကောက်ကာငင်ကာ လုပ်လိုက်ကြတာမို့ အဲသလို အရေအတွက်လွဲရပေမယ့် ရဟန်းနဲ့ သင်္ကန်းအစေ့အစုံဖြစ်ရင် ပိုကောင်းတာပေါ့လေ။ ဒုတိယအမှားက ဝါဆိုလကို စိတ်ကရည်စူးပြီး 'ဝါဆိုသင်္ကန်း' လို့ ပညတ်လိုက်မိတာပါ။ အမှန်က ဝါဆိုသင်္ကန်းဆိုတာ ဝါကျွတ်မှ (သီတင်းကျွတ်မှ) ကပ်ရပါတယ်ကွယ်။ ကိုင်း. . ဦးသု ရှင်းပြပါ့မယ်။





နေဦးကွယ့်. . ဦးသု ရှင်းပြပါမယ့်ဆိုပေမယ့် တကယ်တော့ ဦးသုလည်း အဲ့ဒီနေ့ကမှ ဆရာတော်ကြီး တရားဟောလို့ တိတိကျကျ သိရတာပါ။ ဒါကို ဦးသုက သားရို့သမီးရို့ဆီ လက်ဆင့်ကမ်းတာလို့ ပြောရမှာပါ။

ထင်တော့ ထင်လိုက်သားကွယ်ရို့ရယ်။ အဲဒီနေ့မတိုင်ခင် ဦးသုတို့မိသားစု ဘုန်းကြီးကျောင်းမှာ အလှူအတန်းကိစ္စများအပြီး ရက်ချိန်းလျှောက်တော့. . ဦးသုက. .

"ခုလို ဝါဝင်သွားမှ ဝါဆိုသင်္ကန်းကပ်ရတော့ အဆင်ပြေပါ့မလားဘုရား" လို့ ဆရာတော်ကြီးကို လျှောက်ထားမိတယ်။ ဆရာတော်ကြီးကတော့ "ရပါတယ်ဗျာ" လို့ပဲ ပြန်မိန့်ပါတယ်။ ဒါပေမယ့် ဆရာတော်ကြီးမျက်နှာ ပြုံးရိပ်သန်းသွားတာတော့ သတိအထားလိုက်မိသား။ ဒါပေမယ့် လူကြီးလုပ်ချင်တတ်တဲ့ ဦးသုက ထပ်ပြီးကွန့်မိပြန်တယ်။

"ဝါဆိုလပြည့်နေ့မှာ အခြားလုပ်ငန်းတွေရှိတာကြောင့် ခုလို ဝါတွင်းကျမှ ဆက်ကပ်ရတာ ခွင့်လွှတ်ပါဘုရား" ပေါ့လေ။

ဘုန်းတော်ကြီးက ပြုံးတော်မူပြန်သကွဲ့။ "ရပါတယ်ဗျား. . ရပါတယ်" လို့ပဲ မိန့်ပြန်သကွဲ့။ စိတ်ထဲမှာတော့ 'အင်း. . တစ်ခုခုများ လွဲချော်နေပြီလား' လို့ ထင်မိပေမယ့် ဆရာတော်ကို ဘာမျှ ထပ်ကွန့်မမေးမိခဲ့တော့ပါဘူး။

ဒီလိုနဲ့ အိမ်မှာ ဝါဆိုသင်္ကန်းကပ်တဲ့နေ့ရောက်ရော ဆိုပါစို့ကွယ့်။ ထုံးစံအတိုင်း ဘုန်းကြီးဆွမ်းကပ်. . ငါးပါးသီလခံယူပြီးပါ။ ဆရာတော်ကြီးတွေကလည်း ဆွမ်းကပ်တဲ့အကျိုးအတွက် ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တုန့်ပြန်တာ' ဆိုပြီး ပရိတ်တော်တွေ ရွတ်ပေးကြပါတယ်။ မေတ္တာသုတ်လည်း ရွတ်ပေးတော်မူကြပါတယ်။ ရေစက်ချ အမျှအတန်းဝေတာလည်း ပါတာပေါ့လေ။ အဲ. . ထူးခြားတာက သင်္ကန်းတော်တွေ ဆက်ကပ်တဲ့အခါမှာ ဦးသုရယ်၊ သားကြီးရယ်၊ သမီးကြီးရယ်က ကိုယ်တိုင်ကိုယ်ကျ သင်္ကန်းတစ်စုံစီ ကိုင်မြှောက်ထားရတုန်း ဆရာတော်ကြီးက ဝါဆိုသင်္ကန်းကပ်လှူရခြင်း အကျိုးကို မိန့်ဆိုပါတယ်။ ပြီးတော့မှ ကြားဖြတ်ပြီး 'ဝါဆိုသင်္ကန်း' ဆိုတာ ဘာလဲ။ ဘာကြောင့် ပေါ်ပေါက်လာရသလဲဆိုတာကို ဗဟုသုတ ပွားပေးတော်မူပါတယ်။ ဦးသုမှာလေ ရှက်ရှက်နဲ့ပဲ နာခံရတော့တာပေါ့။ ဘာပဲဖြစ်ဖြစ် ဦးသုအမှားကို ဆရာတော်က သိမ်သိမ်မွေ့မွေ့ ထောက်ပြရင်း အမှားကြီးမဟုတ်ကြောင်း၊ အမှန်ဘက်ကို ယူလို့လည်း ရကြောင်း ရှင်းပြတော်မူရှာပါတယ်။ ဩော်. . သူတော်ကောင်းများနော်. . ဘယ်တော့မှ တစ်ပါးသူကို အမှားမပြောကြဘူးနော်။

ကိုင်း. . ဆရာတော်ကြီး အမိန့်ရှိတာကို ဦးသုက သားရို့ သမီးရို့ နားလည်အလွယ်ဆုံးစကားနဲ့ ပြန်ရှင်းပြပေးပါ့မယ်။ သာဓု ခေါ်ကြပါကွယ်ရို့။

မြတ်စွာဘုရားရှင်လက်ထက်တော်အခါကပေါ့ကွယ်။ ရဟန်းသံဃာတွေဟာ ဆွမ်းကွမ်းကိစ္စ အခြားရဟန်းကိစ္စ စသဖြင့် သွားကြလာကြလှုပ်ရှားကြတော့ မိုးတွင်းကာလမှာ လယ်ထဲယာထဲ ဖြတ်သန်းကြရတာပေါ့။ ဒီမှာတင် "သစ်ပင်၊ ပန်းပင်တွေမှာ အသက်ရှိတယ်" လို့ အယူအစွဲရှိကြတဲ့ သူတွေက ခုလိုရာသီ (စပါးသီးနှံ





စိုက်ရာသီဆိုပါစို့) မှာ ရဟန်းတွေဖြတ်သန်းလို့ သက်ရှိအပင်တွေ သေကြရတယ်၊ ဒါဟာ ပါဏာတိပါတကံထိုက်တယ်ဆိုပြီး ဝေဖန်ကြသတဲ့။ ဘုရားရှင်ကတော့ ဒီကိစ္စကို သိပ်ပြီး အထွေအထူး မရှင်းပါဘူး။ ဒါပေမယ့် မိမိဘာသာကို အများအပြောလွတ်အောင် ဆိုတဲ့ သဘောနဲ့ အဲဒီကာလ (ဝါတွင်း) မှာ ရဟန်းတွေ အရေးပေါ်ကိစ္စမရှိဘဲ လက်ရှိနေတဲ့ ကျောင်းအပြင်မထွက်ကြဖို့ တားမြစ်သတဲ့။ အဲဒါကို ဝါဆိုတယ်လို့ ခေါ်သကွဲ့။ အဲသလို ဝါဆိုကြရာက ဝါလွတ်ပြီ သီတင်းကျွတ်ပြီဆိုတဲ့အခါမှာ ရဟန်းသံဃာတွေကို သင်္ကန်းအစုံနဲ့ ပရိသတ်က ဆက်ကပ်ကြတာ လှူဒါန်းကြတာကို ဝါဆိုသင်္ကန်းကပ်တယ်ခေါ်သကွဲ့။

ဒီမှာတွင်ပဲ ဦးသုတစ်ယောက် ဆရာတော်ဆီ ဝါဆိုသင်္ကန်းကပ်ဖို့ ရက်ချိန်းလျှောက်တော့ စကားမှားတာကို သိကြပြီမဟုတ်လား။ ဒါပေမယ့် ဆရာတော်က သိပ်ပြီးပညာရှိပီသပါတယ်။ ဦးသုရဲ့စကားအမှားကို အမှန်ဖြစ်အောင် ဥပမာနဲ့ ဖြေရှင်းပေးတယ်ကွယ့်။ ဘယ်လိုလဲဆိုတော့. .

အဲသလို ဝါကျွတ်လို့ သင်္ကန်းကပ်ကြတဲ့ အစဉ်အလာဟာ အချိန်ကြာလာတဲ့တစ်နေ့မှာ ဘုရင်တစ်ပါးဟာ ဝါတွင်းကာလကြီး စစ်ထွက်ဖို့နဲ့ ကြုံသတဲ့။ (ဘုရင်နာမည်တော့ ဆရာတော် ဟောတုန်းက ဦးသုမကြားလိုက်လို့ မသိပါဘူး။) ဒါနဲ့ စစ်ထွက်မယ့် စစ်သည်တော်တွေ ကုသိုလ်ပြုနိုင်ကြပါစေဆိုပြီး ဝါမဆိုခင် အမှု မဟုတ် ဝါဦးကာလမှာ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ကြိုတင်ပြီး သင်္ကန်းကပ်ခွင့်ပြုဖို့ ဘုရားထံပန်ကြားသတဲ့။ သဘော



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဝါဆိုဝါကျွတ်အကြိုသင်္ကြန်း ဆိုပါစို့ကွယ်။ စစ်ထွက်တယ်ဆိုတာ ဘယ်လောက်ကြာမယ်မသိနိုင်ဘူး မဟုတ်လား။ စစ်သည်တွေအကုန်လုံးလည်း ပြည်တော်ပြန်နိုင်၊ မပြန်နိုင် မသေချာဘူးလေကွယ်။

ဒီအခါမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက စစ်သည်တော်တွေရဲ့ သဗ္ဗါတရားကို လက်ခံတဲ့အနေနဲ့ ဝါမဆိုခင်၊ ဝါမကျွတ်ခင် ကြိုတင်သင်္ကြန်းလှူဖို့ကို ခွင့်လွှတ်လက်ခံတော်မူသတဲ့။ အဲဒါကို မိုးသင်္ကြန်းလို့ ခေါ်ကြသတဲ့။

ကြည့်ကြစမ်းကွယ်။ ဦးသုရဲ့အယူအဆ မှားနေတာကို တစ်နည်းအားဖြင့် မှန်ရာရောက်အောင် အဖိုးလည်းတန်သွားအောင် ဆရာတော်ကြီးက ချီးမြှင့်ပုံများပြောပါတယ်။

ဘာပဲဖြစ်ဖြစ် ဦးသုကတော့ ဝမ်းသာရတာပဲပေါ့။ တိုင်းပြည်အတွက် စစ်ထွက်ရတဲ့ တာဝန်ကြီးမျိုးထမ်းဆောင်ရတာ မဟုတ်ပေမယ့် ကိုယ့်အနုပညာအလုပ်နဲ့ ကိုယ်မအားလပ်ဖြစ်ရတာကိုပဲ ပညာရှိ သူတော်ကောင်းတွေက ချီးမြှောက်ပေးကြတာမဟုတ်လား။ ပြီးတော့ ကိုယ့်အမှား ကိုယ့်အရှက်ကိုလည်း လိမ်လိမ်မာမာနဲ့ ဖုံးလို့ဖိလို့ ရသွားတယ်မဟုတ်လား။

သားရို့သမီးရို့လည်း ဝါဆိုသင်္ကြန်းကို ချိန်ခါမရွေး
ကပ်နိုင်ကြပါစေကွယ်။

မိုးဆမ်းပန်းဗျာနယ်၊ ဩဂုတ်လ၊ ၂၀၀၂



# ဝစ္စပေါက်သံ

ဟိုတစ်ပတ်က ဝါဆိုသင်္ကြန်းကပ်လှူတဲ့ အကြောင်းအကျိုးကို ဦးသုပြောခဲ့ပါတယ်။ အဲဒါပြောနေရင်းက တစ်ခုသတိရမိတယ်။

ဦးသုတို့ မြန်မာလူမျိုးတွေ ဗုဒ္ဓဘာသာဝင်တွေဟာ ရတနာသုံးပါးနဲ့ မကင်းကြဘူး။ မြန်မာလူမျိုးတွေထဲမှာပဲ ဘာသာခြားတွေကလည်း ရုပ ့သံဃာတွေနဲ့ မကင်းကြပါဘူးလေ။ သူ့ရို့ဟာ ဘာသာရေးအရ လက်အုပ်ချီရှိခိုးတာမျိုး မလုပ်ရင်သာနေရမယ်။ အရိုအသေတော့ ပေးတတ်ကြပါတယ်။ စကားပြောဆိုတဲ့အခါမှာလည်း ဘုန်းကြီးသုံးစကားနဲ့ပြောကြတာ အကျင့်သီလတစ်ခု ဖြစ်နေပ ပြု။ ဆိုကြပါစို့ 'ဟုတ်ကဲ့' ဆိုတဲ့စကားအစား 'တင်ပါ' 'မှန်ပါ' လို့ သုံးနှုန်းတတ်နေပါပြီ။ စေတီပုထိုး၊ ဘုန်းကြီးကျောင်း ယသဖြင့် ရောက်ရင် ဖိနပ်ချွတ်ရမှန်းကိုတော့ နိုင်ငံခြားသားတွေပါ သိကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ။ ဦးသုပြောချင်တာက ဘာလဲ။ ကြီးကြီးကျယ်ကျယ် ပြောရရင်တော့ 'ဘာသာစကား' ရိုးရိုးပြောရရင်တော့ 'လေယူလေသိမ်း' ပေါ့ကွယ်။

စောစောကပြောသလို မြန်မာလူမျိုးထဲမှာကိုပဲ ကိုးကွယ်တဲ့ ဘာသာခြားနားတတ်တယ်။ ပြီးတော့ တိုင်းရင်းသားတွေ 'တောင်ပေါ်မြေပြန့်တွေ ခြားနားကြတယ်။ ဒီအခါ လေယူလေသိမ်းတွေ ခြားနားကုန်တာ ဓမ္မတာပေါ့။ ဆိုကြပါစို့ ဗမာနဲ့၊ ရှမ်း၊ ကရင်နဲ့ ရခိုင်စသဖြင့် မြန်မာစကားပြောရာမှာပဲ လေယူလေသိမ်းတွေ မတူကြဘူး။ ဦးသုအထင်တော့ ရေမြေတောတောင်ကွာခြားတာလည်း တစ်ပိုင်း မူရင်း သူ့ရိုးရဲ့ မိရိုးဖလာစကားတွေ ကွဲပြားတာကိုလည်း အဓိကကျမယ် ထင်ပါတယ်။ ကုန်ကုန်ပြောရရင် မြန်မာစကား (ဗမာစကား) ကိုပဲ အခြေခံပြီးပြောကြတဲ့ အထက်မြန်မာပြည်က ဗမာနဲ့ အောက်ဗမာပြည်က ဗမာတောင် အဆွဲအငင် အဖြတ်အတောက် အသံထွက်မတူကြပြန်ဘူး။ ဥပမာသေးသေးလေးပြောရရင် 'ရေတွင်း' ဆိုတာကို ဦးသုတို့အောက်အရပ်မှာ 'ရေဒွင်း' လို့ အသံထွက်ပြီး အထက်ပိုင်းကျတော့ 'ရေတွန်း' တဲ့။ ဒီလိုပါပဲကွယ်။ ပြောရရင်တော့ အများကြီးရှိတာပေါ့။

ဦးသုစကားစကို ပြန်ကောက်ရရင်. .

မိမိတို့ရဲ့ ပင်ရင်းစကားတွေမှာတောင် ရေမြေဒေသ ခြားသွားရင် လေယူလေသိမ်း ကွဲကွာသွားတတ်ကြပေမယ့် ဟော. . နိုင်ငံရပ်ခြားစကားတွေ ပြောတဲ့အခါကျတော့ လေယူလေသိမ်း





အဖြတ်အတောက်ကစလို့ သိပ်ပြီးမကွဲပြားတော့ဘဲ တူညီနေတတ်ကြပြန်ရော။ မထူးဆန်းဘူးလား။ ဥပမာ အင်္ဂလိပ်စကားကို ပြောကြတဲ့အခါ ဗမာရော၊ ကချင်၊ ကရင်၊ ရှမ်း စတဲ့ တိုင်းရင်းသားတွေဟာ အသံထွက် သွားပြီးတူနေတယ်မဟုတ်လား။ ဦးသု သတိထားမိသလောက် တမ္ဘာ့ဘာသာစကားကြီးဖြစ်တဲ့ အင်္ဂလိပ်စကားမှ မဟုတ်ဘူး။ ရုရှား၊ ဂျပန်၊ တရုတ် စတဲ့ စကားတွေပြောကြတဲ့အခါမှာလည်း ဦးသုတို့ မြန်မာတိုင်းရင်းသားတွေဟာ သူ့ရိုးနဲ့ အနီးစပ်ဆုံး အသံထွက်နိုင်ကြတာကို တွေ့ရပါတယ်။

ဒါနဲ့ . . ဘ်သက်လို့ ဦးသု စဉ်းစားကြည့်နေခဲ့တာကြာပါပြီ။

တခြားမကြည့်နဲ့ အင်္ဂလိပ်စကားကို ဒီနေ့အထိ ရုံးသုံးလို့ သုံးနေကြသေးတဲ့ အိန္ဒိယနိုင်ငံသားတွေဆိုရင် အင်္ဂလိပ်စကားကို ဗိုးလိုမွှေ ရေလိုနှောက်ပြီးပြောနိုင်ပေမယ့် အသံထွက်ကတော့ မပီကြဘူး။ 'အေ' ကို 'ရေ' လို့ အသံထွက်တာ ကြားဖူးကြမှာပေါ့။ ဒီလိုပဲ သူ့ရိုးအင်္ဂလိပ်စကားပြောရင် လျှာလိပ်သံပါနေတတ်တယ်။ အိန္ဒိယမှမဟုတ်ပါဘူး။ အင်္ဂလိပ်နဲ့ အလွန်နီးစပ်တဲ့ အီတလီလို နိုင်ငံသားတွေတောင် အင်္ဂလိပ်စကားပြောတာ မပီကြဘူး။ I don't ကို I them't လို့ အသံထွက်ကြတယ်။ စကားမစပ်ပြောရရင် ပြီးခဲ့တဲ့ နှစ်ထဲက ဦးသု အမေရိကန်နိုင်ငံကို စာပေကိစ္စနဲ့ သွားခဲ့တယ်။ ဟိုမှာ နိုင်ငံစုံစာရေးဆရာတွေနဲ့ တွေ့ဆုံဆွေးနွေးတယ်။ လားလား သူ့ရိုးတွေဟာ အင်္ဂလိပ်စကားကို ဦးသုလောက် ပီပီသသ မပြောနိုင်ရှာကြဘူးကွယ့်။ ဒါကို ဟိုက အင်္ဂလိပ်ပါမောက္ခကြီးက ထုတ်ဖော်ချီးကျူးလို့ ဦးသု သိရတာပါ။ ကုန်ကုန်ပြောကြစို့၊ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



စကားကိုပဲ ထည်လဲသုံးကြတဲ့ အမေရိကန်တွေတောင် ဝဲတဲတဲ ဖြစ်နေကြလေရဲ့။

ဒါဟာ ဘာကြောင့်လဲ။

ဦးသုစဉ်းစားမိတာကတော့ ဦးသုတို့ မြန်မာစကား ဝေါဟာရတွေ အလွန် ကြွယ်ဝများပြားလို့ပဲ။ အသံထွက်တွေကလည်း သံရှည် သံပြတ် အယိုင်အဝဲတွေ များပြားလို့ပဲ။ လေယူလေသိမ်း အတက်အကျတွေ များပြားလို့ပဲ။

ဒီတော့ ဘာလူမျိုး ဘယ်လိုစကားမျိုးကိုပဲဖြစ်ဖြစ် မြန်မာတွေ အနေနဲ့ တူအောင်ပြောနိုင်တာပါပဲ။ မော်တော်ကားပေါင်းစုံ မြင်ဖူးတဲ့ မက္ကင်းနိတ်ကြီးတစ်ယောက်လိုပေါ့လေ။

ကိုင်း . . ပြောရင်းနဲ့ ဦးသုစကားက ဟိုးအစကို ပြန်မရောက်ရသေးဘူး။ ရဟန်းသံဃာတွေနဲ့ ဆက်ဆံတဲ့အခါ ပြောဆိုသုံးနှုန်းရတဲ့စကားလေ။ 'ပါဠိ' ဆိုကြပါစို့ကွယ်။ အဲ 'ပါဠိ' ဆိုလို့ (စဉ်းစားကြည့်နော်) 'ပါဠိ' စကားဟာလည်း အင်္ဂလိပ်စကားလိုပဲ ကမ္ဘာသုံးဖြစ်နေတာ သတိထားမိကြရဲ့လား။ လေယူလေသိမ်းသာ ကွာချင်ကွာမယ်။ အသံထွက်နဲ့ အဖြတ်အတောက်ကတော့ ပါဠိဟာ ပါဠိပါပဲ။ အဲဒီအထဲမှာကိုပဲ 'ပါဠိ' ကို အသံထွက်အပီဆုံးဟာ ဦးသုတို့ မြန်မာတွေပဲ။ ပါဠိသက်ဝေါဟာရလို့ခေါ်တဲ့ (လောကတို့၊ သောကတို့ စတဲ့) ပါဠိစကားတွေကိုလည်း မြန်မာစကားဝေါဟာရတွေထဲ ထည့်ပြီး မွေးစားခဲ့တာ မြန်မာတွေပါပဲ။ အချို့ပါဠိစကားတွေဆိုရင် မြန်မာစကားတောင် ဖြစ်နေပါပြီ။ ဥပမာ ဒုက္ခတို့ သုခတို့။



ဒါပေမယ့်ကွယ်ရို့ရယ်။ ပါဠိနဲ့ အဲ့သလောက် နီးစပ်တဲ့ ဦးသုတို့ဟာ ဘာမဟုတ်တဲ့အခြေခံလေးကျမှ အသံထွက်မှားနေတာ စိတ်မကောင်းစရာပဲ။ သားရို့သမီးရို့ ဘုန်းကြီးရဟန်းတွေနဲ့ ကြုံတဲ့အခါ တရားနာတဲ့အခါမျိုးမှာ 'အာမဘန္တေပါဘုရား' လို့ ဝန်ခံဖူးကြမှာပေါ့။ ကြည့်နော် (အာမဘန်းတေ) တဲ့။ ဝစ္စပေါက်သံ ပါနေလေရဲ့။ အမှန်အသံထွက်က **အာမဘန်တေ**ပါပဲ။ ဒီလိုပဲ သတိထားကြည့်ကြပါ။ ပါဠိမှာ 'ဝစ္စပေါက်' မပါပါဘူး။ ဒီတော့ ဝစ္စပေါက်သံ မထွက်ရပါဘူး။ သားရို့သမီးရို့ လွယ်လွယ်ရပြီး ကျက်မှတ်ရွတ်ဆိုနေကြတဲ့ ဂါထာလေးတွေ၊ ပရိတ်တွေ၊ သုတ်တော်တွေ ရှိမှာပေါ့။ လေ့ကျင့်ပြီး ရွတ်ဆိုစေချင်တယ်။ ဝစ္စပေါက်သံဖျောက်ပြီး ရွတ်ဆိုစေချင်တယ်။

မိုးဆမ်းပန်းကျာနယ်၊ ဩဂုတ်လ၊ ၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com

# ပါးစပ်ကုသိုလ်   နားကုသိုလ်

သားရို့သမီးရို့မှာ မိဘကိုးဘွားဆိုတာ ရှိမှာပေါ့။ ဆိုလိုတာက သက်ရှိထင်ရှားကိုပြောတာ။ အစုံမရှိဘူးပဲထား၊ တစ်ယောက်တလေတော့ အနည်းဆုံးရှိကြမှာပါ။ ထားပါလေ ကံဆိုးမိုးမှောင်ကျပြီး **တစ်ကောင်ကြွက်တစ်မျက်နှာဘ**ဝမှာ နေရတယ်ပဲထားပါဦး။ (**ဖွဟဲ့ လွဲပါစေဖယ်ပါစေ**) မိမိရဲ့အနီးအနားမှာ ခင်မင်ရင်းနှီးတဲ့ သက်ကြီးရွယ်အိုဆိုတာတော့ တစ်ယောက်စနှစ်ယောက်စ ရှိကြမှာပါ။ အိမ်နီးနားချင်းတို့ဆရာသမားတို့ ရပ်မိရပ်ဖတို့ ဆိုကြပါစို့။ ကိုင်း. . သူ့ရို့သူ့ရို့နဲ့ သားရို့သမီးရို့ ဘယ်လိုဆက်ဆံကြသလဲ။ ဟုတ်ပါ့။ ဦးသုတို့ဟာ မြန်မာလူမျိုးတွေဆိုတော့ 'ဂါရဝ' ထားပြီး ဆက်ဆံကြမှာတော့ သေချာပါတယ်။ အရိုအသေပေးကြမယ်၊ ဖြစ်နိုင်ရင် သီတင်းကျွတ်လို နှစ်ဆန်းမှာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့





လက်အုပ်ချီ ရှိခိုးကြပါမယ်။ ဘာသာခြားဆိုရင်လည်း သူ့ရို့နည်း သူ့ရို့ဟန်နဲ့ပေါ့လေ။ မိသားစုဝင်ဘိုးဘွားတွေဆိုလည်း ကိုယ်က လုပ်ကိုင်ကျွေးမွေးကြပါမယ်။ ကိုယ်က ဦးဆောင်ဦးရွက်လုပ်ပြီး ငွေကြေးမရှာနိုင်သေးရင်တောင် မုန့်ဖိုးပဲဖိုးကလေးနဲ့ သွားရည်စာလေးပဲဖြစ်ဖြစ် ဝယ်ကျွေးကြပါမယ်။ အဆုံးစွန် စားဝိုင်းသောက်ဝိုင်းမှာ **ဦးဦးဖျားဖျား-စားဦးဖျား**ကို ဦးချကြပါမယ်။ ဒါတွေဟာ သီးသန့်သင်ကြားနေစရာတောင်မလိုတဲ့ ရိုးရာအစဉ်အလာ **အလေ့အကျင့်** တစ်ခု ဖြစ်ခဲ့ပြီးသားပါကွယ်။ သိပ်ပြီး **တကူးတကန့်**မဟုတ်ဘဲ **အကုန်အကျ**လည်းမများဘဲ ကုသိုလ်လည်းရ ယဉ်ကျေးမှုလည်း ပြရာရောက်တဲ့ ကိစ္စလေးတွေပါ။ **အကုန်အကျ**ဆိုတဲ့ စကားရပ်ကို ထည့်ပြောရတာ ဦးသုက အကြောင်းရှိပါတယ်။ '**အကုန်အကျ**'လို့ ဆိုလိုက်တာနဲ့ အမိပ္ပါယ်က မကောင်းတဲ့ဘက်ကို ယိမ်းသွားတတ်တယ်လေ။ 'ဟာ. . အကုန်အကျများလိုက်တာ' ဆိုတာ စိတ်ညစ်ရတဲ့အသံပါတယ်။ '**ကုန်ချင် ကုန်ပစေ**' ဆိုတာကျတော့ အကောင်းဘက်ကို ညွှန်းတဲ့သဘော။ ဇေတနာသဒ္ဓါတရား ထက်သန်တဲ့ သဘောမဟုတ်လား။ ခု ဦးသုက လူကြီးသူမတွေကို ဂါရဝထားတဲ့ ကိစ္စမှာ ဘာကြောင့် 'အကုန်အကျ' ဆိုတဲ့ စကားရပ်ကို သုံးရသလဲ။ ဒီလိုပါကွယ်။ လူ့သဘာဝဆိုတာ တစ်ခါတရံမှလုပ်ရတဲ့ ကိစ္စမျိုးမှာ စာရင်းဇယားမတွက်တဲ့ '**ကုန်ချင်ကုန်ပါစေ**' လို့ လက်ဖွာတတ်ပြီး အစဉ်အမြဲလုပ်ရတဲ့ကိစ္စမျိုးကျတော့ (ဥပမာ နေ့စဉ်ဈေးဖိုးလိုမျိုး) ကိုယ့်ဝမ်းစာ ကိုယ့်မိသားစုဝမ်းစာအတွက်ဖြစ်ပေမယ့် 'ဟာ. . အကုန်အကျ များလိုက်တာ' ဆိုပြီး တွက်ကပ်တတ်ကြတဲ့သဘော ရှိလေရဲ့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ဒါကြောင့် ကိုယ့်ဝန်းကျင်က သက်ကြီးရွယ်အိုတွေကို အစဉ်အလာအတိုင်း အရိုအသေပေးတာ စားဦးစားဖျားကျွေးမွေးတာဟာ နိစ္စဓူဝ(နေ့တဓူဝ မဟုတ်ဘူးနော်) ကိစ္စမို့ ကြာရင် သဒ္ဓါပျက်မှာ စိုးရပါတယ်။ ဒါကြောင့် **အတုန်အကျဲမများတဲ့** ကုသိုလ်လို့ ဦးသုက သုံးရတာပါပဲ။

ကဲ. . နည်းနည်းလေးကြိုးစားပြီး တစ်ဆင့်တက်ကြည့်ကြရအောင်။

အဲဒါက. . လူကြီးသူမတွေနဲ့ မကြာမကြာ စကားပြောတဲ့ **အကျင့်သီလကိစ္စပါ**။ ဦးသုတို့ မြန်မာလူမျိုးဟာ အသက်ကြီးလာရင် အများအားဖြင့် စကားများများပြောတတ်ကြသကွယ့်။ လူမှန်သမျှ အသက်ကြီးလေ စကားများလေဖြစ်တတ်ပေမယ့် ဦးသုတို့မြန်မာလူမျိုးတွေ ပိုမယ်ထင်တယ်ကွယ်။ ဒါဟာ ဘာကြောင့်လဲ။ စောစောကပြောခဲ့တဲ့ ငယ်သူက ကြီးသူကို အရိုအသေပြု ဂါရဝထား **ဦးစားပေးတတ်တဲ့**အစဉ်အလာပေါ်မှာပဲ အခြေခံတယ် ဆိုရပါမယ်။

'လူ့သဘာဝကိုက ကိုယ်က အထက်စီးရောက်ရင် အမြဲပဲ ငုံ့ကြည့်ကြတယ်မဟုတ်လား။ အလိုလိုက်ခံရလွန်းတဲ့ ကလေးဟာ ပိုပြီး ချွဲတတ်နွဲ့တတ်သကွယ့်။ ကျောင်းဆရာတွေဟာ အမြဲပဲ သင်ချင်ကြားချင်သကွဲ့။ ဆရာဝန်တွေဟာ လူတစ်ယောက်ကို ရောဂါသည်မျက်လုံးနဲ့ပဲ ကြည့်သကွဲ့။

ဒီလိုပဲ သက်ကြီးရွယ်အိုတွေဟာ (ဘယ်လောက်ပဲ တရားမွေ့နဲ့ အေးအေးချမ်းချမ်းနေ) လူငယ်တွေနဲ့ဆုံရင် ဆုံးမချင်ကြတယ်။





သူ့ရို့အတွေ့အကြုံတွေကို ပြန်ပြောချင်ကြတယ်။ ငယ်ငယ်တုန်းက ရွှေထီးဆောင်းခဲ့ရတာတွေကို ဂုဏ်ယူတတ်ကြတယ်။ 'ဒို့ငယ်ငယ်ကများ လက်ဖက်ရည်တစ်ခွက်မှ ဆယ့်ငါးပြားရယ်' ဆိုတာလောက်တော့ ရှာကြံဂုဏ်ယူတတ်ကြတာ သားရို့သမီးရို့ ကြားကြားနေကြရမှာပါ။ **အလွန်နှုတ်နည်းတဲ့** ပုဂ္ဂိုလ်တွေတောင် သေခြင်းတရားလောက်တော့ ပြောကြတာပါပဲ။ ဟုတ်တယ်လေ။ ဘယ်ဘုယျပြောရရင် ကြီးသူဟာ ငယ်သူထက် သေဘေးနဲ့ပိုနီးတာကိုး။

ဟားဟား. . ရယ်စရာတော့အကောင်းသား၊ ဦးသုလည်း ပြောရင်းနဲ့ စကားတွေများပြီး ဆရာကြီးပုံဖမ်းနေမိပါပေါ့လား။ ဩော်. . ဦးသုလည်း အသက်ကလေးရလာပြီကိုးကွယ်။ ပြီးတော့ စာရေးဆရာကိုးကွယ့်။

အဲဒါပါပဲကွယ်။ ဦးသုတို့မြန်မာတွေဟာ အသက်ကြီးလာလေ စကားများများပြောချင်လေ မဟုတ်လား။ ဒီတော့ လူငယ်တွေတ အလကားနေရင်းရတဲ့ကုသိုလ်ကို ထပ်ပြီးရယူကြဖို့ပါပဲ။ စောစောကပြောသလို လူကြီးသူမတွေကို လက်အုပ်ချီရှိခိုးတာ ခေါင်းငုံ့ကိုယ်ကိုင်းပြီး ဖြတ်လျှောက်တာ၊ စားဦးစားဖျားလေးတွေနဲ့ ဦးချတာ စတဲ့ လုပ်ရိုးလုပ်စဉ် အကျင့်သီလထက် နည်းနည်းလေး တိုးပြီး လူကြီးတွေနဲ့ အချိန်ရသလောက် စကားပြောဖော် လုပ်ပေးကြည့်စေချင်ပါတယ်။ ပထမတော့ နည်းနည်းပင်ပန်းသလိုရှိမှာပေါ့လေ။ စကားပြောရ နားထောင်ရတာလည်း တယ်ပြီး ဇက်ညောင်းတာကိုး။ ဘာပဲဖြစ်ဖြစ်စမ်းကြည့်ကြစေချင်တယ်။ ကျောင်းစာကျက်တာလို၊ ကျန်းမာရေးလေ့ကျင့်တာလို သဘောထားရင် ညည်းမခက်



www.burmeseclassic.com

www.burmeseclassic.com



လှပါဘူး။ အချို့သားငယ်သမီးငယ်တွေဆိုရင် နေ့စဉ်ညစဉ် ပုံမှန် အုရားရှိခိုးကြတာပဲ။ အချို့ဆို တရားတောင် ထိုင်နိုင်သေးတာ။ ဒီတော့ မိမိတို့နဲ့အနီးစပ်ဆုံး ဘိုးဘွားတွေနဲ့ အချိန်ရသလောက် ကလေး 'လု' ပြီး စကားပြောကြည့်ကြပါ။ ကိုယ့်အတွက် အကျိုးရှိတာမရှိတာ အပထားလို့ သူ့ရို့ဘိုးဘွားတွေအတွက်တော့ ပြောချင်တာလေးပြောလိုက်ရရင် တစ်ရက် အသက်ပိုရှည်ပါတယ်။ ဒါက လည်း ဇီဝိတဒါန အသေးစားပါပဲကွယ်။

နောက်တစ်ခုက ဦးသုတို့ မြန်မာလူမျိုးတွေဟာ အလွန် အားနာတတ်တယ်။ 'အားနာ'ဖို့ရာ တမင်္ဂလာလေ့ကျင့်ယူနေစရာ မလိုဘူး။ မွေးရာပါလို ဖြစ်နေပါပြီ။ ဒီတော့ အဲ့ဒီအားနာတာလေး တစ်ခုတည်းအပေါ် အခြေခံပြီး သက်ကြီးရွယ်အိုတွေနဲ့ စကားပြောပေးကြည့်ကြပါ။ လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ အလ္လာပ သလ္လာပ ပြောကြတဲ့အခါမှာတောင် ကိုယ့်စကားကို တစ်ပါးသူက နားထောင်ပေးရင် ဘယ်လောက်ပီတိဖြစ်တယ်ဆိုတာ ကိုယ်ချင်းစာကြည့်ပေါ့။

ကိုင်းပါလေ၊ စကားပြောရမှာ ပါးစပ်ညောင်းရင်လည်း သူ့ရို့ ပြောတာတွေကို (စိတ်မဝင်စားဘဲဖြစ်ဖြစ်) နားထောင်ပေးကြပါ။ မသိကာ ငါးမိနစ်ဆယ်မိနစ်ဖြစ်ဖြစ်ပေါ့။ ဘာမှ ပုံပါသွားစရာမရှိပါဘူး။ ယူတတ်မယ်ဆိုရင် ကိုယ့်အတွက် အကျိုးအမြတ်တောင် ထွက်ပါတယ်။

'ဈေးကွက်စီးပွားရေး' စကားနဲ့ ဥပမာပေးရရင် ဦးသုဆို ဦးသုရဲ့ အမေအိုကြီးနဲ့ တစ်နေ့ ဆယ့်ငါးမိနစ်လောက်ဖြစ်ဖြစ်





စကားပြောဖြစ်တယ်။ တမင်္ဂလာကိုပြောခဲ့ နားထောင်ခဲ့တာ။ ဟော ဘာအကျိုးရှိသလဲသိလား။ 'အဘွားညို' ကြီးပြောတဲ့ ရှေးဟောင်း နှောင်းဖြစ်တွေထဲက လူတွေကို ဇာတ်ကောင်နာမည်တပ်ပြီး ဝတ္ထု တိုတွေရေးခဲ့တာ နည်းသမှတ်လို့ကွယ်။ ကဲ-အဲဒါသာကြည့်တော့။

ဘာပဲဖြစ်ဖြစ်ပေါ့လေ. . ပိုက်ဆံမကုန်ဘဲ အချိန်လေး နည်း နည်းပါးပါး အကုန်ခံရင်းနဲ့ ဇီဝိတဒါနသေးသေးလေးပြုတာ ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့။ မယုံရင်ပြောကြည့် သူ့ရို့ရှိတာ လေးတွေ ထုတ်ကျွေးရှာကြလိမ့်မယ်။

*မိုးဆမ်းပန်းကျာနယ်၊ စက်တင်ဘာလ၊ ၂၀၀၂*



www.burmeseclassic.com

www.burmeseclassic.com

# သားရို့သမီးရို့ ဖတ်ကြဖို့

ဦးသုရဲ့စာကိုဖတ်နေကြတဲ့ သားရို့သမီးရို့ထဲမှာ စာပေ ဂီတ အနုပညာ ဝါသနာပါတဲ့သူတွေ ရှိကြမှာ အမှန်ပဲ။ ဒါဟာ လူ့သဘာဝကိုး။ ဒါပေမယ့် တစ်ခုတော့ရှိသကွဲ့။ ဝါသနာဆိုတဲ့နေရာမှာ 'ခံစားချင်တာလား' 'ကိုယ်တိုင်လုပ်ချင်တ ာလား' ဆိုတာပါပဲ။ သဘောကတော့ကွယ် သီချင်းနားထောင်ချင်တာလား၊ 'ကိုယ်တိုင်ဆိုချင်တာလား' ပေါ့လေ။ ဘာပဲဖြစ်ဖြစ် ဦးသု အဓိကပြောချင်တာကတော့ 'စာပေကိစ္စ' ပါ။ ဘာကြောင့်ဆိုတော့ စာဖတ်ပြီ ဆိုကတည်းက စာပေဝါသနာပါလို့မဟုတ်လား။ အေး. . စာစာက အကြောင်းပြောရရင် 'စာဖတ်ချင်တာလား' 'စာရေးချင်တာလား'





ပေါ့လေ။ ဦးသုထင်တယ်လေ. . ခုဖတ်ချင်တဲ့သူကများပါလိမ့်မယ်။ စာရေး ချင်တဲ့သူတွေရှိပါရဲ့. . ဒါပေမယ့်. . 'အတုခိုးမှားနေလို့' ဆိုတဲ့ ကိစ္စ ကို ဦးသုက အဓိကပြောချင်ပါတယ်။

၁။ တချို့က ဘဝစာပေဝတ္ထုတွေဖတ်ပြီး ကိုယ်တိုင်လည်း ရေးချင်တော့. . ကိုယ့်ဘဝကို မနာ,နာအောင် တမင်္ဂလာဖိနှိပ်ပြီး ရေးတာ။

၂။ တချို့ကတော့ လူသုံးများတဲ့ ခေတ်ပေါ် ရုပ်ရှင်နှင့် ဗီဒီယိုရိုက်ဖို့ကောင်းမယ့် ဇာတ်တွေ တမင်္ဂလာ ရေးနေတာ အားကျပြီး တုရေးကျင့်နေကြတာ။

၃။ တချို့ကတော့ ကိုယ်ကြိုက်တဲ့ စာရေးဆရာရဲ့ စာတွေချည်းဖတ်ပြီး အဲ့ဒီဆ ာလိုဖြစ်အောင် တုရေးနေတာ။

၄။ တချို့ကျတော့ အမျိုးစုံဖတ်ပြီး. . စာရေးဆရာ ဖြစ်ချင်တာနဲ့ စာမျိုးစုံလျှောက်ရေး နောက်ပိုင်း ဘာရေးရမှန်းမသိဖြစ်သွားတော့တယ်။

၅။ အဲ. . နောက်တစ်မျိုးကတော့. . စာမျိုးစုံလည်း ဖတ်တယ်။ ပြီးတော့ ရေးဟန်တွေ အကြောင်းအရာတွေကို ရွေးတယ်။ ပြီးမှ မိမိကိုယ်ပိုင်ဟန်နဲ့ စာရေးတာ။

ကိုင်း ဘယ်အမျိုးအစားဟာ စာရေးဆရာဖြစ်ဖို့ များသလဲ သားရို့သမီးရို့သိပါတယ်လေ။ ဒါပေါ့. . နံပါတ် (၅) အမျိုးအစားပေါ့။ ဟဲ့. . ပထမအမျိုးအစားတွေလည်း 'စာရေးဆရာ မဖြစ်ဘူး' လို့ ဦးသု မပြောဘူးနော်။ သူ့ကံနဲ့သူ ဖြစ်ချင်လည်း ဖြစ်သွားတတ်



www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ ဒါပေမယ့် သေချာသလောက်ရှိတာကတော့ နံပါတ်(၅) အမျိုးအစားပဲ။ ဟုတ်ရဲ့လား။

ဒါပေမယ့် ဖွယ်ရှိရယ်။ ဦးသုက အခုစာရေးဆရာဖြစ်နည်း *သင်တန်းပေးချင်လို့ ဒီစာရေးနေတာမဟုတ်ရပါဘူး။* တလောဆီက စာရေးဆရာဖြစ်ချင်လို့ ကြိုးစားနေရှာတဲ့ လူငယ်လေး တစ်ယောက်အကြောင်း ပြောချင်လို့ပါ။ သူက နံပါတ်(၃) အမျိုးအစားဆိုပါစို့။ ဟိုတလောက ရုပ်ရှင်ရိုက်ကွင်းတစ်ခုမှာ ရုပ်ရှင်ရိုက်နားနေတုန်း ဦးသုနားကို လူငယ်လေးတစ်ယောက်. . ရှိုရှိုလေး ရောက်လာတယ်။ ဘာမှ မပြောသေးဘူး။ (ဦးသုက ပါးစပ် လှုပ်ရွရွ လုပ်နေတာကိုး) သူ့စိတ်ထဲ ဗိုင်ယာလော့တွေ ကျက်နေတယ်ထင်ပုံရရဲ့။ အမှန်က ဘုရားရှိခိုးရချေရဲ့။ ဘုရားစာရွတ်နေတာပါ။ ဒီစကား ဘာကြောင့်ပြောသလဲ။ ဦးသုကို လူတိုင်းက အရက်သမားကြီးလို့ သတ်မှတ်ထားကြမေတာကိုး. .။ ဒါကို ဘာ့ကြောင့် ထည့်ပြောရသလဲ၊ နောက်ပိုင်း ရှင်းသွားပါလိမ့်မယ်ကွယ်။

ကိုင်း. . စောစောကလူငယ်လေး. .။

ဦးသု ဘုရားစာရွတ်လို့ပြီးတော့ သူက မရဲတရဲ အနားကပ်လာတယ်။

"ဆရာကြီး စကားနည်းနည်းပြောခွင့်ပေးပါ"

"အေး. . ပြောပါကွယ့်"

ချာတိတ်က မပြောမဆို ဆောင့်ညောင့် ထိုင်ချလိုက်တယ်။ ပြီးတော့ မြေကြီးပေါ်မှာပဲ ဦးသုကို ဦးသုံးကြိမ်ချတယ်။ (ကြားဖြတ်





ပြောရဦးမယ် သားရို့ သမီးရို့) ဘုရားနဲ့ ဘုန်းကြီးရဟန်းကလွဲရင် ဦး (၅)ကြိမ်ချရတယ်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ပေါ့လေ။ ထားပါတော့။ အဲသလို ကန်တော့ပြီးတော့ သူငယ်က. .

"ဆရာကြီးစာတွေ အကုန်ဖတ်တယ်၊ အကုန်သိမ်းထားတယ်။ လုံးချင်း၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာကအစပေါ့. ."

"အေး. . စာဖတ်တာ ကောင်းတာပေါ့"

"အဲ. . အဲဒါ. . ကျွန်တော် စာရေးဆရာဖြစ်ချင်လို့"

"ဖြစ်ချင်. . ရေးပေါ့ကွ"

"မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်က ဆရာကြီးလို စာရေးဆရာမျိုး ဖြစ်ချင်တာ"

"ဟေ. ."

တကယ်ပဲ 'ဟေ' သွားသကွယ်။ စဉ်းစားကြည့်။ စာရေးဆရာဆိုတာ အဆိုတော် ရုပ်ရှင်မင်းသားတွေလို တစ်ယောက်နဲ့ တစ်ယောက် တူကြတာမဟုတ်ဘူး။ ဒါကြောင့်. .။

"ဟဲ့. . အဲဒါအတွက် ဝမ်းတော့သာပါတယ်. . ဒါပေမယ့် မဟုတ်သေးဘူး၊ 'စာရေးဆရာ' ဆိုတာ ကိုယ့်လိုင်းနဲ့ကိုယ် ဖြစ်ရမှာ"

"ဟာ. . ကျွန်တော်ကတော့ ဆရာကြီးမှ ဆရာကြီးပဲ"

ဦးသုမှာ အခက်ကြုံပြီပေါ့. . ဒါနဲ့. .

"အေး. . ဒါဆို. . ဒီနေ့ကစပြီး ငါ့စာတွေမဖတ်နဲ့တော့"

"ဗျာ"

"ငါ့စာတွေကို မေ့ပစ်မှ. . ငါ့လိုစာရေးဆရာမျိုး ဖြစ်မှာ"

ဦးသု ဘာကိုဆိုလိုမှန်း သူမသိရှာပါဘူး။ ဖင်ကုတ်ခေါင်းကုတ်


www.burmeseclassic.com

www.burmeseclassic.com



ပဲ လုပ်နေရှာတယ်။ အဲ. . နောက်ဆုံးကျမှကွယ်သားရှိသမီးရှိရယ်။

"ကျွန်တော့်မှာလေ. . ဆရာကြီးရယ်. . ဆရာကြီးလို ဖြစ်ချင်လွန်းလို့. . မနက်မိုးလင်းက မိုးချုပ်ထိ ပတ်လည် အရက်သောက်တာတောင် လေ့ကျင့်နေရပါတယ်" တဲ့ကွယ်။

ဦးသုမှာလေ. . ဆောင့်ညောင့်ထိုင်နေတဲ့ အဲ့ဒီသူငယ်ကို သနားလည်းသနား. . ဆောင့်ကန်ချင်စိတ်လည်းပေါက် ဖြစ်ရတော့တာပေါ့။ ဝမ်းနည်းလိုက်တာဆိုလည်း မပြောပါနဲ့တော့. . ။

"ကိုင်း. . မင်းသွားတော့. . ငါအလုပ်လုပ်ရဦးမယ်"

**မိုးဆမ်းပန်းကျွာနယ်၊ အောက်တိုဘာလ၊ ၂၀၀၂**



# မကောင်းပြောချင်ရင်တောင်

'မကောင်းတာကို မပြောဖို့၊ မကြံဖို့၊ မလုပ်ဖို့' မင်းကွန်းဆရာတော်ဘုရားကြီးက မိန့်ဆိုတယ်။ မင်းကွန်းဆရာတော်ဘုရားကြီးဆိုလို့ မျက်စိလည်မသွားနဲ့ဦးကွယ်။ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသကိုယ်တော်ကြီးကို ပြောတာပါ။

ဒီလိုဆိုတော့ သားရို့ သမီးရို့က 'ဦးသုကြီးက တရားဓမ္မအကြောင်းတွေ လာပြန်ပြီ' လို့ ထင်ကြမှာပဲ။ မဟုတ်ဘူးကွဲ့။ ဦးသုက သားရို့သမီးရို့ကို လွယ်ကူတဲ့ စိတ်ချမ်းသာတဲ့ နည်းလေးတစ်ခု ပေးချင်လို့ပါ။

လူရယ်လို့ဖြစ်လာကတည်းက ကောင်းတာရော၊ မကောင်းတာပါ တစ်လှည့်စီ ခံစားကြရဖို့ မဟုတ်လား။ ကိုယ်က မဖြစ်ချင်တောင် မရဘူး။ ကံတရားအရ ဖြစ်ရမှာပဲ။ ဒါမှမဟုတ် တိုက်ဆိုင်မှု တစ်ခုခုကြောင့် ဖြစ်ကြရမှာပဲ။ ဒါက တစ်ပိုင်းပေါ့လေ။ ဘယ်သူမှ မလွှတ်နိုင်တဲ့ ကိစ္စကိုး။



www.burmeseclassic.com

www.burmeseclassic.com



အခု ပြောချင်တာက ကောင်းတာမကောင်းတာတို့ ကိုယ်က လုပ်မိတဲ့အကြောင်းပါ။ 'ဒါလေးများ လူကြီးတွေ ပြောနေကျ' လို့ ထင်မိကြပြီမဟုတ်လား။ မဟုတ်သေးဘူးကွယ့်။ ဦးသုပြောမှာက အသေးအဖွဲလေးပါ။ ဟဲ့. . အသေးအဖွဲဆိုပြီးတော့လည်း အထင်မလွဲလိုက်ကြပါနဲ့ဦး။ နော့ဖြင့်. . ('နော့' လို့ ဦးသု သုံးတယ်နော်။ 'နို့' လို့ မသုံးဘူး။ ဘာကြောင့်ဆိုတာ စဉ်းစားကြည့်ကြ။) အကြီးအကျယ်ပြောမှာလားတဲ့။ အင်း သားရို့သမီးရို့ ပျင်းကုန်ကြမှာပေါ့။

ဒီလိုပါကွယ်။ စောစောကပြောတဲ့ မင်းကွန်းဆရာတော်ကြီးရဲ့ စကားကို တကယ်တမ်း လိုက်စားကြည့်ဖို့က သာမန်လူတွေအတွက် အလွန်ခက်ပါတယ်။ ဒါဟာ သူတော်ကောင်းတရားကိုး။ သူတော်ကောင်းဖြစ်ဖို့ ခက်တယ်ဆိုတာ မင်းတို့သိကြမှာပါ။ အဲ. . မသူတော်ဖြစ်ဖို့ကျတော့ မခက်ပါဘူး။ ဟုတ်တယ်လေ။ မကောင်းမှုလုပ်ဖို့ဆိုတာ ကိုယ့်အနီးအနားမှာ လူသူရှင်းရင် (ဆိတ်ကွယ်ရာဆိုပါစို့) မကောင်းမှုလုပ်ဖို့ အလွယ်လေးပဲ။ ဥပမာကွယ် လမ်းဘေးအိမ်သာတွေထဲမှာ ညစ်တီညစ်ပတ် စာတမ်းတွေရေးထားတာ သတိထားမိကြမှာပေါ့။ အဲ့ဒီလူဟာ လူမြင်ကွင်းမှာ အဲဒီစာမျိုး ရေးပြရဲမလား။ ဒီလိုပဲပေါ့။ သူခိုးဆိုတာ လူတွေအိပ်မှ ခိုးလို့ရတာ မဟုတ်လား။ လူမိုက်ကျတော့ကော၊ ဓားပြကျတော့ကော။ ဘာထူးသလဲ။ သူရို့လည်း 'ရဲ' တွေမရှိတဲ့အခါမှသာ သောင်းကျန်းရဲတာ မဟုတ်လား။ တခြားမကြည့်နဲ့။ ကမ္ဘာ့လူဆိုးကြီး ဟစ်တလာတောင် ချောင်ပိတ်မိတဲ့အခါ သူ့ကိုယ်သူ သတ်သေပြီး ဆိတ်ကွယ်ရာကို





ရှာခဲ့ရတယ်လေ။ ခုဆို 'ဘင်လာဒင်' ပုန်းနေရပြီ။ ကဲ. . သူ မဟုတ်တာ လုပ်ခဲ့တုန်းကတော့ ပြောင်လုပ်လို့လား။ ပုန်းလျှိုးကွယ်လျှိုး လုပ်ခဲ့ရတာလေ။

ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။ ပြောချင်တာက မကောင်းတာ လုပ်ဖို့ လွယ်တယ်ဆိုတာပဲ။

ကောင်းတာလုပ်ဖို့ကျတော့ ခက်ပြန်ရော။ စဉ်းစားကြည့်နော်။ သူတောင်းစားကို ပိုက်ဆံကလေးနည်းနည်း ပေးဖို့တောင် ဦးသုတို့ အမျိုးမျိုး စဉ်းစားကြရတာ။ တကယ်မရှိလို့ တောင်းစားတာလား။ ကျိုးကန်းချင်ဟန်ဆောင်တာလား။ သူတောင်းစား အားမပေးချင်ဘူး။ စသဖြင့် ပေါ့လေ။ လူဆိုတာ ဒီလိုမဟုတ်လား။ ဦးသုတို့ အနုပညာသည်တွေကိုယ်တိုင်ကိုပဲ ကြည့်လေ။ လူ့သဘာဝ စရိုက်တွေကို ဖွဲ့နွဲ့ကြတဲ့အခါ မကောင်းသူကိုသာ ဦးစားပေးပြီး ရေးကြ ပြောကြတာက များပါတယ်။ အကောင်းရေးဖို့ ပြောဖို့ ခက်တယ်ကွယ်။ လူတစ်ယောက် ကောင်းတာလေး ရေးပြတာ ပိုမကောင်းဘူးလားလို့ မထင်နဲ့။ သူ့ရဲ့ ကောင်းကွက်တွေ ရှာရတာ သိပ်ခက်တယ်။ သူ့ရဲ့ဆိုးကွက်တွေက ပိုများနေတာကိုး။

ဒါဟာ ကိုယ်ချင်းစာတရားပဲ။ ဘာကြောင့်ဆို ဦးသုကိုယ်တိုင်က မကောင်းတာလုပ်မိတာ ပိုများနေတာကိုး။ ဒီတော့ 'ကိုယ်ချင်းစာ' ပြီး သူတကာကိုလည်း အကောင်းသိပ်မမြင်ဘူးပေါ့။

ဥပမာ 'ကျွမ်းစကား' ဆိုပြီး ကောင်းရာကောင်းကြောင်းလေးတွေ ဦးသု ရေးသားထုတ်ဝေခဲ့တယ်။ အဲဒီစာအုပ် ရောင်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းခဲ့ဘူး။

ဟော **'အရက်သမား အမှားတစ်ခါ'** ဆိုပြီး ဦးသု ဆိုးခဲ့တာတွေ ရေးသားထုတ်ဝေခဲ့တယ်။ ပြိုက်ကနဲ ကုန်သွားရော။ ကြည့်စမ်း။ အဲ့ဒီစာအုပ်မှာ ဦးသုက လူနာမည်ရင်းတွေနဲ့တပ်ပြီး ရေးတယ်။ သူ့ရို့ကို အားနာလို့ ဟာသနှောပြီး ရေးတယ်။ ကြည့်နော် 'ဟာသ' တဲ့။ ရုတ်တရက် ရယ်စရာသဘောထားပြီး ကာယကံရှင်တွေက ကျေနပ်လို့တောင်နေသေးရဲ့။ တကယ်တမ်း သေသေချာချာစဉ်းစားတော့မှ 'ဟာသ' လုပ်လိုက်တာကို သူ့ရို့အပေါ် ဦးသုက ရယ်စရာကောင်တွေလို့ မကောင်းစိတ်ကလေး မသိမသာ ထားနေတာ ဟုတ်လား။ ဘယ်လောက်ပါးရှပ်တဲ့ ကိစ္စလဲ။ ဟာသဆရာတွေကို စော်ကားတာ မဟုတ်ဘူးနော်။ လူ့သဘာဝကိုပြောတာ။ အထူးသဖြင့် ဦးသုရဲ့သဘာဝနဲ့ ကိုယ်ချင်းစာကြည့်တာ။ (ကိုယ်ချင်းစာတယ်ဆိုတာ ကောင်းတာရော မကောင်းတာပါ စာရတာနော်) ထားပါတော့ကွယ်။

ခု ပြောပြီးခဲ့တာတွေ မကောင်းမှုလုပ်တာတွေပါ။ မကောင်းမှု ကြံတာကတော့ အလွယ်ဆုံးပဲ။ ခုနင်က ပြောခဲ့တဲ့ ဆိတ်ကွယ်ရာဆိုတဲ့နေရာဟာ မိမိရဲ့အတွင်းစိတ် မဟုတ်လား။ ကြံစည်နေတာကို သိဖို့ သိပ်ခက်တယ်။ ပါးနပ်တဲ့လူတွေကို ပိုပြီး အကဲခက်ရခက်တယ်ကွဲ့။ သားရို့သမီးရို့လည်း မပြောရင် မလုပ်ရင်သာနေမယ်။ မကောင်းတာတွေတော့ ကြံစည်စိတ်ကူးမိမှာ အမှန်ပဲ။ သိပ်ဆိုးဆိုးရွားရွားကြီးတွေ မပြောပါဘူး။ မိမိနဲ့မတည့်တဲ့ သူကိုလောက်တော့ 'ဒင်းတော့လား' ဆိုပြီး ကြံမိမှာ သေချာတယ်။ နောက်ဆုံး ဖေဖေ၊



မေမေတို့မသိအောင် စီးကရက်လေး ခိုးသောက်ကြည့်ရင် ကောင်းမလား စတဲ့ ကိစ္စလေးတွေလောက်တော့ ကြံမိကြမှာပဲ။ သားရို့ကို ပြောပါတယ်။ သမီးရို့ကျတော့ကော ဒီလိုပဲပေါ့။ ဘာမဟုတ်တဲ့ အသေးအဖွဲ့လေးပွဲဖြစ်ဖြစ် ကြံစည်ကြမှာပဲ။ ဒါကြောင့် ကြံစည်တာဟာ အလွယ်ဆုံးလို့ လွယ်လွယ်ပြောလိုက်တာလို့ မထင်လိုက်နဲ့ဦးကွယ့်။ စိတ်ဆိုတာ ဖမ်းရ သိပ်ခက်နေပြန်ရော။ ဥပမာ ရှင်းရှင်းကလေးပြောမယ်။ သားရို့သမီးရို့ အလှူလုပ်ကဲ့အခါ၊ သူများကို ကူညီတဲ့အခါ စိတ်ကောင်းဝင်နေတဲ့အခါမှာ မကောင်းတာ ကြံစည်မိဖို့ သတိမေ့နေတတ်ကြတယ်မဟုတ်လား။ ဒါပါပဲ။

ကိုင်း. . အလွယ်ဆုံးနဲ့ အရသာအရှိဆုံးကတော့ (ဦးသုအထင်) သူများမကောင်းကြောင်း ပြောရတာပါပဲ။ ဆိုပါစို့ ဦးသုတို့ စာသမားတွေ၊ သတင်းသမားတွေ၊ ရေးကြ သားကြတယ်။ အကောင်းရေးရင် လူတွေ သိပ်စိတ်မဝင်စားဘူး။ မကောင်းရေးရင် စိတ်ဝင်စားကြတယ်။ ဘုရားတည်တဲ့အကြောင်း မဖတ်ဖြစ်ကြဘူး။ မီးလောင်တဲ့ သတင်းဖတ်ချင်တယ်။ မခက်ဘူးလား။

ကောင်းပြီ။ ကုန်ကုန်ပြောပြကြေး။ 'အတင်း' ပြောတယ်ဆိုတာ လူတိုင်းမှာရှိပါတယ်။ အတင်းကြီးနဲ့အတင်းသေးပဲ ကွာတာပါ။ တစ်နည်းနည်းနဲ့ လှည့်ပတ်ပြီးတော့ဖြင့် တစ်ပါးသူ မကောင်းကြောင်း ပြောမိတတ်မှာပဲ။ ဦးသုဆိုရင် ဦးသုရဲ့ သူငယ်ချင်းတွေ မကောင်းကြောင်းကို စောစောကပြောခဲ့သလို ဟာသလုပ်ပြီးပြောတတ်တယ်။ ကဲ. . ဘယ်လောက်လွယ်ပြီး ဘယ်လောက်ပျော်စရာကောင်းတဲ့ မကောင်းမှုလဲ။ ဒါက သဘောပြောတာပါ။ မပြောသင့်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ မပြောပါဘူး။ လုပ်ချင်းလုပ်ရင်တောင် အဲ့သလို ဟာသနှောလုပ်တော့ ပျော်စရာကောင်းတာပေါ့။

ဒီလိုဆို ဦးသုက ခု ဘာပြောချင်တာလဲ။ သားရှိသမီးရှိရေသူများမကောင်းကြောင်း (တကယ်မကောင်းဘူးပဲထား) တတ်နိုင်သမျှ မပြောကြပါနဲ့။ ပါးစပ်ကလေးခဏ ပိတ်ထားရတာ လွယ်ပါတယ်ကွယ်။

*မိုးဆမ်းပန်းကျာနယ်၊ အောက်တိုဘာလ၊ ၂၀၀၂*

# ဟော့ဒီက..စိတ်ရောဂါနုနုလေး

'စိတ်ရောဂါ' ဆိုတာအရေးကြီးမှန်း သိကြပါလိမ့်မယ်။ ဟုတ်ပါ့။ ကိုယ်ခန္ဓာရောဂါက မြင်နေရလို့၊ ထိတွေ့နေရလို့ ကုသဖို့ရာ၊ အနည်းဆုံး တားဆီးဖို့ရာ ဖြစ်နိုင်ခြေများပါတယ်။ စိတ်ရောဂါဆိုတာကတော့ မမြင်ရ၊ ထိတွေ့မရပါဘူး။ စိတ်ရောဂါ အကြီးအကျယ်ဖြစ်လာရင် 'စိတ်ရော၊ ကိုယ်ပါ'၊ 'စိတ်ပျိုကိုယ်နု'၊ 'စိတ်ထောင်းကိုယ်ကြေ' ဆိုတာလို ရုပ်ခန္ဓာမှာ ပြသလာလို့ စိတ်ရောဂါသည်မှန်း သိသာပေမယ့် အနုစား စိတ်ရောဂါကိုတော့ သာမန်လူတွေ မသိနိုင်ဘဲ စိတ်ရောဂါကု ဆရာဝန်တွေ သိနိုင်ကြပါတယ်။ ဒါထက် သိမ်မွေ့တဲ့ ပုထုဇနော ဥမ္မတ္တကော ဆိုတဲ့အတိုင်း စိတ်ရောဂါတစ်ခုခုရှိနေတာကိုကျတော့. . စိတ်ကုဆရာဝန်တွေသာမက နံဘေးလူတွေပါ ကြာကြာပေါင်းကြည့်ရင်သိနိုင်ပြန်ပါရော။ ဘယ်လိုမျိုးပဲနော်။ ဆိုလိုတာက လူတစ်ယောက်ကို ကြာကြာပေါင်းကြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသူမှာ သာမန်စိတ်ထက် တစ်ခုခုမှာ ပိုနေတာကို သိသာမြင်သာလာတာပါပဲ။ ဥပမာ အားငယ်တတ်မှုလွန်ကဲတာ၊ သောကများတာ၊ ဝမ်းသာလုံးဆို့တတ်တာ၊ ဒေါသဖြစ်လွယ်တာ၊ ထစ်ကနဲရှိ မျက်ရည်ကျတတ်တာ၊ အလိုမကျလွယ်တာ၊ အလိုလိုက်ခွယ်တာ စသဖြင့်တွေကို ပြောချင်ကြပုံရပါတယ်။ ဘာပဲဖြစ်ဖြစ် သူတော်ကောင်းများနဲ့ လောကီရေးနဲ့ ကင်းကင်းနေကြတဲ့ သံဃာတော်တွေမှာတော့ အဲသလို စိတ်တစ်ခုခု လွန်ကဲနေတာ ရှားပါတယ်။ 'တရားဘက်ကို သိပ်ပြီး စိတ်သန်နေရင်ကော' လို့တော့ ကပ်သီးကပ်သတ် မမေးကြပါနဲ့ကွယ်ရို့။ ဆိုလိုတာက မိမိနဲ့ မိမိပတ်ဝန်းကျင် သဟဇာတဖြစ်အောင် မနေနိုင်တဲ့ စိတ်ထက်သန်မှုကိုပါဗျ။ ကိုယ်ချင်းစာစိတ်နဲ့ ပြောရရင် ကိုယ်တိုင် မြင်မြင်ကရာ လူတွေကို အလကားနေရင်း သနားတတ်တဲ့စိတ် လွန်ကဲမှုရှိနေတာပါပဲ။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်ရေးခဲ့တဲ့ စာပေတွေကို များများဖတ်ဖူးတဲ့သူတွေရှိရင် သိသာပါလိမ့်မယ်။ တစ်ခါက မိုးမိုး(အင်းလျား) ညည်းပြော ပြောဖူးတယ်။

*'ကိုဗလရေ့ . . စာရေးဆရာဖြစ်ရတာ သိပ်စိတ်ပင်ပန်းတယ်'*

သူ့စကားလေးကို သိပ်သဘောကျတာပဲ။ ဟုတ်ပ့ါ။ စာရေးဆရာ၊ အထူးသဖြင့် ရသဆရာ၊ ဝတ္ထုကဗျာဆရာတွေဟာ အငှားခန္ဓာ၊ အငှားစိတ်နဲ့ အနုပညာကို ဖန်တီးနေကြရတာမဟုတ်လား။ ကိုယ်တွေ့ရော၊ နံဘေးနံဘီကလူတွေကိုပါ မျက်လုံးဒေါက်ခံကြည့်ပြီး ခံစားရင်း ရေးဖွဲ့ကြရတာကိုး။ စာဖတ်သူတွေတောင် ဝတ္ထုထဲက အာဘော်ကောင်တွေနေရာဝင်ပြီး ခံစားကြရသေးတာ မဟုတ်လား။





ဖန်တီးရှင်ဘယ်လောက် ပင်ပန်းမယ်ဆိုတာ စဉ်းစားသာ ကြည့်တာပေ့ါ။ ဒါတောင် ကျွန်တော်ဟာ ကိုယ်နဲ့ ကိုယ့်မိသားစု သူငယ်ချင်းမိတ်ဆွေတွေအကြောင်းလောက်သာ အများအားဖြင့် ရေးဖွဲ့နေတာနော်။ တစ်ပါးသူအကြောင်း၊ တကူးတကန့်လိုက်ရှာပြီး ရေးကြတဲ့ ဝတ္ထုဆရာတွေဆို ဘယ်လောက်ခံစားကြရမလဲ။ တမင်္ဂလာကြီးနော်။

အခုပြောချင်တာက အဲသလို စိတ်ရောဂါ အနုစားလေး တစ်ခုအကြောင်းပါ။ အဲဒါကတော့ 'ကျေးဇူးတင်ခြင်း' နဲ့ ပတ်သက်နေတာပါပဲ။ ကျေးဇူးတင်ခြင်းဟာ စိတ်ရောဂါလို့ မဆိုပါဘူး။ ကျေးဇူးတရားနဲ့ ပတ်သက်လို့ လွန်ကဲတာကိုသာ ဆိုချင်တာပါ။ 'ကျေးဇူး' ဆိုတာမျိုးက ရှာတတ်ရင်တွေ့တာပါပဲ။ ပစ္စည်းဥစ္စာ ပေးကမ်းစွန့်ကြမှ၊ ချေးငှားမှ မဟုတ်ပါဘူး။ ပါးစပ်နဲ့ ကိုယ်ဟန်အမူအရာနဲ့ ပြုတဲ့ ကျေးဇူးဆိုတာလည်း ရှိပါတယ်။ 'နှုတ်၏ ဆောင်မခြင်း' 'လက်၏ဆောင်မခြင်း' ဆိုတာ ကြားဖူးကြမှာပေ့ါ။ ဒီတော့ . . ကျေးဇူးရှိရင် ကျေးဇူးဆပ်ရမှာပဲပေ့ါ။ ကျေးဇူးဆိုတာ ကြွေးမြည်တစ်မျိုးပါပဲကွယ်ရို့။ တစ်ဆက်တည်းမှာပဲ ပြောချင်ပါသေးတယ်။ ကျေးဇူးရှိမှ ကျေးဇူးကန်းလို့ ရပါတယ်ဗျာ။ ကိုယ်ကပဲ ကျေးဇူးပြုပြု၊ သူကပဲ ကျေးဇူးပြုပြု၊ ကျေးဇူးဆပ်ဖို့၊ ကျေးဇူးကန်းဖို့ တာဝန်ကတော့ ရှိနေတာပဲပေ့ါ။ ဒီနေရာမှာလည်း ကျေးဇူးဆပ်ပုံ၊ ကျေးဇူးကန်းပုံ မျိုးစုံရှိလေရဲ့။ တချို့က ငွေကြေးနဲ့ဆပ်တယ်၊ ကန်းတယ်။ တချို့က နှုတ်/လက် ဆောင်မခြင်းနဲ့ ကျေးဇူးတပ်တယ်၊ ကျေးဇူးကန်းတယ်ကွဲ့။ တချို့ကျတော့ တူညီဘဲ့တန်ဘိုးနဲ့ ကျေးဇူးဆပ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကန်းတယ်၊ တချို့ကျတော့ ပိုပိုသာသာ ဆပ်တယ်။ ကန်းတယ်။ အဲ. . တချို့ကျတော့ လုံးဝဆပ်တယ်၊ ကန်းတယ်။

ကျွန်တော်ပြောတာတွေ မျက်စိရှုပ်၊ နားရှုပ်သွားသလား။ ရှင်းပါတယ်။ လောကမှာ သူ့ကျေးဇူး၊ ကိုယ့်ကျေးဇူးမျိုးပေါင်း မနည်းရှိတယ်။ ဆိုကြပါစို့၊ ဘတ်စ်ကားပေါ်၊ သက်ကြီးရွယ်အို၊ ကလေးအမေတွေကို ထိုင်စရာနေရာ ဖယ်ပေးတာကအစ ကျေးဇူးနဲ့ မကင်းတော့ဘူး။ ကုန်ကုန်ပြောမယ်။ လမ်းဘေးသစ်ပင်အောက် နေပူမိုးရွာချိန် ဝင်ခိုတဲ့အခါမှာတောင် သစ်ပင်ရဲ့ကျေးဇူး၊ သစ်ပင်စိုက်ခဲ့သူတွေ(သစ်ပင်မျိုးချသွားတဲ့ ငှက်ကျေးလေးကအစ) ကျေးဇူးတွေရှိတယ်။ ဒါမျိုးကျတော့ မေတ္တာပို့တဲ့နည်းနဲ့ ကျေးဇူးဆပ်ရတယ်။ ကျေးဇူးကန်းချင်ရင်တော့ သစ်ပင်ကို ခုတ်ရုံပဲပေါ့လေ။

စောစောကပြောခဲ့တဲ့ ကျေးဇူးနဲ့ပတ်သက်တဲ့ စိတ်ရောဂါနုနုလေးကတော့ အလကားနေရင်း ကျေးဇူးအတင်ခံချင်တဲ့ ရောဂါပဲကွယ်။ လူတိုင်း ကျေးဇူးအတင်ခံချင်ကြတာ သဘာဝပါပဲ။ ဒါပေမယ့် 'လွန်လွန်ကဲကဲ ကျေးဇူးအတင်ခံချင်တာကျတော့ စိတ်ရောဂါပဲ' လို့ ဂုရုကြီးတွေက မိန့်ဆိုဖူးပါတယ်။

မိမိပြုဖူးတဲ့ ကျေးဇူးကို (ဥစ္စာပစ္စည်း နှုတ်ရောကိုယ်ပါ) မိမိပတ်ဝန်းကျင်မှာ လိုက်လံပြီး ကြွားဝါနေတတ်သူတွေ တွေ့ဖူးမှာပေါ့။ အဲဒီလူမျိုးကျတော့ ကျေးဇူးပြန်ဆပ်ပြီးလည်း မတင်းတိမ်နိုင်ဘူး။ ပြုခဲ့ဖူးတဲ့ ကျေးဇူးကို ခဏခဏပြန်ဖော်တတ်တယ်။ ကျေးဇူးမဆပ်မိလို့ ကျေးဇူးကန်းမိလို့ကတော့ မသက်သာဘူးသာ မှတ်ပေရော့။





ကျွန်တော့်မှာ လူချမ်းသာ သူငယ်ချင်းတစ်ယောက်ရှိတယ်။ လိုအပ်တဲ့အခါမှာရော၊ မလိုအပ်ပါဘဲနဲ့ရော အတင်း ကျေးဇူးပေးကမ်းတတ်ပြီး ကျေးဇူးအတင်ခံချင်လွန်းတာပဲ။ သူ့ကျေးဇူးတွေက ဆပ်လို့ဘဲ မကုန်နိုင်အောင် ဖြစ်နေတော့ စိတ်မသက်မသာဖြစ်ရတော့တာပေါ့။ ဒါဟာ တမင်လာ အကွက်ဆင်ပြီး ကျေးဇူးအတင်ခံချင်တဲ့။ စိတ်ရောဂါပေါ့။ ဟုတ်ကဲ့လား။ သူက လမ်းတကာလျှောက်ပြီး ကြွားနေတာကိုးကွယ့်။

*အလင်းတန်းဂျာနယ်၊ မတ်လ၊ ၂၀၀၃*



www.burmeseclassic.com

www.burmeseclassic.com

# နိမိတ်ပြယုတ္တိ

ငယ်စဉ်တုန်းက ယုတ္တိမရှိတာတွေကို လက်မခံနိုင်ခဲ့ပါဘူး။ အမေပြောတဲ့ ပုံပြင်တွေ နားထောင်ရင်လည်း ယုတ္တိမရှိဘူး ထင်တာတွေကို အတွန့်တက်ခဲ့တာပဲ။ ဝတ္ထုလေးဘာလေး ဖတ်တော့လည်း ယုတ္တိကို ရှာတာပဲ။ ရုပ်ရှင်ကြည့်တော့လည်း ဒီအတိုင်းပဲ။ ကုန်ကုန်ပြောကြေး၊ ကျောင်းသင်ခန်းစာတွေ သင်ရတဲ့အခါမှာတောင် ယုတ္တိကိုရှာပြီး လေ့လာကျက်ခဲ့ပါတယ်။ အက္ခရာသင်္ချာလို ပုံသေနည်းနဲ့ ချတွက်ခဲ့ရတဲ့ ကိစ္စမျိုးမှာ ဘာကြောင့် ပုံသေနည်း ပေါ်ပေါက်လာတာလဲ ဆိုတာကို တွေးနေလို့ စာမေးပွဲမှာ အမှတ်တွေ လျော့ကုန်တာ အကြိမ်ကြိမ်ပါ။

ဒီလောက် ယုတ္တိရှိမှုကို ဆင်ခြင်တတ်တဲ့ ကျွန်တော်ဟာ ရသသမားဖြစ်လာတာ အံ့ဩဖို့ မကောင်းပေဘူးလား။

အတိဿယဝုတ္တိအလင်္ကာဆိုတဲ့ လွန်လွန်ကျူးကျူးဖွဲ့ဆိုခြင်း သင်ခန်းစာကို တာဝန်အရသာ သင်ကြားခဲ့သူ ကျွန်တော်ဟာ အနုပညာသည်ဖြစ်လာတဲ့အခါ ဘာကြောင့် နိမိတ်ပုံတွေကို သုံးတတ်ခဲ့ပါသလဲ။

\+ + + + +

တကယ်တော့ ငယ်ကျင့်ဖြစ်တဲ့ ယုတ္တိရှိမှုကိုသာ လိုလားတတ်တဲ့ သဘာဝတာ ခုနေခါထိ အကျိုးရှိနေတာတော့ သေချာပါရဲ့။





ယုတ္တိဆိုတာ မိမိတစ်ကိုယ်ရေ အတွေ့အကြုံနဲ့သာ သက်ဆိုင်တာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်က အဖြစ်အပျက်တွေနဲ့လည်း ချိန်ထိုးရပါတယ်။ ကိုယ်တွေ့သာမက စိတ်ကူးပုံရိပ်တွေ၊ ထူးဆန်းထွေလာ အဖြစ်အပျက်တွေနဲ့လည်း ခိုင်းနှိုင်းသုံးသပ်ရပါတယ်ဗျာ။ ဒီတော့ ထူးထူးဆန်းဆန်း အကြောင်းအရာတစ်ခုကို ဖော်ပြတဲ့နေရာမှာ လောက၊ လူ့သဘာဝနဲ့ယှဉ်ပြီး ပိုပိုသာသာလေး ပြောရဆိုရတာ တစ်နည်းအားဖြင့် ယုတ္တိတန်နေပြန်ပါတယ်။

ယုတ္တိနှင့်ပတ်သက်လို့ ငယ်ငယ်က အတွေးလေးတစ်ခု ပြောပြချင်ပါတယ်။ ထုံးစံအတိုင်း ကလေးဘဝ ရုပ်ရှင်ကြည့်တဲ့အခါမှာ စစ်ကား၊ အထိုးအကြိတ်ကား၊ စွန့်စားခန်းများတဲ့ ကားတွေ ဖြစ်ခဲ့ပါတယ်။ ဒီမှာ ဘာသွားတွေ့သလဲဆိုတော့ ဇာတ်လိုက်မင်းသားဟာ ဘယ်တော့မှ မရှုံးနိမ့်ဘူး။ အဓိပ္ပါယ်မရှိဘူးလို့ ငယ်ကတည်းက ယူဆခဲ့ပါတယ်။ ပိုဆိုးတာက လူကြမ်းကို မင်းသားက တစ်ချက်တလေ လုပ်လိုက်ရုံနဲ့ ဟိုလူ့ခမျာ ဆန့်ဆန့်ကြီးဖြစ်သွားရှာတာပြီး လူဆိုးက မင်းသားကို နှိပ်စက်တဲ့ အခန်းမျိုးမှာကျတော့ သေလုမြောပါး ဖြစ်သွားလည်းပဲ ပြန်ပြီး ခေါင်းထောင်ထလာတတ် ပြန်တာပါပဲ။

တစ်ခါကကြည့်ဖူးတဲ့ ရုပ်ရှင်ဇာတ်ကားမှာ လူဆိုးနဲ့မင်းသား အကြီးအကျယ် သတ်ပုတ်ကြပါတယ်။ ဒီမှာ မင်းသားက အလဲလဲအပြိုပြို ခံရပါတယ်။ တစ်ကြိမ်လဲသွားလည်း မင်းသားက ပြန်ထလာပါတယ်။ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးငါးခြောက်ကြိမ် လူဆိုးက ထိုးကြိတ်လိုက်တိုင်း မင်းသားက ပြန်ပြန်ခေါင်းထောင်လာတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း သေစေလောက်တဲ့ လက်နက်နဲ့ ရိုက်ပေမယ့်လည်း မင်းသားက နောက်ဆုံး ပြန်ထ ခေါင်းထောင်လာခဲ့တာပါပဲ။ ထူးဆန်းတာက အဆုံးသတ်မှာ မင်းသားက လူဆိုးကို ပြန်လည် သတ်ပုတ်မလုပ်ရဘဲ လဲနေရာက ခေါင်းထောင်ပြန်ထ၊ လူဆိုးကို စူးစူးရဲရဲ ကြည့်လိုက်ရုံနဲ့ တစ်ခါတည်း ကြောက်လန့်ထွက်ပြေးသွားပါတော့တယ်။

ဒါဟာ ယုတ္တိမရှိဘူးလို့ ကျွန်တော်က တွေးခဲ့တာပေါ့။ ဒါပေမယ့် တစ်ဆက်တည်းမှာ သိနေတာက လူစွမ်းကောင်းတွေ၊ သတ္တိရှိသူ၊ ဇွဲ ကောင်းသူတွေဟာ တော်ရုံနဲ့ အရှုံးမပေးဘူး ဆိုတာပါ။

သေရမှာ မကြောက်တဲ့သူကို သတ်ရတဲ့သူက ပြန်ပြီး ကြောက်သွားတတ်တဲ့ သဘာဝကိုလည်း သဘောပေါက်သလိုလို ရှိနေခဲ့ပြန်ပါတယ်။ အဲဒီကာလက ပြင်ပ ဗဟုသုတစာပေတွေ အဖတ်များနေတဲ့ အချိန် ဆိုပါတော့။ ရာဇဝင်တွေထဲမှာလည်း လူစွမ်းကောင်းတွေရဲ့ အတ္တုပတ္တိက ယုတ္တိရှိကြောင်းကို ပြသနေတယ် မဟုတ်လား။

\+ + + + +

စာတွေ့မဟုတ်ဘဲ ငါတွေ့တစ်ခုကိုလည်း ပြောပြချင်ပါသေးတယ်။ ခပ်ငယ်ငယ်က အဖြစ်အပျက်ပဲ ဆိုပါတော့။ ဒီတုန်းက ကျွန်တော်ဟာ ရုပ်ရှင်သရုပ်ဆောင် လုပ်ခါစမှာပါ။ ကျွန်တော့် အကျင့်က ကိုယ့်ထက်အသက်ကြီးဝါကြီးတွေနဲ့ ပေါင်းတတ်ပါတယ်။ မင်းသားကြီး မြတ်လေးဟာ ကျွန်တော့်ကို သူငယ်ချင်းလို ပေါင်းခဲ့





တာမို့ ကျွန်တော်ဟာ ဦးမြတ်လေးနဲ့ တတွဲတွဲနေခဲ့ဖူးပါတယ်။ သူက ကြက်တိုက်တာ ဝါသနာပါသူမို့ သူ့ကြက်ဝိုင်းတွေကို ကျွန်တော် ရောက်နေတတ်ပါရဲ့။

တစ်ခါသားမှာ ဦးမြတ်လေးဟာ ကျွန်တော်တို့ သယ်န်းကျွန်းဘက်မှာ ကြက်တိုက်ဖို့ ရောက်လာပါတယ်။ ထုံးစံအတိုင်း ကျွန်တော်ကလည်း သူတို့ကြက်ဝိုင်း ရောက်ခဲ့ပါတယ်။ အဲဒီနေ့တ ဦးမြတ်လေးမှာ ကိုယ်ပိုင်ကြက် ပါမလာပါဘူး။ သူ့မိတ်ဆွေ တရုတ်ကြီးဆိုသူရဲ့ကြက်ကို ခွပ်လက်စမ်းဖို့ပါ။ သူတို့အပြော ကြက်က တိုက်ကြက်အင်္ဂါရပ်တွေနဲ့ ပြည့်စုံညီညွတ်ပါသတဲ့။ ကြက်ကောင်း ဆိုပါစို့။ ဒါနဲ့ပဲ သယ်န်းကျွန်းက စူပါကြက်တစ်ကောင်နဲ့ လွှတ်ပေးကြတော့တယ်။

စပြီး လွှတ်ကတည်းက သယ်န်းကျွန်းကြက်က ခြေအသာနဲ့ တိုက်စစ်ဆင်ပါတယ်။ ဦးမြတ်လေးတို့ကြက်က ပေခံပါတယ်။ ဘာမှမကြာဘူး၊ ဦးမြတ်လေးတို့ကြက် ခွေခေါက်လဲကျသွားတာပါပဲ။ ဒါပေမယ့် စောစောပြောတဲ့ ဇာတ်လိုက်လို ခေါင်းကလေး ထောင်လာပြီး တဂွတ်ဂွတ်အော်ရင်း ပြန်ထလာပါတယ်။ နောက် တစ်ကြိမ်လွှတ်တော့လည်း ဒီအတိုင်းပါပဲ။ ဦးမြတ်လေးတို့ကြက်ပဲ အဲလဲလဲအပြီးပြီး။ အဲ. . ပြီးတော့လည်း ဂွတ်ဂွတ်မြည်ရင်း ပြန်ထ။ ဒီလိုနဲ့ သုံးလေးငါးကြိမ် လွှတ်ပေးကြရာမှာ ဦးမြတ်လေးတို့ကြက် ဟာ အချိတ်ငါးရှုံးပါတယ်။ ဝိုင်းထဲကလည်း ထွက်မပြေးဘူး။ ပြေး ခံတယ်။ လဲကျပြီး ပြန်ထတယ်။ ပြန်ပြီးမခွပ်ဘူး၊ တော်သေးတာက မျက်လုံးတွေဘာတွေလည်း ကန်းမသွားခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိနေတာက နောက်ဆုံးအချိုပါ။ အဲ့ဒီနောက်ဆုံးအချိုမှာ နံ့ဘေးရှိနေတဲ့ (ကြက်အကြောင်းဘာမှ သိပုံမရတဲ့) အသားမည်းမည်း၊ ဝဝ၊ မိန်းမကြီးတစ်ယောက်ဟာ ဦးမြတ်လေးတို့ကြက်ကို သနားလှချည့်ရဲ့ဆိုပြီး အဲဒီကြက်ဘက်ကနေ လောင်းကြေး ဝင်ထပ်ပါတယ်။ ဒီအခါ ကာ့ယကံရှင်ကိုယ်တိုင်ဖြစ်တဲ့ ဦးမြတ်လေးတို့ကို တရုတ်ကြီးတို့ကပါ သူတို့ဘက်က မလောင်းဖို့ တားပါသေးတယ်။ မိန်းမကြီးကတော့ မင်းသား မြတ်လေးဘက်က တစ်ပြားမှ မလျှော့ပါဘူး။

အဲ လွှတ်ပြီပေါ့ဆိုတာနဲ့ သယ်န်းကျွန်းကြက်က ရှေ့နောက်ဝဲယာဘက်စုံက အတက်စုံဖွင့်ပြီး အသေအလဲ ခွပ်တော့တာပဲပေါ့လေ။ ဦးမြတ်လေးတို့ကြက်ကလည်း ထုံးစံအတိုင်း ပေပြီး ခံတာပေါ့လေ။ ဒါပေမယ့် ထုံးစံအတိုင်း ခွေခေါက်လဲကျသွားရတာပါပဲ။ အဲ. . တော်တော် ကြာကြာ ငြိမ်သက်နေလို့ တစ်ဖက်က ကြက်ကလည်း စူးစိုက်ကြည့်နေတုန်းမှာ ဦးမြတ်လေးတို့ကြက်ဟာ ဗွတ်ဗွတ် မြည်သံပေးပြီး တဖြည်းဖြည်း ခေါင်းထောင်ထလာပါတော့တယ်။ ဒီအခါမှာ နိုင်နေတဲ့ သယ်န်းကျွန်းကြက်ကြီးဟာ စူးစိုက်ကြည့်နေရာက နောက်ဆုတ်ဆုတ်နဲ့ တုန့်ခနဲ လှည့်ပြီး ဝိုင်းအပြင်ကို ထွက်ပြေးသွားပါရောဗျာ။ မိန်းမ မည်းမည်းဝဝကြီးဆိုတာ ပျော်လွန်းလို့ ထခုန်လိုက်တာ ထဘီမနိုင် ပုဝါမနိုင်ပါခဲဗျာ။

အလင်းတန်းဂျာနယ်၊ ဧပြီလ၊ ၂၀၀၃



## ကိုယ်ချင်းစာ, မုဒိတာနှင့် အင်္ဂလိမာ(လ်)

အတွေးသစ်ဂျာနယ် (အတွဲ-၃၊ အမှတ်စဉ်-၁၂၅) မှာ ကျွန်တော်၏ စာပေဆိုင်ရာ ကိုယ်ရေးအကျဉ်းဆောင်းပါးငယ် တစ်ပုဒ် ပါရှိလေရာ မကြာမတင်မှာပင် 'စာသူငယ်မ' ဖြစ်ဟန်တူသော တက္ကသိုလ်ကျောင်းသူကလေးတစ်ဦးက ဆက်သွယ်လာပါတော့သည်။ သူက ကျွန်တော်၏ ဆောင်းပါးငယ်ပါ အနှစ်ချုပ်ကို ထောက်ခံသည်လည်း မဟုတ်။ ကန့်ကွက်သည်လည်း မဟုတ်ဘဲ အမေးပုစ္ဆာ ထုတ်ပါသည်။

"ဦးသုရဲ့ စာထဲမှာ ဆရာဝန်ကြီး ဦးသာလှကတစ်ဆင့် မင်းကွန်းဆရာတော်ဘုရားကြီး မိန့်ဆိုဖူးတဲ့ 'ကိုယ်ချင်းစာတယ် ဆိုတာ အဆိုးမှမဟုတ်၊ အကောင်းလည်း ကိုယ်ချင်းစာရတယ်' ဆိုတာ ခြုံငုံပြီးတော့ သမီးသဘောပေါက်သလိုလို ရှိပါတယ်။ ခရေ

www.burmeseclassic.com

www.burmeseclassic.com



စေ့တွင်းကျ တွေးရင်တော့ သမီးနားရှုပ်ရပါတယ်" ဟု ဆိုလာပါသည်။ သူက ဥပမာလေးတွေ ပေးပါသည်။ ချမ်းသာသူက ဆင်းရဲသူကို နိုင်ထက်စီးနင်းလုပ်သည့်အခါ ဆင်းရဲသူဘက်က ကိုယ်ချင်းစာရသလို ချမ်းသာသူ အလှူကြီးပေးတာမျိုးကိုလည်း ကိုယ်ချင်းစာသင့်တာ သဘောပေါက်ကြောင်း၊ သို့သော် 'မရှိလို့ ခိုးစားတာမျိုးကို ကိုယ်ချင်းစာအပ်သလား' 'ရှိလို့ ထင်တိုင်းဖြုန်းနေသူမျိုးကိုရော ကိုယ်ချင်းစာသင့်သလား' ဟူ၍ မေးပါသည်။

သည်မေးခွန်းမျိုးအတွက် ဖြေရတာ သတိကြီးရပါမည်။ စနစ်တကျ တိတိပပ ဖြေဖို့မလွယ်ပေ။ အဖြစ်အပျက် တစ်ခုချင်း အပေါ်မူတည်ပြီး ဥပမာတစ်ခုခြင်းဖြင့် ဖြေလို့ရပါမည်။ သို့သော် ကွင်းဆက်ကွင်းဆက် မေးခွန်းများ မေးမည်ဆိုလျှင် ဆုံးစမထင် ဖြစ်သွားနိုင်သည်။ လူတစ်ကိုယ် အကြိုက်တစ်မျိုးမို့ ကလေးမ၏ အယူအဆကို လိုက်လျောပြီး ဖြေနေလျှင်လည်း ထိုကလေးမနှင့် ဆန့်ကျင်ဘက်ဘဝမှာရှိသူ အခြားလူငယ် တစ်ယောက်အတွက် အဖြေမှန်တွေပေါ်လာစရာ မရှိနိုင်တော့ပေ။

ထို့ကြောင့် 'စာသူငယ်မလေး' ၏ သူပေးသော ဥပမာများ အပေါ်မူတည်ပြီး အကောင်းအဆိုးခွဲခြားကာ ဖြေရပါသည်။ သည်လိုနှင့် ကလေးမ၏ မေးခွန်းတော်တော်များများကို ဖြေဖြစ်သွားပြီး သူလည်း အတော်ကျေနပ်သွားပါသည်။ နောက်ဆုံးတော့ သူက အပိတ်မေးခွန်းကို မေးပါလေသည်။

"ဦးသု ဆောင်းပါးအဆုံးသတ်မှာ ကောင်းတဲ့ကိစ္စတွေကို ကိုယ်ချင်းစာတာဟာ မုဒိတာလို့ ဆိုပါတယ်။ နေ့ဖြင့် တစ်သက်





လုံး ကောင်းတာ မလုပ်ဖူးတဲ့ အင်္ဂုလိမာလ နောက်ဆုံးအချိန်တျမှ ရဟန္တာဖြစ်သွားရတာဟာ ကိုယ်ချင်းစာစိတ်ကြောင့်လား" တဲ့။

ကလေးမ၏ မေးခွန်းသည် လောကြီးနေပါသည်။ ကြားမှ အဆင့်တွေ ခုန်နေပါသည်။ မုဒိတာ အဆင့်ထက်လွန်ပြီး ဥပေက္ခာ အဆင့်ကိုပင် ကျော်လွှားနေပါသည်။ ဥပမာပေးရာ၌လည်း လိုရင်းနှင့် လွဲနေပါသည်။ သို့သော် 'စာသူငယ်မလေး' ဖြစ်နေတာ တစ်ကြောင်း၊ တက္ကသိုလ်ပညာတတ်ကလေး ဖြစ်နေတာတစ်ကြောင်း၊ လူငယ်လေးတစ်ဦး ဖြစ်နေတာတစ်ကြောင်းတို့ကြောင့် သူ့ကို ပိတ်ပင်တားဆီးပြီး ဖြေလို့မဖြစ်နိုင်ပါ။ တကယ်တော့ 'အင်္ဂုလိမာလ' သည် တစ်သက်လုံး ဆိုးသွမ်းခဲ့သူမဟုတ်။ ငယ်စဉ်ဘဝက သူမတူ အောင် ကောင်းခဲ့သော တပည့်ပီသသူဟု ပိတ်၍ဖြေလိုက်လျှင် ကိစ္စပြီးသွားမည်မှန်း ကျွန်တော်သိပါသည်။ သို့သော် သူတို့လို လူငယ်များနှင့်ဆက်ဆံရာမှာ သတိကြီးစွာထားရပါသည်။ ထို့ကြောင့် ကျွန်တော်က. :

"အင်္ဂုလိမာလဟာ နောက်ဆုံး ရဟန္တာကြီးဖြစ်သွားတဲ့ နေရာမယ် မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာတရားတွေကို အောင်နိုင်သွားတာလည်း ပါ,ပါရဲ့ကွယ်"

အဓိက,ကတော့ ဘဝ,ဘဝက ဖြည့်ဆည်းခဲ့ဝဲ့ ပါရမီတွေကြောင့်လို့ ဆိုသင့်ပါတယ်။ ပြီးတော့ သူဟာ ငယ်စဉ်တက္ကသိုလ်ကျောင်းသားဘဝမှာ သူမတူအောင် တပည့်ပီသခဲ့တယ် ဆိုတာကိုလည်း 'တမင်္ဂလာ' ပင် ထည့်ပြောရပါသည်။ ကလေးမက တက္ကသိုလ်ကျောင်းသူမဟုတ်လား။ ကိုယ့်မှာ အရွယ်စုံသားသမီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသဖြင့် လူငယ်များနှင့် ဆက်ဆံရေး ပြေပြစ်ချောမွေ့အောင် စကားပြောတတ်သော ကျွန်တော်က 'ဟာသကလေးစွက်' ပြောရသေး၏။

"တကယ်တမ်းကျတော့ အင်္ဂုလိမာလဟာ လက်ညှိုးပေါင်း တစ်ထောင်ပြည့်ဖို့ တစ်ချောင်းတည်းသာ လိုတော့တဲ့အချိန်မှာ သူ့မယ်တော်ကြီးကိုလိုက်ပြီး ရန်ပြုမယ့်အစား သူ့လက်ညှိုး သူ ဖြတ်လိုက်ရင် ချက်ချင်းကိုယ်ချင်းစာတရား ရသွားမှာကွယ့်"

ကျွန်တော်က ရယ်ရွှမ်းဖတ်ရွှမ်း ပြောလိုက်သော်လည်း သည်တစ်ချီတော့ ကလေးမ၏ အတွေးအခေါ်သည် ဒတ်ခနဲ ထိရောက်သွားတာ အံ့သြရမြန်သည်။

"ဟာ ဦးသုကလည်း အဲသလိုသာ သူ့လက်ညှိုးသူ ဖြတ်လိုက်ရင် ကိုယ်ချင်းစာတရားတော့ရပါရဲ့။ ဒါပေမယ့် သူ့လိုအင်ပြည့်သွားလို့ မြတ်စွာဘုရားရဲ့ တရားကိုလည်း နာခွင့်ရတော့မှာ မဟုတ်ဘူး။ ဒါဆို ရဟန္တာဖြစ်ဖို့ ဝေးပြီပေါ့" တဲ့။

သူ့စကားကြောင့် ကျွန်တော့်မှာ မလုံမလဲ ဖြစ်ရလေသည်။ ရယ်ပွဲဖွဲ့မိသည့်အတွက်လည်း အားနာပါးနာ ဖြစ်ရပါသည်။

တကယ်တော့ 'အင်္ဂုလိမာလ' ကို မဆီမဆိုင် ဥပမာပြုခဲ့တာ ကလေးမ၏ ပညာလောဘကြီးခြင်းဖြစ်သလို 'အင်္ဂုလိမာလ' ကို ဟာသလုပ်မိတာလည်း ကျွန်တော့်အမှားပင် မဟုတ်ပါလား။

မည်သို့ပင်ရှိစေ ကျွန်တော့်ဆောင်းပါးနှင့်ပတ်သက်၍ ပညာတတ်လူငယ်ကလေးတစ်ယောက်၏ ရှေ့နောက်ဆင်ခြင်ပြီး ဝေဖန်သမှုပြုခြင်းသည် ကောင်းသော လက္ခဏာတစ်ပါးဟု ယူဆမိပါ





သည်။ ပညာတတ်ဆိုသည်မှာ ရှေ့နောက် ဆင်ခြင်တတ်သောသူကို ညွှန်းပါသည်။ တစ်ဆက်တည်းမှာပင် စာပေရေးသားနေသော 'ပညာရှင်' သည်လည်း 'သတိ' တရားကို လက်ကိုင်ထားတတ်ရပေမည်။

ကျွန်တော်က မင်းကွန်းဆရာတော်ကြီး၏ အဆိုအမိန့်ကို ဥပမာပြုခဲ့သည်။

စာဖတ်သူ တက္ကသိုလ်ပညာတတ်ကလေးက အင်္ဂုလိမာလ ကိုယ်တော်ကြီးကို ဥပမေယျပြုသည်။

ကျွန်တော်တို့နှစ်ဦး၏ ဆွေးနွေးမှုသည် အကျိုးရှိမည် မရှိမည်ကို အပထားလို့ သူတော်ကောင်းပုဂ္ဂိုလ်များအား ဗဟိုထားခဲ့မိကြတာကတော့ တူညီနေပါသည်။ ဒါသည် မင်္ဂလာရှိသော အဖြစ်အပျက်ဟု ထင်၏။

**(အင်္ဂုလိမာလကို အိန္ဒိယနိုင်ငံ၌ အင်္ဂုလိမာ(လ်) ဟု အသံထွက်ပါသည်။)**

*အတွေးသစ်ဂျာနယ်၊ မေလ၊ ၂၀၀၃*



www.burmeseclassic.com

www.burmeseclassic.com

## ဖွယ်ဖွယ်ရာရာ

ကျွန်တော့်မှာ ကြီးတော်တစ်ယောက် ရှိခဲ့ဖူးသည်။ အဖေ၏အစ်မ ဖြစ်သည်။ နာမည်ရင်းရှိသော်လည်း ဒေါ်ဘူဒီဟုသာ အများက ခေါ်ကြသည်။ ကြီးတော်ကြီးမတိုင်ခင် မွေးဖွားခဲ့သော သားသမီးများ အဖတ်မတင်သဖြင့် အိမ်နီးချင်း ကုလားအဘိုးကြီးက အဘွားထံမှ စတိသဘော ဝယ်ယူ မွေးစားခဲ့ရာ ကုလားအမည် ဘူဒီဟု တွင်ခဲ့ခြင်းဖြစ်၏။ 'ဘူဒီ၊ အဘွားအိုကြီး' တဲ့။ ခမည်းပေးခြင်း ဖြစ်ဟန်တူသည်။

ကျွန်တော့် လူမှန်းသိစကတည်းက ထိုကြီးတော်လက်ပေါ်ကြီးပြင်းခဲ့ရသည်။ အမေက ကျောင်းဆရာမမို့ အိမ်မှာက ကြီးတော်ကြီးသာ အချိန်ပြည့် အုပ်ချုပ်ခဲ့သည်။

လူ့သဘာဝမှာ အနေနီးလျှင် စရိုက်တွေရောယှက်သွားတတ်သော်လည်း ကျွန်တော့်ကမူ အဆဲအဆို သိပ်မသန်ခဲ့ပေ။ ကျွန်တော့်ကြီးတော်ကြီးကား အလွန်တရာမှ အဆဲသန်သူဖြစ်လေသည်။ တော်





ရုံတန်ရုံ အဆဲသန်ခြင်းမဟုတ်ပေ။ ဆဲဆိုခြင်းကို ထမင်းစား ရေသောက်ပမာ အသုံးတည့်နေသူသာဖြစ်သည်။ အဆဲသန်သူများကို စာဖတ်သူလည်း တွေ့ဖူးပါလိမ့်မည်။ ဝသီပါနေသဖြင့် ဆဲသူ၊ ယောင်တတ်သောကြောင့် ဆဲသူဟူ၍သာ ကြုံဖူးပါမည်။ ပြီးတော့ ဆဲဆိုခြင်းသည် မကျေနပ်စရာ၊ ဒေါသဖြစ်စရာ ကြုံမှသာ ပြုရာသော အလုပ်ဖြစ်သည်မဟုတ်လား။

ဒေါ်ဘူဒီကား ထိုသို့မဟုတ်ချေ။ သမားရိုးကျ စကားပြောဆိုရာ၌ပင် ဆဲခြင်းကို တန်ဆာဆင်၍ အလင်္ကာပြုတတ်သည်။ ထူးခြားတာကို ပြောရလျှင် အဆဲတစ်လုံးတော့ ပါမြဲဖြစ်ဟူ၍။

ကျွန်တော့်ကိုယ်တွေ့ ပြောရပါလျှင် ကြီးတော်ကြီးသည် ကျွန်တော်တို့ ငယ်စဉ်က ထိန်းကျောင်းရင်း ကျွေးမွေးစရာရှိလျှင် ပေးကမ်းစရာရှိလျှင် သည်အတိုင်းတော့ ဘယ်တော့မှမပြီးချေ။

'ဟဲ့. . ဗလ. . သောက်တောင်လေး. . ရော့ ×××ဆို့စမ်း၊ မြိုစမ်း××'

'ဟဲ့. . မအေ××လေးက ဒီအကျႌလေးနဲ့မှ လိုက်တယ်'

'ကိုယ်မေကိုယ်××လေး. . စကားပြောယဉ်ကျေးစမ်း' စသည်ဖြင့် ပြောဆိုတတ်သည်ကို ခုတိုင် ကြားယောင်နေပါသေးသည်။

သည်မျှဆိုလျှင် ဒေါ်ဘူဒီမည်မျှ အဆဲသန်ကြောင်း သိသာနိုင်ပါပြီ။

ဒေါ်ဘူဒီ အဆဲသန်သည်ကို တစ်ရပ်လုံးမက သိကြပါသည်။ သို့သော် ခွင့်လွှတ်ခဲ့ကြလေ၏။ အကြောင်းမှာ ဒေါ်ဘူဒီ၏ စိတ်ရင်းစေတနာကောင်းကြောင်းကို သိထားသောကြောင့်ပင်။ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြင့် ပြောသောစကားမှန်သမျှတွင် အရိုင်းနှင့်အယဉ် မကွာခြားတတ်ပေ။ ပြီးတော့. . ဒေါ်ဘူဒီနှင့် အနီးကပ် ပေါင်းဖူးသူများ အနေဖြင့်လည်း နားယဉ်နေကြပြီဖြစ်ဟန်တူသည်။ ကျွန်တော်တို့ စာပေစကားနှင့်ပြောရလျှင် အလင်္ကာမြောက်သည်ဆိုရာ၌ နုနယ်လှပခြင်းကိုသာ ဆိုခြင်းမဟုတ်ပေ။ ကြမ်းတမ်းခြင်းသည်လည်း အလင်္ကာတစ်ပါး။ ရသတစ်ပါး မဟုတ်ပါလား။

\+ + + + +

တစ်ခုပြောရန်ရှိသည်မှာ ကြီးတော်ကြီးအဆဲသန်သလောက် သူ့မောင်၊ ကျွန်တော့်အဖေမှာကား ဆဲဆိုခြင်း၌ ဝါသနာမထုံခြင်း ဖြစ်သည်။ တစ်အူတုံဆင်းဖြစ်သော်လည်း သဘာဝခြားခဲ့လေသည်။ နှစ်ဦးစလုံး လမ်းဘေးဈေးသည်များကြားမှာ ကြီးပြင်းလာခဲ့ကြတာခြင်းအတူတူ အဖေသည် စရိုက်နုလေ၏။ ထိုအသိုင်းအဝိုင်းမှ ရုန်းထွက်ပြီး အနုပညာသည် ဖြစ်လာခဲ့ရသည်။ ဒီမှာတွင် အဖေသည် အလွန်သိမ်မွေ့နူးညံ့သော မျိုးရိုးထဲမှ ကျွန်တော့်အမေ ကျောင်းဆရာမကို ရအောင် ယူနိုင်ခဲ့လေသည်။ အမေတို့မျိုးရိုးသည်ကား အားအားရှိ ဘုရားရှိခိုးသောမျိုးဖြစ်သည်။ စကားပြောလျှင် တစ်ခွန်းတစ်ဝါကျ၌ ဘုရားစကား၊ တရားစကား တစ်လုံးပါမြဲဖြစ်သည်။ ထိုမျှသိမ်မွေ့ပါသည်။

ဆိုကြပါစို့. . ။ အဖေနှင့်အမေ အိမ်ထောင်ကျလေသည်။ သျှောင်နောက်ဆံထုံးပါခဲ့လေသည်။ မင်္ဂလာဦးည အဖေတို့အိမ်တွင် ကျွန်တော့်ကြီးဒေါ်ကြီး ဒေါ်ဘူဒီနှင့် အခြားဆွေမျိုးများ စကားများ ရန်ဖြစ်ကြလေ၏။ သာမန်အချိန်မှာပင် အဆဲသန်သောသူ၊





ရန်ဖြစ်သောအချိန် မည်သို့ရှိမည်ကို စဉ်းစားကြည့်ကြပါ။

ဘုရားစကားကို အမြဲမပြတ် ရွတ်ဆိုနေတတ်သော သတို့သမီးကလေးသည် ဘုရားဘုရားဟု တရင်း မေ့မြောသွားရှာပါလေသည်တဲ့။

\+ + + + +

ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် ကြီးတော်ကြီး ဒေါ်ဘူဒီ ကွယ်လွန်ပါသည်။ မကွယ်လွန်မီ ကင်ဆာရောဂါကို ကြီးစွာခံစားခဲ့ရသည်။ လပေါင်းများစွာပင် ကျွန်တော့်မိခင်က သူ့ယောင်းမကို ပြုစုရသည်။ တစ်ခါသော် ကြီးဒေါ်ကြီး သတိလစ် မေ့မြောသွားခဲ့သည်။ ရက်အတန် ကြာသွား၏။ ထိုအခါ အမေက ဘုရားစာတွေရွတ်ပြီး အနီးကပ်စောင့်ရှောက်သည်။

တစ်နေ့တွင် ကြီးတော်ကြီးသည် သတိတစ်ချက် လည်လာပါသည်။ မျက်လုံးဖွင့်ကြည့်တော့ သူ့ကို ပွေ့ဖက်ထားသော ကျွန်တော့်အမေကို တွေ့သည်။ ထိုအခါ. .

'ဟဲ့. . ဖေ×××မခင်ညို ငါ့တူတွေကော' ဟု ဆဲမေးမေးသတဲ့။ ထိုဆဲသံကို ကြားသောအခါ ဘုရားစာရွတ်နေသော ကျွန်တော့်မိခင်ကြီးသည်. .

'ကိုသန်းဖေရေ. . လာပါဦး. . မမ ဆဲပြီရှင့်၊ ဆဲနေပါပြီ' ဟု ကျွန်တော့်ဖခင်ကို ဝမ်းသာအားရ လှမ်းခေါ်ရှာပါသည်။ ဝမ်းသာမျက်ရည်တွေလည်း ကျလာပါသည်။

ဆဲဆိုခြင်းနှင့် မေတ္တာတရားတို့ သဟဇာတဖြစ်ပုံကို ထိုစဉ်ကတည်းက ကျွန်တော် ခံစားနိုင်ခဲ့သလိုလို ရှိခဲ့၏။ ဆဲဆိုခြင်းသည်



www.burmeseclassic.com

www:burmeseclassic.com



မိမိရင်ထဲရှိသမျှ စကားအရာအထောင်တို့ကို တစ်စုတည်း ကျစ်လစ်စွာ အသုံးချလိုက်ခြင်းတစ်မျိုးဟုလည်း သဘောပေါက်ခဲ့၏။

ထို့ကြောင့်. . စာပေလောကသို့ဝင်စ စာသူငယ်ဘဝတွင် သူငယ်ချင်းဖြစ်သူ ကဗျာဆရာတစ်ယောက်အား ပြောမိဖူး၏။

'သူငယ်ချင်း ပစ္စည်းမဲ့တွေ အခြေခံလူတန်းစားတွေအတွက် ဆဲတယ်ဆိုတာ တကယ့်ကဗျာပဲကွ' ဟု။

ထိုအခါ သူငယ်ချင်းကဗျာဆရာက ကျွန်တော့်အား. . .

'ငါ×××× လုပ်ပါးမဝနဲ့. . မင်းနဲ့ ×××မှ မပေါင်းဘူး' ဟု ဆဲသွားလေသည်။

*အလင်းတန်းဂျာနယ်၊ မေလ၊ ၂၀၀၃*



# မပါရင် အော်စရာမလိုဘူး

သားသမီး လေးယောက်ရှိပါရဲ့။ ထုံးစံအတိုင်း ဖအေတူက နှစ်ယောက်၊ မအေတူက နှစ်ယောက်ဖြစ်ခဲ့ပါတယ်။ ရုပ်တူတာက နှစ်ယောက်စီ၊ စိတ်တူတာကလည်း နှစ်ယောက်စီ၊ ရုပ်တူတဲ့သူတွေက စိတ်မတူကြတဲ့။ စိတ်တူတဲ့သူတွေက ရုပ်မတူကြပြန်ပါဘူး။ ဆိုလိုတာက ကျွန်တော် နဲ့ ရုပ်တူတဲ့နှစ်ယောက်က စိတ်ကျတော့ သူ့အမေနဲ့ သွားတူနေတယ်။ ဒီလိုပါပဲ၊ သူတို့အမေနဲ့ ရုပ်တူတဲ့ နှစ်ယောက်က စိတ်ကျတော့ ကျွန်တော်နဲ့ လာတူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘက်လိုက်တာတော့မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ရုပ်ချင်းတူတဲ့ နှစ်ယောက်ကို ဆူဆူပူပူ ပိုပြီးလုပ်တတ်မိပါတယ်။ သူ့အမေနဲ့ ရုပ်ချင်းတူတဲ့ နှစ်ယောက်ကိုတော့ ညင်ညင်သာသာ ပြောဆိုတတ်ပါတယ်။ မအေတူ အချော်လေးတွေမို့ ဆက်ဆံရေး ဖျော့တော့တာ မဟုတ်ပါဘူး။ သူတို့စိတ်တွေက ကျွန်တော်နဲ့လာတူနေလို့ ခံတွင်းတွေ့မိတာပါ။ သူတို့က ရုပ်သာအမေနဲ့တူတာ။ စိတ်က ကျွန်တော့်စိတ်ဆိုတော့ ထက်ချင်တယ်၊ မြန်ချင်တယ်။ ဒေါသကြီးချင်တယ်။

လူဆိုတာက ခဏတာသာ ရုပ်ကိုကြည့်တာပါ။ ကြာကြာပေါင်းတော့ စိတ်ကိုပေါင်းတာ မဟုတ်လား။ သားသမီးဆိုတာ ကြာကြာပေါင်းရမယ့် အမျိုး (မပေါင်းချင်လည်း ပေါင်းရမယ့်သူတွေ) ဆိုတော့ ကိုယ့်စိတ်နဲ့ အထဲကျတဲ့ သားသမီးကို ပိုပြီးခံတွင်းတွေ့မိတာပေါ့လေ။

အဲ. . ကျွန်တော်နဲ့ ရုပ်ချင်းတူတဲ့ သားသမီးတွေကျတော့ ရုပ်ကလေးတွေကသာ ရွက်ကြမ်းရေကြိုရှိတာ၊ စိတ်တွေကတော့ သူ့အမေနဲ့ ချွတ်စွပ်ပဲ။ အေးဆေးတယ်၊ လေးကန်တယ်၊ နည်းနည်း ထူချင်တယ်၊ ကျွန်တော့်စိတ်နဲ့ မရဘူး။ တစ်ခုခု ခိုင်းလိုက်တာလေးကအစ သံသရာဆွဲဆန့် လုပ်ချင်ကြတယ်။ အေးချမ်းတယ်ဆိုတဲ့ အဆင့်ကို လွန်နေကြတယ်။ လက်သီးနဲ့ထိုးမယ့်အရေးယိုးဒယားကနေတာ ကျွန်တော်စိတ်မရှည်ဘူး။ ဒီတော့ ဘာဖြစ်လာသလဲ။

ကျွန်တော်က ဒေါသကြီးသူပီပီ ထစ်ခနဲရှိ အော်ချင် ငေါက်ချင်တယ်။ ကိုယ့်စိတ်နဲ့နှိုင်းပြီး လုပ်တတ်ကိုင်တတ်တဲ့ သဘာဝမို့ နုံအေးလူကိုလည်း အလိုမကျစိတ်တိုနေပါတယ်။ ခံတွင်း မတွေ့ရင်





လည်း ငေါက်ပစ်မိပါတယ်။ ဒါပေမယ့် မရင်းနှီးတဲ့သူတွေအပေါ်တော့ မဟုတ်ဘူးပေါ့လေ။ လူမှုရေးငဲ့ပြီး စိတ်ရှည် သည်းခံတာတွေ အများကြီး ရှိခဲ့ပါတယ်။ ဆန်ရင်းနာနာဖွတ် ဆိုသလို ရင်းလည်း ရင်းနှီး ကိုယ့်ကိုလည်း ဘာမှပြန်ပြီး ခွန်းတုံ့မဝံ့တဲ့ သားသမီးတွေကျတော့ မသကာ အော်မိငေါက်မိတာပါပဲ။ နိုင်ထက်စီးနင်း မဟုတ်ပေမယ့် နိုင်လိုမင်းထက် သဘောတော့ ပါကောင်း ပါ,ပါလိမ့်မယ်ဗျာ။

ဒီသဘာဝ မကောင်းမှန်း သိပါတယ်။ ခက်တာက ဒေါသရှေ့ထားပြီး စိတ်မြန်လက်မြန်ရှိတဲ့လူဟာ အဲဒီသဘာဝကိုပဲ မလွန်ဆန်နိုင်ကြပါဘူး။ ဒါပေမယ့် ကိုယ်က အနုပညာသည်ဆိုတော့ တစ်ဖက်က ချင့်ချင့်ချိန်ချိန် လုပ်တတ်တဲ့သဘော၊ ပျော့ပျော့ပြောင်းပြောင်း တွေးတတ်တဲ့ မနောက ရှိနေတာမို့ လက်လွန်၊ ခြေလွန်တော့ မရှိခဲ့ပါဘူး။ အဲ. . အနုပညာဈာန်မဝင်စားတဲ့ သာမန်အချိန်မျိုးတွေမှာတော့ ထစ်ခနဲရှိ အော်မိငေါက်မိတာပေါ့လေ။ အထူးသဖြင့် သာမန်အသေးအဖွဲ့ လူမှုရေးကိစ္စလေးတွေမှာ စိတ်မရှည်တတ်တာပါပဲ။ စောစောကပြောသလို တစ်ခုခုခိုင်းလိုက် ပြုလိုက်တဲ့ အခါမျိုးမှာပေါ့ဗျာ။

ကြာတော့. . ကျွန်တော့်ရဲ့ အဲဒီသဘာဝကို မိသားစုက မခံနိုင်ဖြစ်လာပါတယ်။ သည်းညည်းတော့ ခံကြရှာပါရဲ့။ ဇနီးသည်ကတော့ ထုံးစံအတိုင်း လေအေးကလေးနဲ့ ကျွန်တော့်ကို ဖျောင်းဖျပါတယ်။

"ကိုယ့်ဘာသာကိုယ် မကျေမနပ်ဖြစ်တိုင်းရှင်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက ဟုတ်နေပြန်ပါတယ်။ လူဆိုတာ ကိုယ့်ဘာသာ မကျေနပ်ရင်လည်း နံဘေးက နိုင်စားရာသူကို ဖိထောင်းတတ်တာ ကလား။ ဒါနဲ့ပတ်သက်လို့ အဆူအပူသန့်တဲ့ ကျွန်တော့်ဖခင်ကြီး (သူ့ခုတင်ခြေရင်းမှာ တပ်ထားတဲ့) ကဗျာတစ်ပုဒ်ကို သွားသတိရမိပါတယ်။ 'တပည့်ကို ဆဲ၊ သားကို မဲနှင့် မယားလည်းမာန်၊ ထန်လို ထန်၏။ အမှန်အပြေ၊ ငါရှာဖွေသော် မကျေနပ်ပါ၊ ငါ့ကိုယ်ငါ' တဲ့ ဗျာ။

ဒီလိုကျပြန်တော့လည်း အားသမီးတွေကို အော်မယ် ငေါက် မယ်ကြံရင် အဖေ့ကဗျာကလေးကို ပြေးသတိရပြီး ဘရိတ်အုပ်ခဲ့ တတ်ပါတယ်။ ဒါပေမယ့် ခဏပါပဲ။ တော်ကြာနေ 'သတိလက် လွှတ်နဲ့ ဆူမိဆဲမိတတ်ပြန်တာပါပဲ။

တစ်ခါသားတော့ စကားတတ်တဲ့ သမီးငယ်က ဆုံးမတာကို ခံရရော။

'ဖေကြီးကလည်း မှတ်တိုင်မပါရင် အော်စရာမလိုဘူးလေ' တဲ့။ ဒီစကားလေးက ကျွန်တော့်ရဲ့ ကိုယ်တွေ့တစ်ခုကို ဟာသအဖြစ် ကျွန်တော်က သူတို့ကို ပြန်ပြောခဲ့တဲ့ အဖြစ်အပျက်ထဲက စကား လေးပါ။

အဖြစ်က. .

ကျွန်တော်လူပျိုဘဝ(စာရေးဆရာပေါက်စ) မှာ စာရေးဆရာ ငြိမ်းကျော်နဲ့ အတွဲများပါတယ်။ သူရှိရာ အင်းစိန်အထိ သဃန်း ကျွန်းကနေ တစ်နေ့တစ်ခေါက် လက်ဖက်ရည်သောက်ဖို့ သွားတဲ့ အထိပါ။ ဘတ်စ်ကားနဲ့. . ။ အဲဒီနေ့ကတော့ ကိုငြိမ်းကျော်နဲ့





ကျွန်တော်ရန်ဖြစ်ကြဝါတယ်။ သူ့အိမ်ကပြန်တော့ တော်တော် စိတ် ဆိုးနေခဲ့ပါတယ်။ ဘတ်စ်ကားပေါ်ရောက်တော့တော့လည်း လူက အလွန်ကျပ်နေတာပါ။ ကိုငြိမ်းကျော်နဲ့ စိတ်ဆိုးခဲ့တဲ့အပြင် ကား ပေါ်မှာလည်း နွားနို့ကုလားကြီးနဲ့ ရင်ချင်းအပ်ပြီး မတ်တတ်လိုက် ရတာမို့ တော်ကော် မခံရပ်နိုင်ဖြစ်နေပါတယ်။ ဒီအချိန်မှာ နံဘေး ထိုင်ခုံက လူတစ်ယောက်က မှတ်တိုင်ပါတယ်ဆိုပြီး ဆင်းဖို့ ထလိုက် ရော လွတ်တဲ့ခုံနေရာကို သူဦးကိုယ်ဦး လုကြတာပေါ့။ ကျွန်တော် လည်း စိတ်တိုနေချိန်မို့ အတင်းတိုးလုရာမှာ ထိုင်ခုံနေရာရသွားပါ တယ်။ ဒီလိုနဲ့ လာလိုက်တာ (စပယ်ယာကလည်း ဟိုမှတ်တိုင်ပါ လား၊ ဒီမှတ်တိုင်ပါလား မေးလို့ပေါ့လေ။) တစ်နေရာရောက်တော့ ကျွန်တော့်နံဘေးက ထိုင်ခုံကလူက မှတ်တိုင်ပါတယ် အော်ပြီး ထလိုက်ပါရော။ ကျွန်တော်ကလည်း နောက်လူအတွက် ဘေးရွှေ့ ပေးရတာပေ့ါလေ။ (အဲဒီအချိန်က တစ်ခုံမှာ သုံးယောက်ထိုင်စနစ်) ဒီတော့ ပြူတင်းပေါက်ဘက်မှာက ကောင်မလေးတစ်ယောက်၊ ကျွန်တော်က အလယ်မှာ၊ ဒီဘက်ဘေးမှာ လာထိုင်တာကလည်း ကောင်မလေးတစ်ယောက်ပဲ ဖြစ်သွားပါတယ်။ ဒီတော့ ဘာဖြစ် သလဲ။ ပြူတင်းပေါက်ဘက်က ကောင်မလေးရဲ့ ဖားလျားချ ဆံပင် စလေးတွေက လေတိုးပြီး ကျွန်တော့်မျက်နှာပေါ် လာဝဲတာပေါ့။ နှာခေါင်းငြိလိုက်၊ နားရွက်ငြိလိုက်။ ဒီဘက်က ကောင်မလေးက လည်း မတ်တပ်ရပ်နေသူတွေရဲ့ဖိအားကို မခံနိုင်တော့ ကျွန်တော့် ဘက် ယိမ်းထိုးပူးကပ်၊ လူပျိုလေးတစ်ယောက်သာဖြစ်တဲ့ ကျွန်တော် အနေအထိုင်ခက်  ဆိုပါတော့ဗျာ။ မူလ ငြိမ်းကျော်နဲ့ ဆိုးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကလည်း မပြေသေးပါဘူး။ စိတ်ဆိုးတာနဲ့ ရှက်ရွံ့တာ ပင့်ပက္ခ ဖြစ်ပြီး ခွေးရောယှက်တင်။ ဒီအချိန်မှာ စပယ်ယာက (မှတ်မိနေပါသေးတယ်) 'ဆင်ရေတွင်းမှတ်တိုင်ပါလား' ဆိုပြီး အနားကပ် အော်မေးပါတယ်။ ကျွန်တော်ကလည်း ကိုယ့်စိတ်နဲ့ကိုယ် ကျဉ်းကျပ်နေတာမို့ ယောင်မှားပြီး. .

'မပါဘူး' လို့ အော်မိပါရော။ ဒီမှာတင် စပယ်ယာက. .

'မပါရင် အော်စရာမလိုဘူး' လို့ စပ်ဖြဲဖြဲပြန်အော်လိုက်တာ ကားတစ်စီးလုံး ပွဲကျသွားတော့တာပါပဲ။

ဒီအဖြစ်အပျက်ကလေးကို ဟာသအဖြစ် ကျွန်တော်က သားသမီးတွေကို ပြန်ပြောခဲ့ဖူးတာပါ။ ဒါကို မှတ်ထားပြီး အငယ်မက ပြန်ပက်တာဆိုပါတော့။ သမီးရဲ့ ဥပမာပေးက ကျွန်တော် သူတို့ကို အော်ငေါက်တဲ့ကိစ္စနဲ့ ချက်ကျလက်ကျတော့ မရှိရှာပါဘူး။ ဒါပေမယ့် 'မလိုအပ်ဘဲနဲ့ မအော်ရဘူး' ဆိုတာကလေးတော့ သတိရသွားစေတာ အမှန်ပါပဲဗျာ။

အလင်းတန်းဂျာနယ်၊ မေလ၊ ၂၀၀၃



# ကွန်ခြွေနှင့် သရုပ်ပြောင်းဖြစ်

'ကွန်ခြွေ' ဆိုသော ပါဠိစကားအနက်မှာ စကျူ(မျက်စိ) စသော အရာခြောက်ပါး စောင့်စည်းသော တရားဟု ဆိုပါသည်။ သို့သော် ပါဠိသက် (ပါဠိပျက်) အဖြစ် မြန်မာစကားသုံးရာ၌မူ အဓိပ္ပါယ်ပို၍ ကျယ်ဝန်းသွားလေသည်။

ရဟန်းစသော သူတော်ကောင်းများမှအစ တည်ငြိမ်အေးချမ်းသည့် မိန်းမပျိုများအထိသော ပုဂ္ဂိုလ်ကြီးငယ် အသွယ်သွယ်တို့အတွက်မူ ကွန်ခြွေသည် ပါဠိအနက်အတိုင်း ဖြစ်ပါသည်။

သို့သော် ကျယ်ပြန့်လာသော လူ့သဘာဝ၊ လူ့ယဉ်ကျေးမှုစသည်တို့ကြောင့် 'ကွန်ခြွေ' သည်လည်း နေရာဌာန အကျင့်စရိုက်များပေါ် မူတည်ပြီး အနက်ကျယ်လာပါသည်။ အနက်ကျယ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်နင့်အမျှ သုံးစွဲပုံတွေ ကွာခြားလာပါသည်။ ဆန့်ကျင်ဘက် သဘောတွေ ပါလာပါသည်။ ဥပမာ မိန်းမကောင်းတို့၏ ဣန္ဒြေသည် တည်ငြိမ်ခြင်းဖြစ်ပြီး မိန်းမပျက်တို့ကား ဣန္ဒြေကို လျှပ်ပေါ်လော်လီခြင်းဖြင့် တန်ဆာဆင်ပါသည်။ နေအိမ်တိုက်တာတို့သည် တည်ငြိမ်မှ ဣန္ဒြေရပါသည်။ မော်တော်ယာဉ်တို့အား ညက်ညော စွာ ပြေးလွှားပါမှ ဣန္ဒြေရပါသည်။ ခေတ်ပေါ်လူတို့က ဤသို့ လဲလှယ်သုံးကြလေ၏။

ဤသည်ကို ကြည့်ခြင်းဖြင့် ဝေါဟာရတစ်လုံးသည် နေရာဌာနကိုလိုက်၍ အဓိပ္ပါယ်အယူအလွဲရှိသွားသည်ကို တွေ့ရပါမည်။

ကျွန်တော်တို့ လူပျိုပေါက်အရွယ်က 'သရုပ်ပျက်' ဟူသာ ဝေါဟာရတစ်လုံး ပေါ်ဖူးပါသည်။ ယောကျ်ားလေးများ ဆံပင်ရှည်ထားခြင်း၊ အောက်ခြေပွပွ ဖင်ကျပ်ကျပ် ခေါင်းလောင်း ဘောင်းဘီဝတ်ခြင်းစသည်တို့ 'သရုပ်ပျက်'တယ်ဟု လူကြီးသူမတို့က 'သမုတ်' ပါသည်။ (ကြားဖြတ်ပြောရပါဦးမည်။ 'သမုတ်' ဆိုသော ဝေါဟာရကို ရဟန်းသံဃာများက သုံးသောအခါ မြင့်မြတ်သော သဘောကို ယူ၍ သိမ်သမုတ်သည်ဟု ဆိုပါမည်။ အရပ်ထဲ ဈေးထဲ မကောင်းမှုတစ်ခုခု ကျူးလွန်ခြင်း၊ အိမ်ထောင်ရေးဖောက်ပြားမှု သတင်းစကားတို့ကိုမူ 'သူ့ကို ဟိုကောင်မနဲ့ သမုတ်နေတယ်လေ' စသဖြင့် သုံးစွဲတတ်ပြန်ပါတယ်။)

လူငယ်များ ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်၍ 'သရုပ်ပျက်တယ်'၊ 'သရုပ်ပျက်ယဉ်ကျေးမှု' (ကြည့်ပါ။ 'သရုပ်ပျက်' နှင့် 'ယဉ်ကျေးမှု' ကို တွဲသုံးမိပြန်ပါပြီ။) စသည်ဖြင့် လူမှုရေးပဋိပက္ခ ဖြစ်နေ





ချိန်တွင် မြန်မာဆန်သည်ဟု ချီးကျူးခံရသော ကျွန်တော်သည် တိုက်ပုံ၊ လည်ကတုံး ရှပ်လုံချည်ဖြင့် လူတောတိုးခဲ့သူ ဖြစ်ပါသည်။ တစ်နေ့တွင် သူငယ်ချင်း မင်းသားတစ်ယောက်၏ မွေးနေ့ပွဲသို့ သွားရပါသည်။ သူကတော့ ခေတ်ပေါ် ဝတ်စားဆင်ယင်မှုနှင့်သာ အနောက်ဟန်နေထိုင်သူ ဖြစ်ပါသည်။ မွေးနေ့ပွဲ ဆိုကြ၊ တီးကြ၊ ကကြသောအခါ သူနှင့် သူ့အသိုင်းအဝိုင်းက အနောက်ဟန်ဂီတဖြင့် ခုန်ပေါက်ပျော်မြူး သီဆိုကြပါသည်။ ကျွန်တော်ကမူ မြန်မာဝတ်စုံဖြင့်ပင် တည်တည်တံ့တံ့ အေးအေးဆေးဆေး သီချင်းဆိုပါသည်။ သို့သော် အရက်အလွန်အကျွံသောက်ထားသဖြင့် မူးယစ်နေပါသည်။ ထိုအခါ 'သရုပ်ပျက်' ဝတ်စားဆင်ယင်ထားသော သူငယ်ချင်း,မင်းသားက ကျွန်တော့်ကို 'ဘိုဘု သရုပ်ပျက်တယ်ကွာ' ဟု ဂရုဏာဒေါသော ပြောရှာပါသည်။ သူ့အပေါင်းအသင်း ဖြစ်ဟန်တူသော မိန်းမပျိုလေး တစ်ယောက်ကမူ 'သုမောင် ဣန္ဒြေကို မရဘူး' ဟု တီးတိုးဆိုပါသည်။ ထိုမိန်းကလေးသည် ဂါဝန်တိုတို ဝတ်ထားပြီး ဂစ်တိတ်ခုံပေါ်မှာ ခုန်ပေါက် အော်ဟစ်ခဲ့သူကလေး ဖြစ်နေပြန်ပါသည်။

ကျွန်တော်တို့ ငယ်စဉ်က ဖခင်ကြီးသည် သူရို့ခေတ် လူရွှင်တော်ကြီးများအကြောင်းကို မကြာခဏပြန်ပြောပြပါသည်။ 'ဒန်ပေါက်' 'ညှပ်ကြီး'၊ 'ကြွင်ခဲ'၊ 'ဓာတ်ဆီ'၊ 'ဓာတ်ဆံ' တို့သည် အဖေ၏ ဇာတ်လိုက်များ ဖြစ်ပါသည်။

"ဇာတ်မင်းသား ဘိုးစိန်ကြီး နှစ်ပါးခွင်ထွက်တော့ ဇာတ်ရင် ဘယ်ဘက်၊ ညာဘက်မှာ လူပြက်တွေ အဖွဲ့ခွဲနေကြတယ်ကွ။ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



စင်ဘယ်ဘက်မှာ 'ဒန်ပေါက်နဲ့ ညှပ်ကြီး' က ပြက်လုံးတွေ မျိုးစုံ ထုတ်ကြတာပေါ့ကွာ။ ဘိုးစိန်ကြီးကိုတောင် ချမ်းသာမပေးဘူး။ အဲ ဇာတ်စင်ရဲ့ ညာဘက်ထောင့်မှာတော့ 'ကြင်ခဲ' က ထိုင်နေတယ်။ လုံးဝ မပြက်ဘူး။ လှုပ်တောင်မလှုပ်ဘူး။ ဒန်ပေါက်တို့ ပြက်တဲ့ ပြက်လုံးဟာ ပရိသတ်သာမက ဘိုးစိန်ကြီးကိုပါ မနေနိုင်လို့ အက ရပ်ရတဲ့အထိ ရယ်ကြတာကလား။ ကြင်ခဲကတော့ ရယ်ဖို့ဝေးလို့ မျက်တောင်တောင် မခတ်ဘူးကွ။ ကြာတော့ ပရိသတ်ရဲ့ အာရုံဟာ ပြက်လုံးထုတ်နေတဲ့ လူရွှင်တော်တွေထက် ငြိမ်နေတဲ့ 'ကြင်ခဲ' ဆီ သာ စုပြုံရောက်ကုန်ကြပြီး သူငြိမ်နေတာကိုပဲ ပတ်တုတ်လို့ မရ အောင် ပွဲကျနေကြတော့တယ်"

မပြက်လို့ ရယ်ရတယ်လို့ အဖေကပြောချင်ပုံရပါတယ်။

ခုနှယ် စေ့စေ့ပေါက်ပေါက် ပြန်စဉ်းစားကြည့်တော့ 'ဣန္ဒြေ ရလို့' 'ရယ်ရတယ်' ဆိုသည့် သဘောကို သွားတွေ့ရပါသည်။ တဆက်တည်း သတိထားမိလိုက်တာကတော့ ပြက်လုံးထုတ်တာ ခြင်းအတူတူ 'သရုပ်ပျက်' တာခြင်း အတူတူ မှင်သေသော လူရွှင် တော်က ပိုပြီး ဟာသမြောက်ခြင်း ဖြစ်သည်။

သဘောမှာ အနုပညာရပ်များတွင် ပရိသတ်ကို ပေါ့ပါးသွား စေသော လွတ်လပ်ပျော်ရွှင်သွားစေသော ရယ်မောမြူးတူးသွားစေ သော 'ဟာသရသ' ၌ပင်လျှင် 'ဣန္ဒြေ' က ထိန်းကွပ်ထားခြင်း ဖြစ်နေတော့သည်။ ဟာသစာပေရေးသော စာရေးဆရာကြီးများ၏ စာရေးဟန်သည် ဣန္ဒြေရနေတာ တွေ့နေရပါမည်။ ကျွန်တော်၏ စာစုတွင် ပါဠိအနက်များ၊ တရားသံဃာများနှင့် အစချီ၊ မိန်းမပျက်





များ၊ အရပ်စျေး အဖြစ်အပျက်လေးများ အလယ်ထားပြီး ဟာသ သရုပ်ပျက်ဖြင့် အဆုံးသတ်ထားသည့်အတွက် ခွင့်လွှတ်နိုင်ကြလိမ့် မည်ဟု ယုံကြည်ပါသည်။

အကြောင်းမှာ ကျွန်တော်တို့ စာပေသမားများသည်လည်း သင့်တင့်လျောက်ပတ်သော အခြေအနေ၊ အချိန်အခါ၊ နေရာဒေသ နှင့် အကြောင်းတရားများပေါ် မှီတည်ပြီး စာပေရေးသားနေရသော ကြောင့် ဖြစ်ပါသည်။ ဣန္ဒြေရသော စာပေများကို ရေးသားနိုင်ရန် ကြိုးစားအားထုတ်နေရဦးမည်သာတည်း။

<u>မှတ်ချက်</u> စာဖတ်သင်စလူငယ်များ 'သရုပ်ပျက်' နှင့် 'သရုပ် ပြက်' စာလုံးပေါင်းတို့ ဂရုစိုက်ကြပါကွယ်ရို့။

အတွေးသစ်ဂျာနယ်၊ ဇွန်လ၊ ၂၀၀၃



www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာ (၁၃) ပါး

တချို့က စာရေးဆရာဆိုတာ အကုန်တတ်သိနေတဲ့ သူလို့ အထင်တကြီး ရှိကြပါတယ်။ ပြီးတော့ ဆရာ့တကာဆရာတွေထဲမှာ စာရေးဆရာဟာ ဂုဏ်အကြီးဆုံး၊ ပညာအကြီးဆုံးလို့လည်း ထင်တတ်ကြပါတယ်။ ဒါ့ပြင် စာရေးဆရာဟာ သိက္ခာသမာဓိအရှိဆုံးလူလို့လည်း သတ်မှတ်ပြန်ပါတယ်။ ထူးဆန်းတာက စာရေးဆရာ မှန်သမျှ အရက်သေစာနဲ့ မကင်းဘူးလို့ တွဲဖက် ထင်မြင်နေကြပြန်တာပါပဲဗျာ။





ဘာပဲဖြစ်ဖြစ် စာရေးဆရာဆိုတာ စာပေဗဟုသုတတွေ အများကြီးရှိရမယ်၊ စာတွေ အများကြီးဖတ်ထားရမယ်၊ သေစာရှင်စာကအစ ကျမ်းကြီးကျမ်းခိုင်တွေအထိ ရေးတတ်ရမယ် စသဖြင့် သာမန်လူတွေက ယုံကြည်ရင်းစွဲရှိပြီးသားပါ။ အဲဒီအလျောက်လည်း စာရေးဆရာဟာ ဂုဏ်ထူးကြီးမားပြီး ပွဲလယ်တင့်သွားပါတယ်။ အများသူငါထက် ခေါင်းတစ်လုံး ပိုမြင့်တယ်လို့ ယူကြပါတယ်။

'မင်းဆရာ' ဆိုပြီး ရှင်ဘုရင်ကိုတောင် ဆရာလုပ်ခဲ့ကြသေးတာပဲလေ။

ဒါတွေနဲ့ပတ်သက်လို့ အတွေ့အကြုံကလေးနှစ်ခုကို ပြန်ပြောချင်ပါတယ်။ တစ်ခုက တစ်ခါသား ပဲခူးမြို့ ဟိုဘက်ရွာကြီး တစ်ရွာကို ဘုရားထီးတင်ပွဲ ရောက်ခဲ့ပါတယ်။ ဇနီးသည်ရဲ့ ဆွေမျိုးတွေနဲ့ပတ်သက်ပြီးတော့ပါ။ ကျွန်တော် ပါလာတယ်ဆိုတော့ ရွာခံတွေက သူရို့ရွာ ဒိုးပတ်ဝိုင်းနဲ့ နီးရာမြို့ကလေးမှာရှိတဲ့ ဆိုင်းဝိုင်းကို အကူအညီတောင်းပြီး ညပိုင်း ဧည့်ခံသီချင်းတွေဆိုပေးဖို့ တောင်းဆိုပါတယ်။ ဇနီးသည်မျက်နှာနဲ့မို့ ပွဲမဖြစ်ဖြစ်အောင် ကူညီလိုက်ရပါတယ်။ အဲဒီနောက်တော့ စာပေလိုက်စားတဲ့ ရွာဦးကျောင်းဆရာတော်က စာပေဒါနတစ်ခု တောင်းဆိုမိန့်ကြားပြန်ပါရော။

"အင်း . . ဒကာသုမောင်က အဆိုကျော် စာရေးဆရာဆိုတော့ မနက်ထီးတင်ပွဲမှာ ကေပိုဒ်ရတုပိုဒ်စုံတစ်ပုဒ် ကိုယ်တိုင်ရေးပြီး ကိုယ်တိုင် ဆိုပေးစေချင်တယ်"

မြတ်စွာဘုရား၊ ကျွန်တော်ဟာ ရှေးကဗျာတွေတော့ လေ့လာလိုက်စားဖူးတာ မှန်ပါရဲ့။ ဒါပေမယ့် တစ်ခါမျှ ရေးသားခြင်း မရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ရတုတွေ မနည်းဘူး သိဆိုခဲ့ပေမယ့် မရေးတတ်ပါဘူး။ 'လေး'၊ 'သုံး'၊ 'နှစ်' ကာရံယူတာလောက်ပဲ သိပါတယ်။ အထူးသဖြင့် အချီအချတွေ ခက်တဲ့ ဧကပိုဒ်ရတုမျိုးဆိုတာ အလှမ်းဝေးပါဘိ။

"တပည့်တော်ရေးတာထက် ဆရာတော်စီစဥ်တာ ပိုကောင်းပါတယ်ဘုရား"

"ဟာ. . စာရေးဆရာ လုပ်နေမင့်ဟာကွယ်၊ ရေးမှာသာ ရေးစမ်းပါ။ ဟော့ဒီမယ် ဘုရားသမိုင်းနဲ့ တို့ရွာရဲ့ ဇာတိ၊ ဆရာတော်ရဲ့ ထေရုပ္ပတ္တိ"

ဒါနဲ့ ကျွန်တော်လည်း ဧကပိုဒ်တွေ ဘာတွေ မတွေးတော့ဘဲ (ကိုယ် သိဆိုလို့ အဆင်ချောမယ့်) ရတုဆန်ဆန် ကဗျာရှည်ကြီး တစ်ပုဒ်ကို ကြိုးစားရေးရပါတော့တယ်။

ပြီးပြီးစလွယ်လည်း မရေးချင်ပါဘူး။ သိပ်ပြီး လေးနက်တိကျလို့လည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဆရာတော်ပေးတဲ့ အချက်အလက်တွေနဲ့ ကျွန်တော့်ရဲ့ စိတ်ကူးအမြင်တွေပေါင်းစပ်ပြီး ရေးရပါတယ်ဗျာ။ တောရမ်းမယ်ဘွဲ့လေးလည်း ပါအောင် ရေးရပါတယ်ဗျာ။ ဒီမယ် ကျွန်တော်က ရွာတောင်ဘက်က ထန်းတောကြီးနဲ့ ရေကန်ကြီးလည်းပါအောင်ဆိုပြီး 'ရွာတောင်ဖျားတွင် ကန်ရေပြင်နှင့် ထန်းပင်လှဲ့ညို ကိုလှုပျိုတို့ ရေချိုခပ်လာ မေကညာလည်း. . " ဆိုတဲ့ အပိုဒ်ကလေး ထည့်ပြီးရေးမိပါတယ်။ ကျွန်တော့်ရတု ဆရာတော့်ကို ပြတော့။

"အိမ်း. . စာရေးဆရာကလည်း တယ်ခက်၊ ဘုရားထီးတင်ပွဲပါ ဆိုမှ လူပျိုအပျိုကိစ္စက ပါနေသေးဗျာ။ ပြီးတော့ ဒကာကြီးတို့





စာရေးဆရာတွေများ အရက်မပါရင်တောင် ထန်းပင်လေးတော့ပါလိုက်ရမှကိုးဗျ" တဲ့။ မှတ်ကရော်ပါပဲ။

နောက်. . အတွေ့အကြုံတစ်ခု။ ပန်းချီဆရာ သူငယ်ချင်းတစ်ယောက်က သူ့တူမင်္ဂလာဆောင်မှာ ဩဘာဖတ်ပေးဖို့ဆိုပြီး ဖိတ်ကြားတာပါပဲ။ သူကတော့ စာရေးဆရာဆိုတဲ့ ဂုဏ်ကို တည်ပြီး မင်္ဂလာစကားပြောခိုင်းတဲ့ သဘောပါ။ ဒါပေမယ့် ရန်ကုန်မြို့တော်ဟိုတယ်မင်္ဂလာပွဲဆိုတာက နယ်မင်္ဂလာပွဲတွေထက် အဆာပလာပိုများပါတယ်။ ပန်းကုံးစွပ်တာ၊ လက်စွပ်လဲတာ စတဲ့ ကိစ္စတွေကလည်း ပါလိုက်သေးတယ် မဟုတ်လား။ မင်္ဂလာစကားပြောရမယ့်သူရဲ့ အဝတ်အစားကအစ တော်တော်ခမ်းနားရပါတယ်။ တစ်ခါတရံ သတို့သားထက်ပိုပြီး ဒွါဒယာတွေ စုံရတာပါ။ ပြောရာဆိုရာမှာလည်း ပါဠိပတ်သားဂါထာတွေအပြင် 'ဥုံ' တို့၊ 'ဩောင်း' တို့ စတဲ့ ဟိန္ဒူအငွေ့အသက်တွေလည်း ရောရ ညှပ်ရသေးတာကလား။ ကျွန်တော် ဘယ့်နှယ့်တတ်နိုင်ပါ့မလဲ။ ကုန်ကုန်ပြောကြကြေး။ မင်္ဂလာဆရာဆိုတာ ရုပ်ရည်ခန့်ညားပြီး ဥပဓိကောင်းရပါမယ်။ ကျွန်တော့်မှာ အဲဒီတစ်ချက်နဲ့တင် ပက်လက်လန်နေပါပြီ။ ဒါပေမယ့်ပေါ့လေ 'မပြေးသော်ကန်ရာရှိ' သူငယ်ချင်းမို့ ကူညီပေးလိုက်ရပါတယ်။ 'ဥုံ' လည်းမခံ၊ ဂါထာလည်း မရွတ်ဖတ်ဘဲ ရိုးရိုး မြန်မာဘာသာနဲ့သာ မင်္ဂလာစကားကို ပြောရတာပေါ့လေ။ ဒါပေမယ့် ကိုယ်က ဆရာလုပ်ရတဲ့ ပွဲဆိုတော့ နည်းနည်းဖြစ်ဖြစ် ကွန့်ရည်ကွန့်ရမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်တော်လည်း 'မင်္ဂလာ' ဆိုတဲ့ ပါဠိသက်စကားရဲ့ အဓိပ္ပါယ်ကို နည်းနည်းရှင်းပြီး မင်္ဂလာအခမ်းအနားမှာ မင်္ဂလာရှိစေဖို့ မင်္ဂလာစကားကို ,သတို့သမီး၊ သတို့သားတို့အတွက် တစ်သက်စာ သဘောထားပြီး ပြောရပါတယ်။ ထုံးစံအတိုင်းကိုပဲ ဗမာလိုပြောတာပေါ့လေ။ အဆုံးသတ်ကျမှ . . "ကျွန်တော်တို့ ကြားဖူးနားဝ ရှိနေတာက 'အာဝါဟ ဝိဝါဟ' မင်္ဂလာတစ်ပါးဆိုပြီး ထိမ်းမြားလက်ထပ်ခြင်းလို့ ဆိုတာပါ။ တကယ်တော့ ကျွန်တော် ဖတ်ဖူး မှတ်ဖူးသလောက်မှာ 'အာဝါဟ' ဆိုတာက 'သတို့သမီးကို သတို့သားအိမ် ပို့ဆောင်ခြင်း' ဆိုပြီး မင်္ဂလာတစ်ပါးပါ။ 'ဝိဝါဟ' ဆိုတာက 'သတို့သမီးရှိရာကို သတို့သားက လာရောက်ပြီး ခေါ်ဆောင်တာ' ဆိုပြီး မင်္ဂလာတစ်ပါးပါ။ အဲဒီတော့ အာဝါဟ ဝိဝါဟ ဆိုတာ မင်္ဂလာနှစ်ပါးပါဗျာ။ ဒါပေမယ့် အဲဒီမင်္ဂလာနှစ်ပါးစလုံးဟာ မြန်မာ့ရိုးရာမဟုတ်ပါဘူး။ ဟိန္ဒူရိုးရာပါ။ ဟောဒီမင်္ဂလာပွဲကတော့ သတို့သား အိမ်မှာလည်းမဟုတ်၊ သတို့သမီးအိမ်မှာလည်း မဟုတ်ဘဲ ကြားဒေသခံ ဟိုတယ်ကြီးမှာ ပြုလုပ်တာမို့ မူလ အာဝါဟဝိဝါဟ မင်္ဂလာထက် ပိုပြီး ခေတ်မီပါတယ်။ မြန်မာဆန်ပါတယ်။ အခွင့်အရေး မျှတပါပေတယ်လို့ပြောရင်း . . သတို့သား၊ သတို့သမီးတို့က ကျွေးမွေးညှို့ခံတဲ့ ခဲဘွယ်ဘောဇဉ်တို့ကို စားသုံးနိုင်ကြပါပြီ"

ဆိုပြီး စကားအဆုံးသတ်လိုက်ပါတယ်။

အဲ့ဒီမယ်၊ အမှတ်မထင်ဘဲ ဖြစ်သွားတာကတော့ ကျွန်တော့်စကားလည်းဆုံးရော ညှို့ပရိသတ်ကြီးက လက်ခုပ်ဩဘာတွေ ထပြီး တီးကြတာပါပဲဗျာ။ ကျွန်တော်လည်း အံ့ဩရတာပေါ့လေ။





ဘယ့်နှယ့် မင်္ဂလာစကားအဆုံးသတ်မှာ လက်ခုပ်ထတီးရသလဲလို့ပေါ့။

နောက်မှပြန်စဉ်းစားမိတာက ကျွန်တော်ဟာ မင်္ဂလာညှို့ခံပွဲမှာ စာပေဟောပြောပွဲလို စကားပြောမိနေပြီး ညှို့ပရိသတ်ကလည်း ကျွန်တော့်ကို မင်္ဂလာဘိသိတ်ဆရာထက် စာရေးဆရာအဖြစ် ယောင်မှား အသိအမှတ်ပြုလိုက်တာကိုး . . ရယ်လို့ပါပဲဗျို့။

*ပေါ်ပြူလာဂျာနယ်၊ ဇွန်လ၊ ၂၀၀၃*



www.burmeseclassic.com

www.burmeseclassic.com

# သတ္တမအာရုံ

သူငယ်ချင်းတစ်ယောက်၏သမီးလို့လည်း ပြောလို့ရသည်။

ကျွန်တော့်တူမ ဟုလည်း ဆိုနိုင်သော ဓကောင်မလေး တစ်ယောက်အကြောင်း ပြောချင်ပါသည်။ သူ့ဖခင်က ကျွန်တော့် သူငယ်ချင်း အင်ဂျင်နီယာဖြစ်ပြီး သူ့မိခင်က ကျွန်တော့်နှမဝမ်းကွဲ တော်စပ်ကာ ဆရာဝန်ဖြစ်သည်။

မိဘက ပညာတတ်များဖြစ်သောကြောင့် ကလေးမက သဘာဝအလျောက် ကျောင်းစာတော်သည်။ မျိုးရိုးဗီဇ ဆိုရပါမည်။ တစ်ဆက်တည်းမှာပင် သူငယ်မက ပညာလိုလားသော ဉာဏ်ပါလာသည်။ ပင်ကိုဗီဇက ကြိုးစားနိုးကြားသည်။ ကျောင်းစာရေပြင်ပစာမှာပါ လောဘကောင်ကလေး ကြီးသည်။ သည်ကြားထဲ





မိဘက လိုအပ်သည်ထက်ပိုပြီး သမီးကို ပညာတတ်စေချင်နေပြန်သည်။ ကလေးမသည် ခုနှယ်ခါ ခုနှစ်တန်း ရောက်နေပါပြီ။ မူလတန်းမှ အခု သတ္တမတန်းရောက်ပြီအထိ နှစ်တိုင်း ကျူရှင်ပေးသည်။ ဘာသာစုံ၊ အတန်းကျူရှင်ရော၊ ဝိုင်းရောအပြင် အိမ်မှာပါ ဆရာခေါ်သင်သေးသည်။ သမီးနှင့်အတူ စာကူကျက်ဖို့ သူငယ်ချင်းကလေး(၃)ယောက်ကို အိမ်အချိန်မှန်ခေါ်ယူကျွေးမွေးပြီး လေ့ကျင့်စေသည်။ သည်ကြားထဲ စာကျက်ပျက်လျှင် ရိုက်ချင်ချင်။

သည်မျှလောက် ကျွန်တော်က ပြောပြလျှင်ပင် 'လွန်လှချည်လား' ဟု ထင်ကောင်းထင်ကြပါမည်။ ကျွန်တော့်စကားကို ယုံလိုက်ပြီပဲ ထားကြပါစို့။ ဒီလောက် ကျောင်းပညာရေးမှာ အလေးပေးလွန်းလျှင် ပြင်ပစာပေကိစ္စကို ထုံးစံအတိုင်း ထိန်းကွပ်ကြမှာပေါ့ဟု ဆိုစရာရှိသည်။ မဟုတ်ရိုးပါ။ ပြင်ပ ဗဟုသုတစာပေတွေသာမက ရုပ်ပြစသော အပျော်ဖတ်စာပေများကိုလည်း ဖတ်စေပါသည်။ ကျွန်တော့်ထံ မကြာခဏ ဖုန်းဆက်ပြီး သမီးအတွက် ဘာစာအုပ်ကလေး ဖတ်ခိုင်းရင် ကောင်းမလဲဟု တကူးတကန့် အမေးပြုတတ်သည်။ သူ့သမီးရေးသော ကဗျာတစ်ထွာ တစ်ညိုများကို မိတ္တူကူးပြီး ပို့ပေးသည်။ ဝေဖန်ချက် ထောက်ခံချက်တောင်းကြသည်။ ကိုင်း. . ယုံတာမယုံတာအပထားလို့ ထိုလိုကလေးမျိုး ရှိမည်။ ထိုလိုမိဘမျိုး ရှိသည်ပဲဆိုကြပါစို့။ ဘယ်လောက်အားတက်စရာ ကောင်းသနည်း။ ဂုဏ်ပြုချင်စရာ ကောင်းသနည်း။ အတုယူဖွယ်. . အားကျဖွယ် မဟုတ်ပါလား။

\+ + + + +



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည် မိဖြူ ထားလိုက်ကြပါစို့။

ပြီးခဲ့သည့် ခုနှစ်တန်းစာမေးပွဲကြီး မကျင်းပမီ တစ်လလောက်အလိုမှာ သူတို့မိသားစု အိမ်ရောက်ချလာသည်။ ကလေးမကို အနီးကပ် ဘာသာစုံ လိုရင်းတိုရှင်း မေးမြန်းလိုသောကြောင့်တဲ့။ ကျွန်တော့်မှာကတော့ မိတ်ဆွေ ကျူရှင်ဆရာတွေ အလွန် ပေါမည် မဟုတ်လား။ ကျွန်တော်ကလည်း ဒီလို လောဘမျိုးတော့ ကြီးချင်သလောက် ကြီးပလေ့စေ သာဓုခေါ်သည်။ (တန်ဆေး လွန်ဘေး မဖြစ်ဒအောင်တော့ဖြင့် ဆိုရပြုရသည်ပေါ့လေ။) သည်လိုနှင့် ကျူရှင်ဆရာတွေ ရွေးချယ်ကြသည်။ ထိုအထဲတွင် ကျွန်တော်နှင့် မရင်းနှီးသော၊ နာမည်မျှ မကြားဖူးသော ကျူရှင်ဆရာတစ်ယောက် စာရင်းပါလာသည်။ (ဘာသာရပ်နှင့် ဆရာ့နာမည်ကို စာဖတ်သူအား မပြောတော့ပါ။) ဆရာကြွက်ချေး ဟုသာ မှတ်လိုက်ကြပါ။

ထို ဆရာကြွက်ချေးကိစ္စရောက်တော့ လင်မယား စကားအခြေအတင် ဖြစ်တော့သည်။

'အားနာစရာကောင်းမှာပေါ့' တဲ့ မယားသည်က။

'ပိုက်ဆံပေးတာပဲ' တဲ့။ လင်သည်က။

စာဖတ်သူ နားရှင်းအောင် ပြောရလျှင် မိဖြူ ခုနှစ်တန်းစတက်ကတည်းက ထိုဆရာထံမှာ ကျူရှင်ယူဖူးသည်။ သင်တန်းကာလကုန်သည်အထိ သို့သော် စောစောကပြောသလို ပညာလောဘကြီးသော သူ့တို့နှင့် သမီးက ထိုဘာသာရပ်ကို စာမေးပွဲအနီးကပ် မေးချင်မြန်းချင်သည်။ မသိတာလေးတွေ ကျက်ပြီး မေးချင်သည်။ သည်တော့ ဆရာကြွက်ချေးထံ သူတို့သွားကြသည်။





'ဆရာရယ် ဒါလေးတွေ နားမရှင်းဘူး' 'ဒါလေးတွေတော့ဖြင့် ဘယ်လို ကျက်ရမလဲ' စသဖြင့်ပေါ့။ ထိုအခါ ဆရာကြွက်ချေးက 'ဒါလေးများ တစ်ရက်အိမ်လာခဲ့ ရှင်းပြပေးမယ်. . အဲ. . တစ်ခုတော့ ရှိတယ်။ တစ်လခစာ ပေးရမယ်' တဲ့။

ထို့ကြောင့်ပင် အထက်ပါအတိုင်း လင်မယားနှစ်ယောက် အချီအချ ပြောဆိုဖြစ်သွားကြခြင်း ဖြစ်တော့သည်။

ကြားထဲက ကျွန်တော့်မှာတော့ 'ဩော်. . ဒီလိုဆရာမျိုးလည်း ရှိပါသေးလား။ ကျွန်တော်တို့ငယ်ငယ်က ကျောင်းဆရာတွေလို ပုံပြင်ဆုံးမပါ သွန်သင်ရလျှင် ဘယ်နှဆများ တောင်းမလဲမသိ' ဟူ၍သာ သက်ပြင်းချရတော့သည်။

\+ + + + +

သည်ကိစ္စက သည်တွင် ပြီးပါပြီဖြစ်မလာခဲ့ပေ။ ရင်ခလေးစရာကောင်းသော ဆရာတပည့် ဆက်ဆံရေး ယဉ်ကျေးမှုအတွက်ပါ ထိခိုက်စရာ ပေါ်လာပါသည်။

မနေ့က ကျွန်တော့်သူငယ်ချင်း အင်ဂျင်နီယာ(မိဖြူအဖေ)ထံ ကျွန်တော်သွားသည်။ ဆရာကန်တော့ပွဲသွားရန် သူ့ကို ဝင်ခေါ်ခြင်း ဖြစ်သည်။ ကျွန်တော်တို့ ငယ်ဆရာများကို ဦးချကန်တော့ပြီး ပစ္စည်းပစ္စယများ ထောက်ပံ့ရန်ဖြစ်သည်။

သူ့အိမ်ရောက်လို့ နှစ်ယောက်သား သပ်သပ်ရပ်ရပ် အ[illegible] အစားများနှင့် လက်ဆောင်ပစ္စည်းထုပ်များ သယ်ပိုးပြီး [illegible]ပေါ်တက်တော့ မိဖြူက အနားလာရပ်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖေကြီးတို့ကလည်း ဆရာကန်တော့ပွဲလုပ်ကြတာ စတိုင်လ် တစ်မျိုးဖြစ်နေပြီ။ ဟိုနေရာ ကန်တော့၊ ဒီနေရာ ကန်တော့နဲ့. . ပြီးခဲ့တဲ့လတွင် မေမေလည်း ဆရာကန်တော့ပွဲသွားပြီးပြီ. . မပြီးနိုင်ကြတော့ဘူးလား။ ပိုက်ဆံပေးလိုက်ရင် ပြီးတာပဲ' တဲ့။

မိဖြူပြောဆိုနေပုံမှာ သရော်တော်တော်မဟုတ်ပါ။ ဆန့်ကျင်ကန့်ကွက်နေတာလည်း မဟုတ်ပါ။ သူနှင့် မဆိုင်သောကိစ္စကို ဘာသိဘာသာ ပြောချလိုက်ခြင်းသာဖြစ်မှန်း သိသာလှသည်။ သတ္တမတန်း ကျောင်းသူလေးတစ်ယောက်၏ ရိုးသားပွင့်လင်းသော စကားမျှသာဖြစ်သည်။ သို့သော် ထိုစကားပြောဖြစ်ဖို့ အရင်းခံသော နှလုံးသား ဦးနှောက်တွင်မူ ကြွက်ချေးရောနေပြီမှာ သေချာလှ၏။

အလင်းတန်းဂျာနယ်၊ ဇွန်လ၊ ၂၀၀၃

# ခုံ

'ခုံ' ဆိုတာက တင်ပါးဖြင့်ထိုင်ရသော 'ခွေးခြေ'၊ 'ကုလားထိုင်' ကိုလည်း ပြောလို့ရသည်။ လက်တင်ရသော၊ ပစ္စည်းတင်အပ်သော 'စားပွဲ'၊ 'စာပွဲ' ဟုလည်း သုံးလို့ရသည်။ သီးခြားကိစ္စမရှိပါက 'ခုံ' ဟူ၍ပင် အလွတ်သဘော ပြောတတ်ကြသည်။ 'ဟဲ့. . ခုံယူလိုက်စမ်း' ဟု လူကြီးသူမတို့ ပြောဆိုခိုင်းစေကြရာတွင် ကျွန်တော်တို့သည် လက်ညှိုးညွှန်ရာ ကုလားထိုင်၊ ခွေးခြေ၊ စားပွဲတစ်ခုခုကို ယူပေးရမှန်း နားလည်ပြီးသား ဖြစ်သည်။

ငယ်စဉ် ကျောင်းနေရွယ် အတန်းထဲ ကိုယ့်ခုံနှင့်ကိုယ် ထိုင်ရတာ အလွန်သဘောကျသည်။ ဆရာနှင့် နီးခြင်း၊ ဝေးခြင်းထက်တော့ ပညာသင်လိုစိတ် ဝင်စားခြင်း၊ မဝင်စားခြင်းပေါ် မူတည်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



လေ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ခုံနှင့်ကိုယ် ဖြစ်လာသောအခါ ထိုဖင်တစ်နေရာစာကလေးသည် ငယ်ဘဝ၌ အလွန်မြတ်နိုးဖွယ် ဖြစ်ခဲ့ရလေသည်။ တန်းကျောင်းမှာဖြစ်သောကြောင့် စည်းကမ်းတကျနေရာ အသေရခဲ့သည်။ ဒါတောင် ကျောင်းသားသစ် ရောက်လာလို့။

\+ + + + +

အိမ်မှာတော့ကောတဲ့. . ။

ကျွန်တော့်မိဘများသည် (အထူးသဖြင့် မိကြီးမိထွေးများသည်) ရှေးရိုးနည်းနည်းဆန်သည်။ မိသားစုထမင်းဝိုင်းကို စနစ်တကျထားသည်။ အချိန်မှန် စားသောက်စေသည်။ ညီအစ်ကိုတစ်စုတစ်ပြိုင်တည်း ဝိုင်းဖွဲ့စားသောက်ရသည်။ ကိုယ့်နေရာနှင့်ကိုယ်ဖြစ်သည်။ အိမ်က ထမင်းစားပွဲက ရှေးမြန်မာပုံစံဖြစ်သည်။ ကြမ်းပေါ်ဖျာခင်းပြီး ဝိုင်းထိုင်စားရသော အမျိုးအစားဖြစ်သည်။ ထိုထိုင်ဝိုင်းမှာပင် ကျွန်တော်တို့ညီအစ်ကိုတွေ တကျက်ကျက် ဖြစ်သည်။ အထူးသဖြင့် နေရာမက်သော ကျွန်တော်ကချည်း ပွဲ့စတာဖြစ်သည်။

ကျောင်းက ပေးသော အိမ်စာကိုတော့ ကိုယ့်စားပွဲနှင့် ကိုယ့်ကုလားထိုင်ဖြင့် အဖေက စီစဉ်ပေးခဲ့သည်။ အတန်းနှင့် အသက်အရွယ်အလိုက်ပေါ့လေ။ သည်လိုဖြင့် ကိစ္စပြီးရောတဲ့လား။ မဟုတ်ပေ။ ကိုယ့်နေရာကိုယ်မက်သော ကျွန်တော်သည် အစ်ကိုနှင့်ညီများ၏ နေရာတွေကိုလည်း လစ်လျှင်လစ်သလို ဝင်ထိုင်တတ်သည်။ သူရို့စားပွဲတွေက သန့်ရှင်းသပ်ရပ်တာကိုး။ ကျွန်တော့်စားပွဲပေါ်မှာ





ကကျောင်းစာအုပ်အပြင် ကစားစရာများ၊ သံတိုမယ်နများကလည်းရှိနေသေးသည်မဟုတ်လား။ သည်တော့လည်း ပြဿနာဖြစ်ရတော့တာပေါ့။ ဒါပေမယ့် ကျွန်တော့် စာရေးစားပွဲနှင့် ကုလားထိုင်ကိုများ သူရို့ တစ်ခါတလေ မလွှဲသာ ယူသုံးပြီဆိုလျှင် ကျွန်တော် ဆတ်ဆတ်ခါ' နာတော့သည်သာ။

စက်မှုကျောင်း ရောက်တော့ အထက်တန်းဆိုပေမယ့် တက္ကသိုလ်မှာကဲ့သို့ပင် သင်ရကြားရသည်။ စာတွေ့ရော လက်တွေ့မှာပါ နေရာအတည်တကျ မထားပေ။ စည်းကမ်း မသတ်မှတ်သော်လည်း ကိုယ့်ဟာသာကိုယ် နေရာယူတတ်ကြသည်။ သည်မှာလည်း ကျွန်တော်သည် ကိုယ့်စားပွဲ၊ ကိုယ့်ကုလားထိုင်ကိုပဲ အမြဲရယူနိုင်ဖို့ကြိုးစားခဲ့သည်။ စောစောစီးစီး နေရာဦးခြင်းရော၊ ပစ္စည်းတစ်ခုခုကြိုတင်ချထားခြင်းဖြင့်ပါ မသမာနည်းသုံးခဲ့သည်။ စားပွဲခုံပေါ်တွင် 'အသည်းမှာ မြားစိုက်နေပုံ' စသည့် ရုပ်ပုံများခြစ်ဆွဲပြီး လက်မှတ်ထိုးထားတတ်သည်။ တစ်ခါတရံ မတတ်သာလို့ ကျွန်တော့်ခုံမှာ အခြားကျောင်းသားလာပြီး အလုပ်လုပ်နေလျှင် သူငယ်ချင်းချင်းပေမယ့် ကျွန်တော်အားမနာ၊ ချက်ချင်း ဖယ်ခိုင်းလိုက်သည်သာ။

\+ + + + +

လုပ်ငန်းခွင်သို့ဝင်သောအခါ ကျွန်တော်က တတ်သည့်ပညာဖြင့် လုပ်ကိုင်စားသောက်မရခဲ့ပေ။ သိကြသည့်အတိုင်း အနုပညာသည် ဖြစ်လာသည်။ ရုံးသုံးစားပွဲကုလားထိုင် ကျွန်တော့်အတွက်မလိုအပ်ပေ။ အဖေ့လုပ်ငန်းများလုပ်ရန် အဖေ့စားပွဲကိုသာ သုံးခဲ့ရ၏။ စာရေးတော့ရောတဲ့။ ပြောလျှင် ထိုမှာမဟုတ်၊ သည်ကနေ့



www.burmeseclassic.com

www.burmeseclassic.com



အထိ ကျွန်တော့်မှာ စာရေးစားပွဲ မရှိခဲ့ဖူးပါ။ ကျွန်တော့်ဖခင်၏အတူ ယူပြီး ပေဒင်ခုံကလေးဖြင့်သာ စာရေးဆရာဘဝ ရောက်ခဲ့ရ၏။ ခုနောက်ပိုင်း မှန်ပြားတစ်ချပ်နှင့် ဝါးပက်လက်ကုလားထိုင်တစ်လုံး ရှိလျှင် လုံလောက်နေပေပြီ။ 'ရွှေ့လျား စားပွဲကုလားထိုင်'။ မိုးရွာလျှင် ဆင်ဝင်အောက်မှာ၊ နေသာလျှင် မန်ကျည်းပင်ရိပ်။

တလောဆီကတော့ ဟိုးငယ်ငယ် ဝလုံးတန်းက သုံးခဲ့သော စားပွဲကုလားထိုင်တွဲလျက် ခေါက်ခုံကလေး ဂိုဒေါင်ထဲမှ ပြန်တွေ့သည်။ ဝမ်းသာလိုက်တာလေ။ အိပ်ရာဘေး ယူချထားပြီး အိပ်ရာဝင်ဖတ်ဖို့ စာအုပ်တွေတင်ထားလိုက်တော့သည်။

ထိုခေါက်ခုံကလေးကို သမီးငယ်က သစ်ပင်အောက်မှာ သွားပြီး အိမ်စာတွေလုပ်ချင်လို့ဟု တောင်းတော့ နှမြောမိသေး၏။ 'ဟဲ့. . ဒီခုံက အဖေ့မြေးဦးရရင် ကျောင်းစာလုပ်ဖို့နော်၊ ရိုရိုသေသေသုံး' ဟု မနာလိုဝန်တို စကားဆိုဖြစ်အောင် ဆိုလိုက်မိသေးသည်။

\+ + + + +

နံနက်တိုင်း ညီ ကိုရှုပ၏ လက်ဖက်ရည်ဆိုင်မှာ ထိုင်ခဲ့တာ နှစ်ပေါင်းမနည်းတော့ပေ။ ကိုရှုပ၏ ငွေရှင်းစားပွဲနှင့် အနီးဆုံးဝိုင်းမှာ နေရာယူပါသည်။ သံတံခါးပေါက်ကို ကျောပေးမှီထိုင်ရသော ခုံတွင်ပင် ထိုင်ပါသည်။ ဘာမျှ ထူးခြားမှုမရှိသော်လည်း ထိုဝိုင်း၊ ထိုခုံမှာပင် ထိုင်လာခဲ့တာလည်း နှစ်ပေါင်း မနည်းတော့ပြီ။ ကျွန်တော်တို့ဝိုင်းမှာက ကျွန်တော်၊ ကျွန်တော့်ဝဲဘက်မှာက ယောက်ဖ ဆရာဝန်၊ သူ့ဝဲဘက်မှာတော့ မြန်မာ့ထီး စက်ရုံမှ



အရာရှိ။ သူ့ဘေးကျတော့ ဘောလုံးဒိုင်လူကြီး။ ဒိုင်လူကြီး၏ဝဲဘက် ကျွန်တော့်ညာဘက် ပြန်ပြီးကျလာသူကတော့ ရပ်မိရပ်ဖ လူကြီးတစ်ဦး။ ဒါသည် ကျွန်တော်တို့ နံနက်ခင်းဝိုင်း။ ကျွန်တော်တို့၏ နေရာ၊ ကျွန်တော်တို့၏ 'ခုံ'။

ထိုအစီအစဉ်အတိုင်း ဝိုင်းထိုင်လာခဲ့ကြသည်မှာလည်း နှစ်ပေါင်း မနည်းတော့ပါ။ ဆိုင်ရှင် ကိုရှုပကရော၊ ကျွန်တော်တို့ကပါ အလိုလို စည်းကမ်းသတ်မှတ်ထားပြီးသလို ဖြစ်နေပါပြီ။

အခြားစားသုံးသူများ မရှိလျှင် ထိုထိုင်ခုံများမှာပင် ကိုယ့်နေရာကိုယ် ထိုင်ကြမြဲ။ အဲ. . တစ်ဝိုင်းလုံး လူမစုံလျှင်လည်း သူ့နေရာ ကိုယ်ထိုင်ဆိုတာမျိုးမရှိ။ လွတ်သည့်ခုံကို သည်အတိုင်း ဗလာထားခဲ့သည်။ ကုန်ကုန်ပြောကြကြေး တစ်ဝိုင်းလုံးမှာ တစ်ယောက်တည်းရှိနေသည့် အခါမှာပင် ကိုယ့်ခုံမှာပင် ကိုယ်ထိုင်နေခဲ့သည်။ ကျန်လူများလည်း သည်အတိုင်းပင်။ တစ်ခါတရံ စားသုံးသူစိမ်းစိမ်း တစ်ယောက်တလေများ ကျွန်တော့်ခုံမှာ ဝင်ထိုင်နေတာနှင့်ကြုံလျှင် နံဘေးနားကပ်ပြီး အလကားနေရင်း စိတ်တိုနေတတ်သေးသည်။

ထူးခြားတာတစ်ခု ပြောပြချင်သည်။ 'ကိုညိုမောင်' ဆိုတာ ရှိသည်။ သူက လက်ဖက်ရည်ဆိုင်သို့ အစောဆုံးရောက်သူ ဖြစ်သည်။ ဆိုင်မဖွင့်မီကပင် သူက ရောက်နေတတ်သည်။ ကြုံရာနေရာမှာ ထိုင်သည်။ သို့သော် ကျွန်တော်တို့ဝိုင်းမှ တစ်ယောက်ယောက် ရောက်လာလျှင် သူက ကပ်လျက်ခုံမှာ လာထိုင်သည်။ ပ[illegible] စကား ပြောသည်။ သို့ရှိစဉ် ကျွန်တော်တို့ဝိုင်းမှ ခုံရှင်တစ်ယောက် ယောက် ရောက်လာပြီ ဆိုပါတော့။ သူထိုင်နေမိသော ခုံကလည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုရောက်လာသူ၏ ခုံဖြစ်နေသည်ဆိုပါစို့။ သူက ချက်ခြင်း ခုံပြောင်းသည်။ သည်လိုပဲ နောက်တစ်ယောက် ရောက်လာလျှင် ထပ်ပြီး နေရာရွှေ့ပေးသည်၊ လေးလေးစားစားနှင့်ပင်။ ရောက်လာသူ ခပ်လှမ်းလှမ်းကတည်းက နေရာဖယ်ဖို့ အသင့်ပြင်ပြီး ဖြစ်နေပါသည်။

ကျွန်တော်တို့ဝိုင်း လူမပြည့်မချင်းတော့ သူက တစ်ခုံခုံမှာ ထိုင်ပြီး ပြောသမျှစကားတွေ နားထောင်ပေးသည်။ စကား သိပ်မပြောပေ။ ကျွန်တော်တို့ဝိုင်း လူပြည့်ပြီဆိုလျှင်တော့ ကိုညိုမောင်သည် အခြားခုံလွတ်တစ်လုံး သွားဆွဲယူပြီး ဝိုင်းဘေး မလှမ်းမကမ်းမှာ ထိုင်တော့သည်။ တစ်ခါသားတော့ ကျွန်တော်က 'ဘယ့်နှယ် ကိုညိုမောင် ငယ်တုန်းကကော ရည်းစားတွေ ဒီလိုပဲ ရှောင်ဖယ်ပေးတာပဲလား' ဟု မေးသောအခါ သူက ရိုးရိုးကြီးပဲ ပြုံးပါသည်။ ကိုညိုမောင်က ခုထိ လူပျိုကြီး။

အလင်းတန်းကျွာနယ်၊ ဇူလိုင်လ၊ ၂၀၀၃

# သူငယ်ချင်းကောင်း ယောက်မတို့လေ

ကျွန်တော့်မှာ 'အမျိုးသမီးမိတ်ဆွေ' တစ်ယောက်ရှိပါတယ်။ 'မိတ်ဆွေအမျိုးသမီး' ဟု ခေါ်ဆိုက ပို၍ သဘာဝကျပါလိမ့်မယ်။ သူနှင့်ကျွန်တော်က အိမ်ထောင်သည်ဘဝ ကိုယ်စီရကြမှ စတင်ခင်မင်ခဲ့ကြသောကြောင့်ဖြစ်၏။

ဖယားချပြီးပြောရလျှင် မိတ်ဆွေတို့ဝတ္တရား တစ်ယောက်ယောက် အကူအညီပေးကြရာ၌ သူက အကြိမ်အရေအတွက် ပိုများပါသည်။ ပြောရလျှင် မလိုအပ်ပါဘဲလျက်လည်း သူ့စိတ်ကူးတည့်လျှင် အလိုအလျောက် ကူညီတတ်သူဖြစ်ပါသည်။ ကျွန်တော်အလိုအပ်လွန်းပါမှ အကူအညီ တောင်းတတ်သူဖြစ်လေရာ သူ့ဘက်က




www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေလွန်းတော့ အနေရခက်သည်။ ကျွန်တော့်မှာ မလိုအပ်ဘဲ ကူညီတာတွေ ခဏခဏပေးတော့လည်း စိတ်တိုရသည်အထိပင် ဖြစ်ရသည်။ ဥပမာ ရုံးပြင်ကနားကိစ္စမျိုး မဘော်တဆ သူ့ရှေ့ပြောမိလျှင် ထိုကိစ္စအတွက် ရုံးသို့သွားသောအခါ ထိုအရာရှိထံ သူက ကြိုတင်အကြောင်းကြားပြီး ဖြစ်နေတာမျိုး ကြုံရသည်။ သူ့မှာက အပေါင်းအသင်း အလွန်များလေသည်။ ကျွန်တော့်လိုလူထက်ပင် သူက ပိုနေသည်။

သူ့ဘက်က ကျွန်တော့်ထံ အကူအညီတောင်းတာ အလွန်နည်းသဖြင့် အလိုလို အားနာနေရသည်။ ကြွေးတင်နေသကဲ့သို့ ခံစားရသည်။ ထို့ကြောင့် သူ့မှာ တစ်စုံတရာ အကူအညီ လိုအပ်ပြီဆိုလျှင် ကျွန်တော်က မဖြစ်မနေ မဆိုင်းမတွ ကူညီရသည်။

ခက်တာက သူတောင်းသော အကူအညီမျိုးမှာ ကျွန်တော့်အဖို့ အသေးအဖွဲဖြစ်နေလွန်းတတ်ခြင်းပင်။ သဘောမှာ ကျွန်တော့်မျက်နှာ၊ ကျွန်တော့်လုပ်ငန်း၊ ကျွန်တော်ကိုယ်တိုင်လုပ်ပေးမှ ရတတ်သော အကူအညီမျိုးမဟုတ်ဘဲ သူ့ဘာသာသူ လုပ်လိုက်လျှင် သို့မဟုတ် ကျွန်တော့် ဇနီးလုပ်ပေးလိုက်ရုံဖြင့် ပြီးနိုင်သော ကိစ္စမျိုးကို ကျွန်တော်လုပ်ပေးမှ ကျေနပ်တတ်ခြင်းမျိုးဖြစ်သည်။

အဆိုးရွားဆုံးမှာ သူသည် ကျွန်တော် ဝါသနာမပါသော 'ရိုးရာ' ကိစ္စများတွင် ကျွန်တော့်ကို ဖိတ်ဆွဲခေါ်တတ်သော 'မျက်နှာပြအကူအညီ' မျိုး တောင်းခြင်းဖြစ်သည်။ 'ရိုးရာ' ဆိုရာတွင် မြန်မာ့ရိုးရာမဟုတ်ပါ။ သူ့ရိုးမိသားစုနှင့်ဆိုင်သော ဘိုးဘွားစဉ်ဆက် ရိုးရာကိစ္စများ ဖြစ်ကြပါသည်။ ဗေဒင်ယတြာကိစ္စ၊ နတ်ပွဲ၊ ဘိုးတော်





ဘွားတော်များကိစ္စ စသဖြင့် ဖြစ်ပါသည်။ ထိုကိစ္စမျိုး ပေါ်တိုင်း သူက ကျွန်တော့်ကို မော်တော်ကားအကူအညီ တောင်းတတ်သည်။ ကျွန်တော်နှင့် တွဲသွားတွဲလာ လုပ်ပြချင်သည်။ ကျွန်တော့်မှာ ထိုအခါမျိုးတွင် အကြောင်းအမျိုးမျိုးပြပြီး ဆယ်ခါ့ရံတစ်ခါ ဖြစ်အောင် ရှောင်ရတိမ်းရသည်မှာ အမောပင်။ စိတ်လည်းမကောင်း။ 'ဩော်. . သူ့ခမျာ ငါ့မျက်နှာပြစေချင်တာ၊ ငါ့မှာလည်း ဒီအတွက်ပဲ့ပါသွားတာမှ မဟုတ်ဘဲ' ဟူ၍ ဖြစ်ရသည်။

ထိုအတိုင်းပင် သူနှင့် ကျွန်တော်နှင့်ပတ်သက်သည့် သာရေးနာရေးကိစ္စများကြုံတိုင်းလည်း ကျွန်တော့်ကို အတူသွားဖို့ ခေါ်တတ်သည်။ ကျွန်တော်က မော်တော်ကားမအားဟု အကြောင်းပြလျှင် သူ့ကားဖြင့် ဝင်ခေါ်သည်။ သူ့ယောက်ျား ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဖြစ်သည်။ သူ့လို အပေါင်းအသင်းများသူအဖို့ အလှူမင်္ဂလာဆောင်နှင့် အသုဘဆိုတာ တစ်လ ဘယ်နှစ်ကြိမ် ရှိမည်ကို စဉ်းစားသာ ကြည့်ကြပါတော့။

သို့သော် ပွဲတိုင်းပွဲတိုင်းတော့ ကျွန်တော့်ကို 'မျက်နှာပြ အကူအညီ' မတောင်းတတ်ရှာပါ။ တစ်နှစ်လျှင် အလှူမင်္ဂလာ လေးငါးဆယ်ပွဲနှင့် အသုဘ သုံးလေးကြိမ်လောက်တော့ ကျွန်တော့်ကို အဖော်စပ်တတ်ပါသည်။ အလှူ မင်္ဂလာဆောင်မှာ တေးသီဆိုပေးရတာမျိုးကျတော့ ကျွန်တော်က မငြင်းပေ။ အကူအညီပေးရာရောက်သဖြင့် သူမျက်နှာရစေပါသည်။ အသုဘကိုတော့ တတ်နိုင်သမျှ ရှောင်ပါသည်။ ကိုယ့်မျက်နှာသိ မဟုတ်သော အသုဘမျိုး အဘယ်မျက်နှာနှင့် ကျွန်တော်သွားရပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



တလောကတော့ သူက ဖုန်းဆက်ပြီး ချိန်းသည်။ သူရို့လင်မယား အသုဘတစ်ခုသွားမှာမို့ ကျွန်တော်တို့လင်မယားပါ လိုက်ခဲ့ပါရန်တဲ့။ အသုဘရှင်နာမည်မေးလိုက်တော့ ကျွန်တော်နှင့်ပါ ပတ်သက်နေသူမို့ ဝမ်းသာအားရ လက်ခံလိုက်သည်။ ကျွန်တော် မသိလိုက်သော ကိစ္စဖြစ်နေသဖြင့်လည်း ကျေးဇူးတင်ရသည်။ သို့နှင့် သူရို့ကားဖြင့်ပင် ဝင်ခေါ်ရန် မှာရသည်။ အေးဘုံ တခြားအလုပ်ရှိနေတာကြောင့် ကျွန်တော်တစ်ယောက်တည်း လိုက်သွားသည်။ ထုံးစံအတိုင်းပါပဲ။ အသုဘရှင့်တွေကို အားပေး။ တရားပေး။ မိတ်ဆွေသင်္ဂဟများနှင့် အလ္လာပသလ္လာပ ပြော။ သူကလည်း ထုံးစံအတိုင်း "ဒါ. . ကိုသုမောင်လေ" ဟု မိတ်ဆက်ပေး။ သိသူရော၊ မသိသူရော။

အဲ. . အပြန်ကျမှ ကျွန်တော် ခံရတော့သည်။ "ကိုဗလကြီး ခဏလေးနော် ကားရေဝင်ဆေးချင်လို့" တဲ့။ "မကြာပါဘူး၊ ကျွန်မ သူငယ်ချင်း ဆိုင်ပါ" ဆိုသဖြင့် စိတ်တိုလုလုကို လျှော့ချပစ်ရသည်။

တကယ်လည်း ရေဆေး ဆီထိုးဆိုင်ရောက်တော့ သူ့ကားကို ချက်ချင်း ဦးစားပေးပြီး ရေဆေးသည်။ ကျွန်တော်နှင့် ဆိုင်ရှင်ကို မိတ်ဆက်ပေးပြန်သဖြင့် အချိုရည်ပင် သောက်လိုက်ရသည်။ "မင်းသားကြီးကလည်း ရေဆေးဆီထိုး လာလုပ်ပါ၊ မေတ္တာနဲ့ ကူညီပါ့မယ်" ဆိုသည့် ပဋိသန္ဓာရပင် ရလိုက်သေး၏။ ကိစ္စပြီးလို့ ပြန်ထွက်လာကြတော့ နောက်တစ်မျိုးစပြန်သည်။ "ကိုဗလကြီးရေ ခဏလေးနော်၊ အဝတ်အစားတွေ လောင်ဒရီ(အဝတ်လျှော်ဆိုင်) ဝင်ပို့ချင်လို့ သူငယ်ချင်းဆိုင်ပါ"





"အိမ်မှာ အဝတ်လျှော်စက် မရှိဘူးလား" နည်းနည်းတော့ စိတ်မရှည်သံ ပါသွားသည်။

"ရှိတော့ရှိပါတယ်၊ ဒီအဝတ်တွေက အသုဘပြန်မို့ အိမ်မှာ မလျှော်ချင်ဘူး။ တခြားအဝတ်တွေနဲ့ ရောမလျှော်ချင်ဘူးလေ" တဲ့ဗျာ။

သည်တော့မှ ကျွန်တော်သဘောပေါက်တော့သည်။ စောစောက သူ့မော်တော်ကား ရေဝင်ဆေးသည့်ကိစ္စလည်း ဒါကြောင့်ကိုး။ ခုတော့ ကားတွင်မက အဝတ်အစားပါ လောင်ဒရီမှာ တကူးတကန့် လျှော်ပစ်သည်ဆိုတော့ လွန်လွန်းပြီဟု ကျွန်တော်ထင်သည်။

သူသည် ကျွန်တော့်သူငယ်ချင်းဆိုလျှင် ကျွန်တော် ပိတ်ပြီး ပြောမိမှာပင်။ ခုတော့ မိတ်ဆွေအဆင့်ဆိုတော့ အားနာရသည်။ သို့သော် တစ်ခုခုတော့ ကသိကအောက်ဖြစ်အောင် လုပ်ချင်နေသည်။

ကျွန်တော်က ဖြတ်ထိုးဉာဏ်ကောင်းသူဖြစ်သလို ကျွန်တော် လမ်းကြုံလုပ်လိုက်သော ကိစ္စများသည်လည်း အလွန်းသင့်တတ်သည့် ကံက ပါလာသည်။ ခုလည်း လိုက်ပို့ခဲ့သည့် အသုဘနာမည်က 'ဒေါ်အမီနာ'။ ကျွန်တော်ငယ်စဉ်က အမေ ကျောင်းသွားချိန်နို့ဆာလျှင် ကြားဖြတ်နို့ တိုက်ပေးသော ကွမ်းယာသည် ကုလားမကြီးတစ်ယောက် ရှိခဲ့သည်။ (ထိုအကြောင်း ဝတ္ထုရေးဖူးသည်)။ နို့တိုက်အမေကလည်း 'အမီနာ' ပင်။ သူကတော့ ကွယ်လွန်ခဲ့ရှာပြီ။ သူ့သမီး ကျန်ခဲ့သည်။ ကျွန်တော်နှင့်ရွယ်တူ။ တောင်ဥက္ကလာပ ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းတွင် ခိုကပ်နေပြီး ဝေယျာဝစ္စ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရင်း လမ်းဘေးဈေးရောင်းသူ။ ဖျတ်ကနဲ သတိရမိပြီးသည်။ အကွက်ကလည်း ဝင်သွားသည်။ ဒါနဲ့ပြုရာလည်း ရောက်သည်။ ထို့ကြောင့် ထိုအကြောင်းကို မဆီမဆိုင် ကျွန်တော် ပြောပြလိုက်သည်။ သည်တော့လည်း ချက်ဆိုနားခွက်က မီးတောက်သော ကျွန်တော့်မိတ်ဆွေအမျိုးသမီးက "ဟာ. . ဒါဆို ဒီဝတ်အစားတွေ သူ့ဆီ တစ်ပါးတည်း ဝင်လှူလိုက်မယ်။ လမ်းသာပြပေး" ထိုစကား ကြားရတော့ "အင်း. . သူ. . ခဏခဏ အသုဘသွားပါစေ" ဟု ဆုတောင်းမိပြန်သည်။ အနည်းဆုံး သူနှင့်နီးစပ်သည့် မရှိဆင်းရဲသားတွေကို သူ ပေးကမ်းထတ်သာလိမ့်မည်။

ပေါ်မြူလာကျွနယ်၊ ဩဂုတ်လ၊ ၂၀၀၃





BURMESE CLASSIC
www.burmeseclassic.com